## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

## (၂၁) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

## (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၁ ဦး တက်ရောက်ပါတယ်။ အစည်း အဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၉.၄၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမကြိမ်ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၄-၈-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော်ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၈၁ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၄၅ ဦးအနက် ၁၈ ဦးကတော့ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၂၇ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၃ ရက်၊

(၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၃ ရက်၊

(၃) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၃ ရက်၊

(၄) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၅) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၃ ရက်၊

(၆) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၃ ရက်၊

(၇) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၈) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၉) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၀) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၃ ရက်၊

(၁၁) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၃ ရက်၊

(၁၂) ဆောမဲဆန္ဒနယ်မှ ဦးဋ္ဌေးမောင် ခွင့် ၁ ရက်၊

(၁၃) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁ ရက်၊

(၁၄) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် (ခ) ဦးဆောင်ဆီ ခွင့် ၁ ရက်၊

(၁၅) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊

(၁၆) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၇) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း ခွင့် ၁ ရက်၊

(၁၈) ပေါင်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၁၉) ပုဗ္ဗန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၃ ရက်၊

(၂၀) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မွန်း ခွင့် ၃ ရက်၊

(၂၁) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊

(၂၂) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၁ ရက်၊

(၂၃) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၃ ရက်၊

(၂၄) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၃ ရက်၊

(၂၅) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁ ရက်၊

(၂၆) လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်နှင့်

(၂၇) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေးအတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့ သတ္တမပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့အစီအစဉ်မှာ ပုံမှန်ရေးဆွဲတင်ပြခဲ့တဲ့အစီအစဉ်မျိုးမဟုတ်ဘဲနဲ့ ပြည်ထောင်စုအစိုးရရဲ့မေတ္တာရပ်ခံချက်အရ တက်ရောက်မည့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများရဲ့အနေအထားပေါ် မူတည်ပြီးတော့ အခုလို မိမိတို့ရဲ့ (၂၁)

ရက်မြောက်နေ့အစီအစဉ်ကို ရေးဆွဲဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခုအစီအစဉ် ၅ ဆက်လက်ဆောင်ရွက်ပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှစတင်ဆွေးနွေးပြီး အတည်ပြုခဲ့တဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၂၆-၇-၂၀၁၃ ရက်နေ့တွင်ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၂၅-၇-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့်ပြန်လည်ပေးပို့လာတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေထားပါတယ်။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၉-၈-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအလိုက် အမည်စာရင်းပေးပို့ကြရန်တောင်းခံခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ကိုယ်စားလှယ်များတစ်ဦးမျှမရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက် ၆ ချက်အနက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်၊ အတည်ပြုချက်အတိုင်း ၂ ချက်ကို သဘောတူပြီး ၄ ချက်ကို ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာခြင်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် ၄ ချက်နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက လွှတ်တော်သို့ တင်ပြရန်ဖြစ်ပါတယ်။

**ဦးခင်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီဝင် ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းဖြစ်ပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် ၄ ချက်နှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့၏ ၉-၈-၂၀၁၃ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါတယ်။ ဤဥပဒေကြမ်းပါ အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်များကိုစိစစ်ခဲ့ကြရာတွင် ဥပဒေခေါင်းစဉ် ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၃၊ ပုဒ်မ ၄ တို့သည့် ဥပဒေရေးထုံးနဲ့ညီညွတ်စေရန်အတွက်လည်းကောင်း၊ အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန်အတွက်လည်းကောင်း ပြင်ဆင်ခြင်းဖြစ်ကြောင်းစိစစ်တွေ့ရှိရသဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း လက်ခံသင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်များဖြင့်ပေးပို့သော

ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဥပဒေကြမ်းကော်မတီကိုယ်စား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါကြောင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်အတိုင်း လက်ခံသဘောတူသင့်ပါကြောင်း ဥပဒေကြမ်းကော်မတီကတင်ပြလာပါတယ်။ ဒါကြောင့် ဒီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးအတည်ပြုရန် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့ အတွက် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်များသည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်မရှိပြန်လည်ပေးပို့သော မျက်စိလျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် အတည်ပြုရန်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ အရ အမျိုးသားလွှတ်တော်တွင်စတင်တင်သွင်းပြီး ပြင်ဆင်ချက် မရှိပြန်လည်ပေးပို့လာသော မျက်စိလျှုဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၈-၈-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိခဲ့ပြီး ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း သဘောတူကြောင်း ပြန်လည်အကြောင်းကြားလာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့လာသော မျက်စိလျှုဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးအတည်ပြုရန် လွှတ်တော်ရဲ့သဘောရယူပါ့မယ်။ ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် မျက်စိလျှဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှအတည်ပြုချက်ဖြင့်ပေးပို့သော ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင်စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုပေးပို့လာသော ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းကို ၇-၈-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ အရ ဒီဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံလေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်းအသိပေးတင်ပြအပ်ပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၇-၆-၂၀၁၃ ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့တွင် တင်သွင်းခဲ့တဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ဦးစွာ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာကို (၁) နိဒါန်း၊ (၂) ရည်ရွယ်ချက်၊ (၃) ကော်မတီ၏ လုပ်ဆောင်ချက်၊ (၄) ကော်မတီ၏ သုံးသပ်ချက်၊ (၅) နိဂုံးဟူ၍ ကဏ္ဍ ၅ ခု ခွဲခြားဖော်ပြထားပါတယ်။ နိဒါန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့အရ လွှတ်တော်ကို အစီရင်ခံစာတင်ပြခြင်းဖြစ်ကြောင်းဟူ၍

လည်းကောင်း၊ ရည်ရွယ်ချက်တွင် ပြည်ထောင်စုဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဌာနများမှ ဆောင်ရွက်ချက်များအား သိရှိနိုင်ရန် ဖြစ်ကြောင်းဟူ၍လည်းကောင်း၊ ကော်မတီ၏လုပ်ဆောင်ချက်မှာ အပိုင်း ၄ ပိုင်းခွဲခြားထားပါတယ်။ အပိုင်း(၁)မှာတော့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် လွှတ်တော်အတွင်း၌ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်း ၁၉၆ ခု အနက်မှာ ၈၈ ခု ကတိဖြစ်ခဲ့ပြီး၊ အဆို ၁၄ ခုအနက် အတည်ပြု ၅ ခု၊ မှတ်တမ်းတင်စောင့်ကြည့် ၄ ခု ရှိကာ ဆောင်ရွက်ချက်များကို ဖော်ပြထားကြောင်း။ အပိုင်း (၂)မှာတော့ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမပုံမှန်အစည်းအဝေးများတွင် ကတိဖြစ်ခဲ့သော မေးခွန်း ၃၅၂ ခု အနက်မှ မပြီးပြတ်သေးသော မေးခွန်း ၁၄၄ ခု၊ အတည်ပြုခဲ့သော အဆို ၆၆ ခုအနက်မှ မပြီးပြတ်သေးသော အဆို ၂၅ ခုရှိရာ ၎င်းတို့အပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများကဆောင်ရွက်ထားရှိမှု နောက်ဆုံးအခြေအနေအသေးစိတ်ကို ဖော်ပြထားပါတယ်။ အပိုင်း (၃) အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယ၊ စတုတ္ထ၊ ပဉ္စမပုံမှန်အစည်းအဝေးကာလများတွင် ကြယ်ပွင့်မပြမေးခွန်းများအနက် ကတိဖြစ်ခဲ့တဲ့ မေးခွန်း ၅၇၀ ခုနဲ့ ပတ်သက်ပြီးတော့ မပြီးပြတ်သေးတဲ့ လုပ်ငန်း ၄၇၀ ခုပေါ်မှာ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဖော်ပြထားပါတယ်။ အပိုင်း (၄)မှာ စတုတ္ထပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြ မေးခွန်း ၅၈၅ ခုအနက် ကတိဖြစ်ခဲ့သောမေးခွန်း ၃၁၄ ခုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖော်ပြထားကြောင်းဟူ၍လည်းကောင်း ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီလိုအပိုင်း ၄ ပိုင်း ခွဲခြားပြီး ဆောင်ရွက်တဲ့နေရာမှာ ကော်မတီ၏ သုံးသပ်ချက်တွင် မပြီးပြတ်သေးသောလုပ်ငန်းများကို ပြီးပြတ်အောင် ကော်မတီအနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းဌာနများသို့ စဉ်ဆက်မပြတ်ဆက်သွယ်ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုအဆင့် အကြီးအကဲများကိုယ်တိုင် တာဝန်ယူတာဝန်ခံစိစစ်ဖြေကြားခဲ့သဖြင့် ကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများ၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့်ညီညွတ်မှုရှိပါကြောင်းဟူ၍လည်းကောင်း၊ နိဂုံးပိုင်းတွင် ကော်မတီဆောင်ရွက်ချက်များသည် ပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များ သိသာထင်ရှားပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေးအား နောက်ဆုံးအခြေအနေထိဆောင်ရွက်မှုများအား ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတိုင်းတွင် လွှတ်တော်သို့ အစီရင်ခံလျက်ရှိပါကြောင်းဟူ၍လည်းကောင်း ဖော်ပြထားတာတွေ့ရှိရပါတယ်။ ဒီလိုဖော်ပြထားမှုများထဲမှာ ၉-၇-၂၀၁၂ ခုနှစ် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ကျွန်တော့်အနေနဲ့ မန္တလေးစက်မှုဇုန်ရှိ အရက်ချက်စက်ရုံ၊ သကြားစက်ရုံနှင့် အခြားစက်ရုံပေါင်းစုံမှ ညစ်ညမ်းစွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မများနှင့်အညီ ဆောင်ရွက်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်းအား

ပြည်ထောင်စုဝန်ကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးက စက်မှုဝန်ကြီးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့်အတူ ၎င်းရဲ့ဝန်ကြီးဌာနတို့ တစ်ပေါင်းတည်း ဖြေကြားခဲ့ပြီးတော့ ကတိများရရှိခဲ့ပါတယ်။ ကော်မတီ၏ များပြားလှသောလုပ်ငန်းများကြောင့် ကျွန်တော်ရဲ့မေးခွန်းနှင့်ပတ်သက်တဲ့ကတိများကိုတော့ ပါဝင်ခြင်းမရှိကြောင်းကို တွေ့ရှိရတဲ့အတွက် လာမယ့်လွှတ်တော်မစခင်မှာတော့ ကျွန်တော့်ရဲ့မေးခွန်းနှင့်ပတ်သက်တဲ့ ကတိများကိုလည်းပဲ ဆောင်ရွက်ပေးစေလိုကြောင်း ကျွန်တော့်အနေနဲ့ လေးစားစွာအကြံပြုတင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟာ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန်၊ ပဉ္စမပုံမှန်၊ ဆဋ္ဌမပုံမှန်အစည်းအဝေးများသို့ တင်သွင်းသည့် အစီရင်ခံစာ ၅ ခုထက် ယခု သတ္တမပုံမှန်အစည်းအဝေးသို့ တင်သွင်းတဲ့ ၆ ခုမြောက် အစီရင်ခံစာမှာ ထူးခြားချက်တစ်ရပ်ကို ဖော်ပြထားတာ သတိပြုမိပါတယ်။ အဲ့ဒါကတော့ အစီရင်ခံစာ စာမျက်နှာ ၄ အပိုဒ် ၆ မှာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆၊ ၉၈၊ ၁၀၀ အရ လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရဖွဲ့စည်းသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ထိရောက်မှန်ကန်စွာဆောင်ရွက်ထားခြင်းရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည့်အတွက် အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေများသို့ သွားရောက်စစ်ဆေးရန်လိုအပ်ပါက လွှတ်တော်ရုံး (ပြည်သူ့လွှတ်တော်)သို့ တင်ပြခွင့်ပြုချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်ဟု ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ အဲဒီဖော်ပြချက်ဟာ အစီရင်ခံစာမှာ တွေ့ရှိရတဲ့အတွက် လွန်စွာမှဝမ်းမြောက်မှုဖြစ်ရပါတယ်၊ လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မရှင်၊ ကော်မတီများဟာ ပေးအပ်သောတာဝန်ကို ထမ်းဆောင်မည်ဆိုပါက လွန်စွာအကျိုးသက်ရောက်မှုရှိနိုင်တယ်ဆိုတာ တွေ့မြင်ရတဲ့အတွက် ဖြစ်ပါတယ်၊ သက်ဆိုင်ရာလုပ်ငန်းအတွက် သက်ဆိုင်ရာဒေသများသို့ သွားရောက်စစ်ဆေးမည်ဆိုပါက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဆက်သွယ်ဆောင်ရွက်သင့်ပါကြောင်းနှင့် ကတိကဝတ်ကော်မတီ၏အင်အားဖြင့် လုံလောက်မည်မဟုတ်ပါသဖြင့် ၎င်းလုပ်ငန်းနှင့် ဆက်စပ်သည့် ကော်မတီအသီးသီးနှင့် ညှိနှိုင်းပြီး အမှန်တကယ် သွားရောက် စစ်ဆေးပြီး တွေ့ရှိချက်၊ သုံးသပ်ချက်များအား လွှတ်တော်သို့ ပြန်လည် ရှင်းလင်းတင်ပြစေသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ပြည်သူ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့်လုပ်ငန်းများ ထိရောက်

မှန်ကန်မှုရှိရေးအတွက် မဖြစ်မနေအားသွန်ခွန်စိုက် ဆောင်ရွက်သင့်သော လုပ်ငန်းဖြစ်ကြောင်း ကော်မတီအသီးသီးကလည်း ခံယူစေလိုကြောင်းလည်း တိုက်တွန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကတိဖြစ်တဲ့လုပ်ငန်း လက်ကျန်များစာရင်းကို လေ့လာကြည့်ရာ မေးခွန်း၊ ကတိပြု မေးခွန်း ကဏ္ဍအနေဖြင့် ဒုတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြကတိပြုလုပ်ငန်း ၁၈၇ ခု တွင် လုပ်ငန်းကျန် ၆၃ ခု ၂၉.၆၈ ရာခိုင်နှုန်း၊ တတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြ ကတိပြု လုပ်ငန်း ၆၈ ခုတွင် လုပ်ငန်းကျန် ၂၇ ခု ၃၉.၇၁ ရာခိုင်နှုန်း၊ ကြယ်ပွင့်မပြကတိပြု ၈ ခုတွင် လုပ်ငန်းကျန် ၆ ခု ၀.၇၅ ရာခိုင်နှုန်း၊ စတုတ္ထပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြကတိပြုလုပ်ငန်း ၅၆ ခု တွင် လုပ်ငန်းကျန် ၂၈ ခု ၅၀ ရာခိုင်နှုန်း၊ ကြယ်ပွင့်မပြကတိပြုလုပ်ငန်း ၃၁၀ ခုတွင် လုပ်ငန်းလက်ကျန် ၂၂၂ ခု ၇၁.၆၁ ရာခိုင်နှုန်း၊ ပဉ္စမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြကတိဖြစ်လုပ်ငန်း ၂၈ ခုအနက် လုပ်ငန်းကျန် ၁၇ ခု ၆၀.၇၁ ရာခိုင်နှုန်း၊ ကြယ်ပွင့်မပြ ၂၅၂ ခုမှ လုပ်ငန်းလက်ကျန် ၂၄၂ ခု ၉၆.၀၃ ရာခိုင်နှုန်းရှိနေတာကို အံ့သြဖွယ်ရာတွေ့ရှိရပါတယ်။

အဲဒါနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများ ထဲက ဘယ်ဟာတွေ လုပ်ငန်းလက်ကျန်များသလဲလို့ လေ့လာကြည့်တဲ့အခါ လုပ်ငန်းလက်ကျန်ပေါင်း ၁၀၄၉ ခုမှာ ပညာရေးဝန်ကြီးဌာနလုပ်ငန်းလက်ကျန် ၂၁၇ ခု ၂၀.၆၉ ရာခိုင်နှုန်း၊ ကျန်းမာရေးဝန်ကြီး ဌာန ၁၆၆ ခု ၁၅.၈၂ ရာခိုင်နှုန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ၁၄၈ ခု ၁၄.၁၁ ရာခိုင်နှုန်း၊ ဆောက်လုပ် ရေးဝန်ကြီးဌာန ၁၄၂ ခု ၁၃.၅၄ ရာခိုင်နှုန်းတို့ရှိတာကို တွေ့ရပါတယ်၊ လုပ်ငန်းလက်ကျန်ကိန်းဂဏန်း များအရ မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် လူမှုရေးစောင့်ရှောက်မှုလိုအပ်ချက်များ ဖြည့်ဆည်းရန် များစွာလိုအပ်နေကြောင်း ထင်ရှားနေပါတယ်။ လုပ်ငန်းလက်ကျန်တွင် ပြည်ထောင်စုပညာရေးဝန်ကြီး ဌာနသည် အများဆုံးဖြစ်နေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ကော်မတီအနေဖြင့်လည်း အသေးစိတ် စိစစ်ပြီး မပြီးပြတ်သေးသော လုပ်ငန်းများကို ပြီးပြတ်သည်အထိ ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများနှင့် စဉ်ဆက်မပြတ်ဆက်သွယ်တောင်းခံပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများကလည်း ပြည်ထောင်စု ဝန်ကြီးများကိုယ်တိုင် တာဝန်ယူတာဝန်ခံပြီး စိစစ်ဖြေကြားလျက်ရှိပါသဖြင့် ပြည်ထောင်စုဝန်ကြီး ဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများနှင့် ကော်မတီရဲ့ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအတွက် များစွာပီတိဖြစ်ရ ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ အစီရင်ခံစာအား စနစ်တကျပြုစု၊ အပင်ပန်းခံ ကြိုးပမ်းအားထုတ်မှုနှင့် ကိုယ်စားလှယ်

များရဲ့ မှတ်တမ်းအဖြစ် ဆောင်ရွက်ထားရှိမှုကို လေးစားပါကြောင်းနှင့် နောင်လာမည့် ပုံမှန် အစည်းအဝေးမှာလည်း ယခုထက်ပိုမိုပြီးပြည့်စုံသထက် ပြီးပြည့်စုံသည့် အစီရင်ခံစာများကို ပြုစု တင်ပြနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးသန်းထွန်း(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ လို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာပါ ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြမေးခွန်းများရဲ့ မပြီးပြတ်သေးတဲ့လုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ် အချို့ရဲ့ ပြောပြချက်အချို့ပေါ်မှာ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာအရ လုပ်ငန်း လက်ကျန်ပေါင်း ၁၀၄၉ ခုမှာ ပညာရေးဝန်ကြီးဌာနက ၂၁၇ ခု၊ ကျန်းမာရေးဝန်ကြီးဌာနက ၁၆၆ ခု၊ နယ်စပ်ရေးရာဝန်ကြီးဌာနက ၁၄၈ ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ၁၄၂ ခု၊ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနက ၈၉ ခု၊ လျှပ်စစ်ဝန်ကြီးဌာနက ၆၈ ခု၊ ဆက်သွယ်ရေးဝန်ကြီးဌာနက ၄၆ ခု၊ ပြည်ထဲရေးဝန်ကြီးဌာနက ၂၆ ခု၊ ပို့ဆောင်ရေးဝန်ကြီးဌာနက ၁၆ ခုနှင့် ရထားဝန်ကြီးဌာနက ၁၃ ခုဆိုပြီး Top Ten စာရင်းများကို တွေ့ရပါတယ်။ ၎င်းလုပ်ငန်းလက်ကျန်များကိုလည်း ဆောလျင်စွာ ဆောင်ရွက်ပေးသင့်ကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဌာနများဟာ နိုင်ငံတော်ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဟူ၍လည်းကောင်း၊ နောင်ဘဏ္ဍာနှစ်ကျမှ လုပ်ငန်းစတင်သည်ဟူ၍လည်းကောင်း ဖြေကြားချက်များကို တွေ့ရှိရပါတယ်။ ဒါပေမယ့် ကတိပြုပြီးတဲ့ အချို့လုပ်ငန်းများကို ကတိအတိုင်းဆောင်ရွက်ရန်မှာ ဘဏ္ဍာငွေတင်ပြ တောင်းခံမှုစာရင်းတွင်မပါရှိသည်များလည်း တွေ့မြင်ရပါတယ်။ ကတိကဝတ်ပဲ မတောင်းတဲ့ဘဏ္ဍာ ငွေရရှိမှသာ ဆောင်ရွက်ပေးမယ်ဆိုပြီး ဖြေကြားထားတယ်လို့ ခံစားရပါတယ်။ သို့သော် အချို့သော လုပ်ငန်းလက်ကျန်များဟာ ဘဏ္ဍာငွေအခက်အခဲကြောင့်မဟုတ်ဘဲ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန များရဲ့ တာဝန်မကျေပွန်မှု၊ ပေါ့လျော့မှု၊ ပြောထားတဲ့ကတိကိုအလေးအနက်မထားမှုတို့ကြောင့်ဖြစ်တယ် ဆိုတာ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ပြောပြချက်အရ သိရှိရပါတယ်။ အဲဒီကိစ္စကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၂၀၁၃ ခုနှစ် ဇွန်လ ၂၄ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၃၅/၄၃၇ လွှတ်တော်(ပသ ၄/အပရ ၂၀၁၃) ဖြင့် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများရဲ့ လွှတ်တော် အစည်းအဝေးများတွင် ဖြစ်ပေါ်ခဲ့သော ကတိကဝတ်များအပေါ် အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေး

နိုင်ပါရန် ကတိကဝတ်စာရင်းများပြုစုပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆောလျင်စွာ ပေးပို့နိုင်ပါရန် အကြောင်းကြားပါမည်ဆိုပြီး လွှတ်တော်နှင့်ညှိနှိုင်းဆောင်ရွက်နေကြောင်း လွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက မဲဆန္ဒနယ်မြေများရဲ့ အမှန်တကယ် လိုအပ်နေတဲ့ အခြေခံပညာအဆင့်၊ ကျောင်းအဆင့်တိုးမြှင့်ရေး၊ ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ရေး၊ ကျောင်း ဆောင်သစ်ဆောက်လုပ်ရေးများကို လွှတ်တော်ရုံးက တစ်ဆင့်တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးဌာန ဝန်ကြီးရဲ့လက်မှတ်နဲ့ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ ကျောင်း ဆောင်သစ်ဆောက်လုပ်ရန်အစီအစဉ်မရှိသေးပါကြောင်း၊ ရှေ့လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ထံသို့ စာဖြင့်အကြောင်းကြားခဲ့ပါတယ်။ ၎င်းစာအရ လွှတ်တော်ကိုယ်စားလှယ်က သက်ဆိုင်ရာနယ်မြေကို သွားရောက်ပြီး ဒီနှစ်တော့ ကျောင်း အဆင့်တိုးတာ၊ ကျောင်းဆောင်တိုးချဲ့တာ၊ ကျောင်းဆောင်သစ်ဆောက်လုပ်ခွင့်လုပ်တာတွေ ခွင့်ပြုချက် မရသေးဘူး။ နောင်ဘဏ္ဍာရေးနှစ်များမှာ ဆက်လက်တင်ပြ ပေးပါမယ်။ ဒီနှစ်တော့ သည်းခံလိုက်ပါဦး လို့ပြောတော့ ဒေသခံတွေက ကိုယ်စားလှယ်ကြီး ဘာမှမသိသေးဘူးထင်တယ်။ အခု ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ကကျလာပြီ၊ ဖွင့်ပွဲရက်တောင်သတ်မှတ်ပြီးပြီလို့ ပြောကြသလို ကျောင်းဆောင်တိုး ချဲ့ဖို့နဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်ဖို့ ဘယ်ကုမ္ပဏီနဲ့ ဆောက်ပါ၊ ခွင့်ပြုရန်ပုံငွေက ဒီလောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၊ အဲဒီကမှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ် ပညာရေး ညွှန်ကြားရေးမှူးရုံးက အကြောင်းကြားတာလို့လည်း ပြန်ပြောကြပါတယ်တဲ့။ အဲဒီတော့ ကိုယ်စားလှယ် ကြီးကလည်း အေးလေ ဘယ်လိုပဲဖြစ်ဖြစ် ဒေသရဲ့ ပညာရေး ဖွံ့ဖြိုးမှုအတွက် ဝမ်းသာစရာပေါ့၊ ပြည်ထောင်စုဝန်ကြီးဌာနနဲ့ နိုင်ငံတော်ရဲ့ စေတနာပေါ့၊ ခင်ဗျားတို့ ဆန္ဒပြည့်တာပေါ့ဗျာ လို့သာ ဟန်မပျက်ပြောနိုင်ပါတယ်တဲ့။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်စဉ်းစားကြည့်တော့ ကိုယ်စားလှယ်တင်ပြတော့ အစီအစဉ်မရှိသေးဘူး လို့ဖြေတယ်။ ပြီးတော့ ကိုယ်စားလှယ်တင်ပြထားတဲ့အတိုင်း ခွင့်ပြုချက်ပေးတယ်ဆိုတော့ လွှတ်တော် ကိုယ်စားလှယ်တင်ပြလို့ မဟုတ်ဘူး၊ ဝန်ကြီးဌာနအစီအစဉ်နဲ့ ဆောင်ရွက်ပေးတယ်လို့ သတ်မှတ် ကြွေးကြော် နိုင်အောင်များ လုပ်နေလေသလား၊ ပြည်ထောင်စုဝန်ကြီးက အစီအစဉ်မရှိသေးဘူးလို့ လက်မှတ်ရေးထိုး အကြောင်းပြန်ပေမယ့် အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးက တိုးမြှင့် ဖွင့်လှစ်ဆောက်လုပ်ခွင့်ကို ပေးနိုင်သလားလို့ တွေးမိပါတယ်။ ပြည်သူ့အသံ၊ လွှတ်တော်အသံ ကိုယ်စားလှယ်ကြီး ပက်လက်လန် ဆိုတဲ့ ကိန်းပါဘဲဗျာလို့လည်းပြောကြပါတယ်။ (ဩဘာသံများ)

ဒါကလဲ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးရတဲ့အတွက် အနည်းငယ်တော့ ဒီဖြစ်စဉ်မျိုး ဖြစ်မှာပဲလို့ ယူဆရပါတယ်ခင်ဗျား။ ကတိပြု/ကတိဖျက်တာတို့မလုပ်ဘဲနဲ့ လုပ်ငန်းကြွေးကျန်အဖြစ် ဆက်လက်ထားရှိပြီး ကတိမပြုတဲ့လုပ်ငန်းကိုတော့ ဆောင်ရွက်ပေးတယ်ဆိုတဲ့ အခြေအနေကိုလည်း နားမလည်နိုင်အောင် ဖြစ်ရပါတယ်လို့လည်း ပြောကြပါသေးတယ်။ ဒါကလည်း ပညာရေးဝန်ကြီးဌာနရဲ့ ဘဏ္ဍာငွေအချို့ကို နိုင်ငံတော်ရဲ့အမှန်တကယ်လိုအပ်တဲ့ ပညာရေးကဏ္ဍဟာ ပြောင်းလဲသုံးစွဲဖို့ ပြည်ထောင်စုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အရ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ပညာရေးဌာနရုံးများအစား ကျောင်းဆောင်များ ဆောက်လုပ်မှုမှာ သုံးစွဲခြင်းဖြစ်ပါတယ်။

ဒါပေမယ့် ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရပေမယ့် ဆရာ ဆရာမက မရှိ၊ မရောက်၊ တွဲဖက်အခြေခံပညာ မူလတန်းကျောင်းကနေ အခြေခံပညာ မူလတန်း (ခွဲ) ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရပေမယ့် ဆရာ ဆရာမက မရောက်တော့ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲသာ လုပ်နေတာ ကျောင်းသူကျောင်းသားကို ကျောင်းအပ်လက်ခံမယ့် သူတောင်မရှိတဲ့ အဖြစ်တွေလည်း ရှိနေပါသေးတယ်တဲ့။ အဲ့ဒီလို အခက်အခဲများကိုလည်း ပြည်ထောင်စုဝန်ကြီးဌာနက အလေးအနက် ထားပြီးစီစဉ် ဆောင်ရွက်နေကြောင်း ၂-၇-၂၀၁၃ ရက်နေ့က အတိအကျ အကျယ်တဝင့် လွှတ်တော်မှာ ရှင်းလင်းတင်ပြသွားတာ အားလုံးအသိပဲဖြစ်ပါတယ်။ အခြေခံပညာအဆင့် မူလတန်း ဆရာဆရာမ ၅၄၀၀၀ ကျော်ခန့်ထားပြီးဖြစ်ကြောင်းလည်း ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ခွင့် ခွင့်ပြုတဲ့ရန်ပုံငွေ ရရှိတဲ့အခါကျပ်သိန်း ၁၀၀ အောက်ဆိုရင် ဒေသခံကျောင်း ကော်မတီကဆောက်၊ ကျပ်သိန်း ၂၀၀ နဲ့ ကျပ်သိန်းထောင်ချီနေတဲ့ အဆောက်အဦဆိုရင် ဒါအခြေခံပညာရေး၊ အဆင့်မြင့်ပညာပါ အပါအဝင်ဖြစ်ပါ တယ်။ အဲဒီလို တန်ဖိုးကြီးတဲ့ အဆောက်အဦမျိုးဆိုရင်တော့ နာမည်လှလှနဲ့ ပုဂ္ဂလိက ကုမ္ပဏီများက တင်ဒါစနစ်နဲ့ တာဝန်ယူဆောက်လုပ်တယ်လို့ကြားသိရပါတယ်။ အချို့ကျောင်း အဆောက်အဦများဆိုရင် တင်ဒါရ နာမည်ခံ ဆောက်လုပ်ရေး ကုမ္ပဏီ၊ ၎င်းကုမ္ပဏီက တစ်ဆင့် ဌားရမ်းတဲ့ ဆောက်လုပ်ရေးအဖွဲ့၊ ၎င်းဆောက်လုပ်ရေးအဖွဲ့က တစ်ဆင့် ထပ်ဆင့်ဌားရမ်းလုပ်ကိုင်စေတဲ့ ပန်းရံအဖွဲ့၊ သံချီသံကွေးအဖွဲ့၊ လက်သမားအဖွဲ့စသည်တို့နဲ့ ဆောင်ရွက်နေကြတာလဲ ရှိနေပါသေးတယ်တဲ့။

နိုင်ငံတော်ဘဏ္ဍာ ခွင့်ပြုရန်ပုံငွေ ကိန်းဂဏန်းနဲ့ ကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်တယ်ဆိုတဲ့ ကျောင်းအဆောက်အဦရဲ့ အမှန်တကယ် ကုန်ကျတယ့်တန်ဘိုး ကိန်းဂဏန်း ဘယ်လောက် ကွာခြားသွားပြီလဲဆိုတာ ခန့်မှန်းကြည့်လို့ရနိုင်ပါတယ်။ ဒေသကလည်း အဆောက်အဦရဲ့ တန်ဘိုးကို ခန့်မှန်းတွက်ချက်နိုင်တော့ ပြည်ထောင်စုဝန်ကြီးဌာနအပြင် နိုင်ငံတော်အစိုးရအဖွဲ့ကိုပါ ယုံကြည်မှု ပျက်ပြား

စေနိုင်ပြီး ပြည်သူ့ဘဏ္ဍာ များစွာဆုံးရှုံးစေတာမို့ ကြီးကြပ်ဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် ပညာရေး/ကျန်းမာရေးဌာနက တာဝန်ရှိ သူတောင် မသိသေးတဲ့ အဆောက်အဦသစ် ဆောက်လုပ်ခွင့်ရစာရင်းကို ဆောက်လုပ်ရေး ကုမ္ပဏီများက ဦးစွာသိနေကြပါတယ်တဲ့။ ဆောက်လုပ်မှုအပိုင်းမှာလည်း မြို့နယ်အဆင့် ဌာန အကြီးအကဲက ဝင်ရောက်အကြံပြုခွင့်တောင်မရပါဘူးတဲ့၊ ၎င်းတို့ကုမ္ပဏီဟာ ပြည်ထောင်စု ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးသား၊ ဆောက်လုပ်ခွင့်ရဖို့ ဘယ်ဌာနက ဘယ်သူ့ကို ဘယ်လောက် ပေးခဲ့ရတယ်လို့တောင် ပြောပါတယ်တဲ့ စသည်စသည်ဖြင့် ကြားသိခဲ့ရပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ပုဂံကွဲကျေးရွာ မူလတန်း ကျောင်းဆောင်သစ် ဆောက်လုပ် ရေးကဲ့သို့ ကျောင်းဆောက်လုပ်ရာတွင် မသမာသော နည်းများဖြင့် ပြည်သူပိုင် ပစ္စည်းများအား လိမ်လည်၍ ခိုးယူ ကိုယ်ကျိုးရှာနေသူများအား စစ်ဆေးအရေးယူပေးပါရန် တိုင်ကြားခြင်းဆိုတဲ့ ကုမ္ပဏီကို တိုင်ကြားမှုများလည်းများစွာ ဖြစ်ပေါ်နေဦးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့စာရင်းအရ မြန်မာနိုင်ငံသား ပုဂ္ဂလိက ကုမ္ပဏီပေါင်း ၃၂၅၆၃ ခုရှိတဲ့အနက် ဆောက်လုပ်ရေး သီးသန့်ကုမ္ပဏီ အရေအတွက်ဟာ ၂၂၃၃ ခု ဆောက်လုပ်ရေး အပါအဝင် အခြားလုပ်ငန်းများပါ ဆောင်ရွက်နိုင်တဲ့ ကုမ္ပဏီက ၂၀၇၂ ခု စုစုပေါင်း ဆောက်လုပ်ရေး ဆောင်ရွက်နိုင်တဲ့ ကုမ္ပဏီပေါင်း က ၄၃၀၈ ခု မှတ်ပုံတင်ထားကြောင်း သိရှိရတဲ့အတွက် အဲဒီကုမ္ပဏီများရဲ့ အကျိုးအမြတ်ရရှိစေမှု ဆောင်ရွက်ချက်များကို ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ကျန်းမာရေးမြှင့်တင်မှု ကော်မတီများ အပါအဝင် အခြားကော်မတီများကလည်း သတိပြု ဝိုင်းဝန်း ကူညီ ကြီးကြပ် ဆောင်ရွက်စေလိုပါ တယ်။ ကုမ္ပဏီများရဲ့ အဆောက်အဦ ဆောက်လုပ်လှူဒါန်းမှုဟာလည်း ဒေသအနှံ့အပြားမှာ ရှိကြောင်းလဲ ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်နံ တစ်လျား၊ ဒေသအနှံ့ လူမှုရေးဆောင်ရွက်မှု အခြေခံလုပ်ငန်းစဉ်များ အဖြစ်၊ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ စိုက်ပျိုးရေ ရရှိရေး လုပ်ငန်းများ နိုင်ငံတော်အစိုးရအဖွဲ့က တာဝန်ယူဆောင်ရွက်ရာမှာ- သမ္မတကြီးရဲ့ စည်းရုံးရေး နယ်မြေမို့၊ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ မဲဆန္ဒနယ်မို့၊ လက်ရှိ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက အကြီးအကဲပုဂ္ဂိုလ်များရဲ့ ဒေသဖြစ်လို့၊ ယခင်ဝန်ကြီးဌာန ဝန်ကြီးဟောင်း၊ ဒုတိယဝန်ကြီးဟောင်းများရဲ့ ဇရိယာဖြစ်လို့၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များရဲ့ ဇာတိဖြစ်လို့၊ စသည် စသည်ဖြင့် အမှန်တကယ် ဖြစ်ပျက်နေတာကို

ဆိုလိုတာမဟုတ်ပါဘူး၊ ဖြစ်တတ်တဲ့ ဖြစ်နိုင်တဲ့ သဘော သဘာဝကို ဥပမာပြုခြင်းဖြစ်ပါတယ်။ အဲဒီလို လူ/ပုဂ္ဂိုလ်အရ ဦးစားပေး ဆောင်ရွက်ခြင်းထက် အမှန်တကယ် လိုအပ်သော ဒေသများအတွက် အခြေခံလုပ်ငန်းစဉ်များကို စိစစ်ပြီး မျှတစွာ ဆောင်ရွက်ပေးသင့် ပါကြောင်းနှင့် လူကြီးမျက်နှာထက် လူထုမျက်နှာအတွက် မှန်ကန်စွာ ဆက်လက် ဆောင်ရွက်နိုင်ပါစေလို့ ဆန္ဒပြုပါကြောင်း လွှတ်တော်သို့ တင်ပြရင်း နိဂုံးချုပ် အပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ (ဃ)အရ အစိုးရရဲ့အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှုဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးသန်းမြင့်(အတွင်းရေးမှူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအတွင်းရေးမှူး)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များ စိစစ်ရေးကော်မတီအတွင်းရေးမှူး ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့မှာ တင်သွင်းခဲ့တဲ့ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်မှ သဘောတူလက်ခံရန်အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ (က) ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ၂၄ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့ကော်မတီဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအား မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းများ၊ တင်သွင်းခဲ့တဲ့အဆိုများ၊ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမပုံမှန်အစည်းအဝေးများမှာ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းများနှင့် အဆိုများ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း စာဖြင့်မေးမြန်းခဲ့တဲ့မေးခွန်းများ

နှင့်ပတ်သက်ပြီး နောက်ဆုံးဆောင်ရွက်ထားမှုအခြေအနေအား ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာတင်ပြနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကျွန်တော်တို့ကော်မတီဟာ ကြိုတင်ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနဲ့ ဆွေးနွေးညှိနှိုင်းချက်များအရ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ ပုံမှန်အစည်းအဝေးများမှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ကတိပြုခဲ့တဲ့မေးခွန်းပေါင်း ၄၄၀ ခု အနက် ဆောင်ရွက်ပြီးတာ ၂၉၆ ခု နဲ့ မပြီးပြတ်သေးသောလုပ်ငန်း ၁၄၄ ခု၊ အတည်ပြုခဲ့တဲ့အဆို ၇၁ ခု မှာဆောင်ရွက်ပြီးတဲ့အဆို ၄၆ ခု၊ ဆောင်ရွက်ရန်လက်ကျန်အဆို ၂၅ ခု ရှိတဲ့အပြင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်းမှာ ကြယ်ပွင့်မပြ စာဖြင့်မေးမြန်းတဲ့မေးခွန်းများအနက် ကတိဖြစ်ခဲ့တဲ့မေးခွန်းပေါင်း ၈၈၄ ခု နှင့် ဆောင်ရွက်ပြီး ၄၁၄ ခု နှင့် မပြီးပြတ်သေးသောလုပ်ငန်းများ ၄၇၀ ခု ဖြစ်ကြောင်း တွေ့ရှိမှုအပေါ် ကုမ္ပဏီ၏သုံးသပ်ချက်များအား အများပြည်သူနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သိသာထင်ရှား ပွင့်လင်းမြင်သာစွာသိရှိနိုင်ရေးအတွက် အသေးစိတ်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါ မပြီးပြတ်တဲ့လုပ်ငန်းများအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၆၉ (က)(ခ) နှင့်အညီ သတ်မှတ်ကာလအတွင်း သတ်မှတ်ချက်အတိုင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ (က) ဘောင်အတွင်းမှ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဌာနများမှ တာဝန်ရှိသူများနှင့် နှစ်ဖက် ပြေပြေလည်လည် ညှိနှိုင်းပြီးဖြစ်ပါကြောင်း ကော်မတီရဲ့အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၉၆၊ ပုဒ်မ ၁၀၀ (က) နှင့်အညီ ပြည်သူ့လွှတ်တော်ကို တင်ပြခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ ဦး မှလည်း အဆိုပါအစီရင်ခံစာပေါ် အကျေအလည် ဆွေးနွေးပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၀၀ (ဃ) နှင့်အညီ ကော်မတီရဲ့ အစီရင်ခံစာအား ပြည်သူ့လွှတ်တော်မှ သဘောတူလက်ခံရန် အဆိုအား ကော်မတီကိုယ်စား ကျွန်တော်မှ ပြည်သူ့လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ လွှတ်တော်အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်ကိုကျော်၍ အစီအစဉ် ၁၂ ကြယ်ပွင့်ပြထားတဲ့မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းအစီအစဉ်ကို ဆောင်ရွက်ပါ့မယ်။

## ကင်ဆာရောဂါဖြစ်ပွားနေသောလူနာများအား ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဓာတ်ရောင်ခြည်စက်များကို တိုးချဲ့ဖြည့်ဆည်းဆောင်ရွက်နိုင်မှုရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့်၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၊ ရွာတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံတို့အသီးသီးမေးခွန်းများမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမြင့်(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကင်ဆာရောဂါဖြစ်ပွားနေသောလူနာများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုအား အချိန်နှင့်တစ်ပြေးညီစောင့်ရှောက်နိုင်ရန်အတွက် ဓာတ်ရောင်ခြည်စက်များကို တိုးချဲ့ဖြည့်ဆည်းဆောင်ရွက်နိုင်မှုရှိ/မရှိနှင့်ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး တွင် ကင်ဆာရောဂါများကိုကုသနေသော ဓာတ်ရောင်ခြည်စက်သည် လာရောက်ကုသနေသောလူနာ ဦးရေနဲ့ မနိုင်မနင်းဖြစ်နေသည်ကိုသိရှိရပါတယ်။ မြန်မာပြည်အောက်ပိုင်းမှာ လူနာအများစုမှာလည်းပဲ လာရောက်ကုသလျက်ရှိပါတယ်။ ဒီဆေးကုသနေရသဖြင့် ကုသဖို့အတွက်စာရင်းပေးတဲ့အခါမှာ အချိန်ကာလ ၃ လ၊ ၄ လ တချို့ဆိုရင် ၅ လခန့်လောက်စောင့်ဆိုင်းရတာတွေ့ရပါတယ်။ ဒီလို အချိန်စောင့်ဆိုင်းနေစဉ် တချို့လူနာများမှာလည်းပဲ ဆောလျင်စွာအသက်ဆုံးရှုံးသွားရတာကိုလည်းပဲ တွေ့ရှိပါတယ်။ ဒီလို လနဲ့ချီပြီး တချို့လူနာများမှာမစောင့်ဆိုင်းနိုင်သဖြင့် မန္တလေးနှင့် တောင်ကြီးသို့ သွားရောက်ကုသကြရပါတယ်။ ဒီ ရန်ကုန်ဆေးရုံကြီးမှတာဝန်ရှိပုဂ္ဂိုလ်များကလည်းပဲ မစောင့်ဆိုင်းနဲ့ မန္တလေးနှင့် တောင်ကြီးသို့သွားရောက်ကုသဖို့အတွက်ကိုလည်းပဲ တိုက်တွန်းခဲ့ကြပါတယ်။ လူနာများ

အနေဖြင့် ငွေကြေးပိုမိုကုန်ကျမှုန်းကိုသိလျက်နဲ့ အသက်သေမှာစိုးရိမ်သဖြင့် ရန်ကုန်ဆေးရုံကြီးမှ ပြောင်းပြီးတော့သွားရောက်ကုသပါတယ်။ သို့သော်လည်းပဲ နယ်ကိုသွားရောက်ကုသရသဖြင့် အသွားစရိတ်၊ အပြန်စရိတ်၊ လိုက်ပို့သူစရိတ်၊ စားစရိတ်၊ နေစရိတ်စသည်များဟာ မကုန်သင့် ဘဲနဲ့လည်းကုန်ကျနေရပါတယ်။ ဒီ ငွေကြေးမတတ်နိုင်သူအဖို့တော့ မန္တလေးနှင့် တောင်ကြီးမှာပဲ သွားကုမလား။ ရန်ကုန်မှာပဲ ဆေးကုသရေးကိုစောင့်ဆိုင်းပြီး အသေခံမလားဆိုတာမျိုးကို လူနာများ အနေဖြင့် တွေးတွေးပြီး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနဲ့ဖြစ်နေကြပါတယ်။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့လည်းပဲ ပြီးခဲ့တဲ့ဘတ်ဂျက်အတွင်းမှာ တချို့လုပ်ငန်းများကိုရပ်ဆိုင်းပြီး ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများမှာ ငွေကြေးများကိုပိုမိုသုံးစွဲစေခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနမှ ကင်ဆာရောဂါဖြစ်ပွားနေသောလူနာများရဲ့ အသက်ကိုကယ်တင်နိုင်ဖို့ မြို့ကြီးများဖြစ်တဲ့ ပုသိမ်၊ မကွေး၊ ပဲခူး၊ မော်လမြိုင်၊ စစ်ကိုင်း၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးစတဲ့ ဒီဆေးရုံကြီးတွေမှာ ဓာတ်ရောင်ခြည်စက်များကို တိုးချဲ့ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအစဉ် ရှိ/မရှိသိရှိလိုပါတယ်။ အစီအစဉ်ရှိပါကမည်သည့်အချိန်တွင် ဖြည့်ဆည်းဆောင်ရွက်မည်ကိုသိရှိလို ပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုတွင် ကျန်းမာရေးစီမံကိန်းလုပ်ငန်းဆောက်လုပ် ရေးလျာထားချက်များနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဒေါက်တာ နေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာ နေလင်း ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုမှာ ကျန်းမာရေးစီမံကိန်းလုပ်ငန်းများ အထူးသဖြင့် ဆောက်လုပ်ရေး နှင့်ပတ်သက်ပြီးတော့ လျာထားချက်များနှင့်ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနများရဲ့ ကျန်းမာရေးစီမံကိန်းများဆိုင်ရာ စီမံကိန်းများပြိုင်တူပေါင်းစပ်ပြီးတော့ Overlap ဖြစ်နေမှုအပေါ် မေးမြန်းခြင်းဖြစ်ပါတယ်။ ဒီလိုမေးမြန်းမှုဖြစ်ပေါ်ရတဲ့ အကြောင်းရင်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းကနေပြီးတော့ ပထမအကြိမ် ဆဋ္ဌမပုံမှန်အစည်းအဝေးပြီးတဲ့နောက် ၄ လပိုင်း ၄ ရက်နေ့မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ် မန်စီလေးကျေးရွာမှာ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့ ကျပ်သန်းပေါင်း ၃၅၀ လျာထားပြီးတော့ ဒီ မန်စီလေးကျေးရွာကိုပဲ နယ်စပ်ရေးရာဝန်ကြီးဌာန

ကလည်း မန်စီလေးကျေးရွာမှာ တိုက်နယ်ဆေးရုံဆောက်ဖို့ဆိုပြီးတော့ ကျပ်သန်းပေါင်း ၁၀၀ ခွင့်ပြု ထားပါတယ်။ ဒါကြောင့်မို့လို့ မန်စီလေးကျေးရွာအစား တုန်းမွန်းကျေးရွာကိုပြောင်းရွှေ့ဆောက်လုပ် ပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံလိပ်မူပြီးတော့ တင်ပြလာတဲ့အတွက်ကြောင့် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌရုံးကနေ ကျန်းမာရေးမြှင့်တင်မှုကော်မတီကိုလွှဲပြောင်းပြီးတော့ ဒီကိစ္စ Overlap ဖြစ်နေမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရန်ဆိုပြီးတော့ အကြောင်းကြားလာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနကို အစိုးရအဖွဲ့ရုံးကနေတစ်ဆင့် ဆက်သွယ်တင်ပြပြီးတော့ ညှိနှိုင်းပေးခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးမြှင့်တင်မှုကော်မတီကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းများ တင်ပြဆွေးနွေးလာတဲ့အချိန်မှာ ကျွန်တော်တို့ ကော်မတီအနေနဲ့ ကတော့ ဒီ ကျန်းမာရေးဝန်ကြီးဌာနရဲ့ သာမာန်အသုံးစရိတ်တွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်တွေကိုပဲ ဦးတည်ပြီးတော့ အဓိကထားစိစစ်ခဲ့ရတာဖြစ်ပါတယ်။ ကျန်တဲ့ ဝန်ကြီးဌာနအပေါ်ကို ကျွန်တော် မစိစစ်နိုင်ခဲ့ပါဘူး။ ဒါဟာ သင်ခန်းစာတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ပင်လည်ဘူးလိုပဲ ကျွန်တော် ပြီးခဲ့တဲ့ လွှတ်တော်အပြီး ကျွန်တော် ပြန်တက်လာပြီးတော့ ကျန်းမာရေးမြှင့်တင်မှုကော်မတီရုံးမှာ ဒီ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ စီမံကိန်းတွေကိုပြန်ပြီးတော့ အသေးစိတ်ပြန်ပြီးတော့လေ့လာပါတယ်။ လေ့လာတဲ့အခါကျမှ ဒီ ပင်လည်ဘူးလိုပဲ ကျန်တဲ့မြို့နယ်၊ တိုင်းနှင့် ပြည်နယ်တွေမှာလည်း ကျန်းမာရေး ဝန်ကြီးဌာနရဲ့ ကျန်းမာရေးစီမံကိန်းတွေနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ကျန်းမာရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမူဝါဒများအရ ဆောင်ရွက်နေကြတဲ့ ကျန်းမာရေးစီမံကိန်းများဟာ ဝန်ကြီးဌာန ၂ ခုလုံး Overlap ဖြစ်ပြီးတော့ ထပ်တူထပ်မျှဖြစ်နေတာတွေကို စိစစ်တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တင်ပြရမယ်ဆိုလို့ရှိရင် ကချင်ပြည်နယ်မှာ ကျွန်တော်တို့ ၁၆ ခုတင်ဆံ့ ဘန်ကောက်၊ ဖားကန့်မြို့နယ်မှာရှိတဲ့ ဘန်ကောက်ကျေးရွာ တိုက်နယ်ဆေးရုံဆောက်လုပ်ဖို့ဆိုပြီးတော့ နယ်စပ်ရေးရာဝန်ကြီးဌာနကကျပ်သန်းပေါင်း ၁၀၀ ခွင့်ပြုသလို ကျန်းမာရေးဝန်ကြီးဌာနကလည်း ကျပ်သန်းပေါင်း ၃၅၀ ခွင့်ပြုထားပါတယ်။ ထို့အတူ ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်က ဒေါဲမကြီး တိုက်နယ်ဆေးရုံ ၁၆ ခုတင်ဆံ့ဆေးရုံမှာ နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း ခွင့်ပြုထားသလို ကျန်းမာရေးဝန်ကြီးဌာနကလည်း တိုက်နယ်ဆေးရုံဖွင့်ဖို့ခွင့်ပြုထားပါတယ်။ ထို့အတူ ကျေးလက် ကျန်းမာရေးဌာန Regional Health Centre မှာလည်း လွိုင်ကော်မြို့နယ် ပါးလောင်းကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနဆောက်ဖို့ နယ်စပ်ရေးရာဝန်ကြီးဌာနက ကျပ်သန်းပေါင်း ၁၀ သန်း၊ ကျန်းမာရေးဝန်ကြီးဌာနက ကျပ်သန်းပေါင်း ၆၀၊ ထို့အတူ ကရင်ပြည်နယ်၊ ကရင်ပြည်နယ်မှာကျတော့ ဖာပွန်မြို့နယ် ကတိုင်တိကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ဖို့မှာလည်း နယ်စပ်ရေးရာ

ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန ၂ ခုစလုံးတိုက်ဆိုင်နေပါတယ်။ ထို့အတူ ရခိုင်ပြည်နယ်၊ တိမ်ညိုကျေးရွာ၊ မြောက်ဦးမြို့နယ် ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ၊ ထို့အတူ ကျေးလက်ကျန်းမာရေးဌာန ကျီရာပြင်၊ မြောက်ဦးမြို့နယ်၊ ထို့အတူ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ်မှာလည်း ကျေးလက်ကျန်းမာရေးဌာနခွဲတွေ၊ ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ခုနက ကျွန်တော်တင်ပြခဲ့ပါတယ်။ မန်စီလေးတိုက်နယ်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီးမှာဆိုလို့ရှိရင်လည်း အောင်ဘာကျေးရွာ၊ ကော့သောင်းမြို့နယ် ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံမှာလည်း Overlap ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးရတဲ့မေးခွန်းကတော့ ဒီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကျန်းမာရေးစီမံကိန်းများ အပေါ် ကျန်းမာရေးဝန်ကြီးဌာနကရော၊ နယ်စပ်ရေးရာဝန်ကြီးဌာနကရော နှစ်ဦးနှစ်ဖက် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မှုအပေါ် ပြန်လည်ဖြေကြားပေးပါရန်နှင့် လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာလည်း ဒီလို အမျိုးသားစီမံကိန်းရေးဆွဲတဲ့နေရာမှာ ကြိုတင်သတိပြုနိုင်ဖို့အတွက် မေးမြန်းတင်ပြရခြင်း ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ရှားတောမြို့နယ် ပြည်သူ့ဆေးရုံကို စံကိုက်မြို့နယ်ဆေးရုံအဖြစ် အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒေါ်နန်းနွံ(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ရှားတောမြို့ ၂၅ ခုတင်ဆံ့ပြည်သူ့ဆေးရုံကို အသစ်ပြန်လည်တည်ဆောက် ပေးရေးနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ရှားတောမြို့ပြည်သူ့ဆေးရုံဟာ ၁၉၆၅ ခုနှစ် ကတည်းက စတင်ဖွင့်လှစ်ခဲ့တဲ့ သွပ်မိုး၊ ပျဉ်ကာ၊ သမံတလင်းခင်းဆေးရုံတစ်ရုံဖြစ်ပါတယ်။ ယခုအချိန်မှာ မျက်နှာကြက်၊ အမိုး၊ တိုင်၊ အကာနှင့် သမံတလင်းအခင်းတို့ဟာ ကွာကျပျက်စီးလျက်ရှိနေပါတယ်။ ၂၀၀၀ ခုနှစ်မှာ ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်ခဲ့ပါတယ်။ သို့သော်လည်း သက်တမ်းကြာလာတာနဲ့အမျှ ယိုယွင်းပျက်စီးမှုများဟာ အလွန်များပြားလျက်ရှိပါတယ်။ အဆိုပါဆေးရုံကို အကြီးစားပြင်ဆင်မှုဖြင့် ပြင်ဆင်နိုင်ရေးအတွက် ရန်ပုံငွေတင်ပြဖို့၊ တောင်းခံဖို့၊ တွက်ချက်ရာမှာ အသစ်တည်ဆောက်မှုနီးပါး ကုန်ကျနိုင်ဖွယ်ရှိနေတာကြောင့် ယခုလို မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်ရှင်။ လက်ရှိဆေးရုံမှာ ဓာတ်မှန်ဆောင်လည်းမရှိတဲ့အပြင် ဆရာဝန်၊ သူနာပြုဆရာမများ၊ ဝန်ထမ်းများနေအိမ်များဟာလည်း ပျဉ်ခင်း၊ ပျဉ်ကာများဖြစ်တဲ့အတွက် ဆေးရုံ

အဆောက်အဦကဲ့သို့ ယိုယွင်းပျက်စီးလျက်ရှိနေပါတယ်။ ရှားတောဆေးရုံဟာဆိုလို့ရှိရင် ဒီမြို့နယ်အတွင်းမှာရှိတဲ့ ပြည်သူများကျန်းမာရေးအတွက် တစ်ခုတည်းသောအားထားရာ ဆေးရုံကြီးလည်း ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဒါကြောင့် ဒီဓာတ်မှန်ဆောင်နှင့် ဆရာဝန်၊ သူနာပြုဆရာမများ၊ ဝန်ထမ်းများနေအိမ်အပါအဝင် ဆေးရုံအဆောက်အဦအသစ် တည်ဆောက်ပေးနိုင်ရေးကို မိဘပြည်သူများက အထူးလိုလားတောင့်တလျက်ရှိနေကြပါတယ်။ သို့ပါ၍ ရှားတောမြို့ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို စံကိုက်ဆေးရုံအဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်ဆောက်လုပ်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ် ၃ ဦးရဲ့မေးမြန်းမှုအား ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးဌာနကပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကိုယ်စား မေးသွားတဲ့မေးခွန်းများကိုပြန်လည်ဖြေကြားမယ့် ဒုတိယဝန်ကြီးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်၏ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော့်အနေဖြင့် ပြန်လည်ဖြေကြားသွားပါ့မယ်။ ကျန်းမာရေးဝန်ကြီးဌာနသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် (Cobalt) ဓာတ်ရောင်ခြည်စက် ၂ လုံး၊ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် (Cobalt) ဓာတ်ရောင်ခြည်စက် ၂ လုံးနှင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးတွင် (Cobalt) ဓာတ်ရောင်ခြည်စက် ၁ လုံးတို့ဖြင့် လူနာများအားကုသပေးလျက်ရှိရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီးတို့တွင် တပ်ဆင်အသုံးပြုနိုင်ရန်အတွက် အဆင့်မြင့်ဓာတ်ရောင်ခြည်ကုစက်ဖြစ်တဲ့ Linear Accelerator အား ဝယ်ယူရောက်ရှိပြီးဖြစ်ပါသဖြင့် အဆောက်အဦများပြုပြင်ခြင်းနှင့် စက်တပ်ဆင်ခြင်းများဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်းနှင့် ပုသိမ်မြို့၊ မကွေးမြို့၊ ပဲခူးမြို့နှင့် မော်လမြိုင်မြို့တို့ရှိ ပြည်သူ့ဆေးရုံကြီးများတွင်လည်း ဓာတ်ရောင်ခြည်စက်များတိုးချဲ့တပ်ဆင်ရန် အစီအစဉ်မရှိသေးပါကြောင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ နေလင်း၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားပါရစေ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်မှုခက်ခဲသောဒေသများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများမှ လိုအပ်ချက်များအရ စိစစ်တောင်းခံလာသော အောက်ဖော်ပြပါလုပ်ငန်းများကို ဖွံ့ဖြိုးရေးရန်ပုံငွေခွဲဝေချထားပေးလျက်ရှိပါသည်-

(က) လမ်းတံတားလုပ်ငန်းများ၊

(ခ) ပညာရေးလုပ်ငန်း၊

(ဂ) ကျန်းမာရေးလုပ်ငန်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်း၊

(င) ရေရရှိရေးလုပ်ငန်း၊

(စ) မွေးမြူရေးလုပ်ငန်း၊

(ဆ) စွမ်းအင်လုပ်ငန်း၊

(ဇ) ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊

(ဈ) သာသနာရေးလုပ်ငန်း၊

(ည) ဆက်သွယ်ရေးလုပ်ငန်း၊

(ဋ) ငြိမ်းချမ်းရေးအဖွဲ့များအတွက် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများဖြစ်ပါတယ်။

ထိုသို့ ရန်ပုံငွေများလျာထားခွဲဝေဆောင်ရွက်ရာ နယ်စပ်ရေးရာဝန်ကြီးဌာနသည် ကျန်းမာရေးလုပ်ငန်းများ လျာထားချက်များနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုက်ရိုက်ညှိနှိုင်းစီမံဆောင်ရွက်မှုမရှိခဲ့ပါ။ ဒေသအလိုက် ကျန်းမာရေးစီမံကိန်းလုပ်ငန်းများ၊ ရန်ပုံငွေများချထားမှုများမထပ်စေရေးအတွက် နောင်တွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးကော်မတီများမှ စိစစ်တင်ပြသွားစေမည်ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်ရင်းနှီး မြှုပ်နှံမှုတွင် ဆောက်လုပ်ရေးလုပ်ငန်းများဆောက်လုပ်ရန် အဆိုပြုလျာထားရာ၌ ဒေသဆိုင်ရာ လိုအပ်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏မေးခွန်းများအပေါ် ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားချက်များတွင် ဖြစ်ပေါ်ခဲ့သောကတိကဝတ်အရ ဆောင်ရွက်ရမည့်လုပ်ငန်းများကို စုစည်း၍လျာထားခဲ့ရခြင်းဖြစ်ပါသည်။ နောင်တွင် တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေး စီမံကိန်းများ ရေးဆွဲရာတွင် လမ်းပန်းဆက်သွယ်မှုခက်ခဲသောဒေသများအတွက် စီမံကိန်းကော်မရှင် အစည်းအဝေး နှင့် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးများတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများမှမေးမြန်းတင်ပြလာသည့် ကျန်းမာရေး ဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ထပ်နေသည့် တိုက်နယ်ဆေးရုံ ၆ ရုံ၊ ကျန်းမာရေး ဆေးပေးခန်း ၄ ခု၊ စုစုပေါင်း ၁၀ ခု ဆောက်လုပ်ရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာန ၂ ခု ညှိနှိုင်းဆုံးဖြတ် ချက်အရ ကျန်းမာရေးဝန်ကြီးဌာနကသာ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံ၏ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားခြင်းဖြစ်ပါတယ်။ ကယားပြည်နယ်၊ ရှားတော မြို့နယ် ပြည်သူ့ဆေးရုံအား စံကိုက်မြို့နယ်ဆေးရုံအဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရန် အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေတွင် အဆိုပြုလျာထားတင်ပြ တောင်းခံပြီး ခွင့်ပြုချက်ရရှိပါကဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု မေးမြန်းတဲ့မေးခွန်းများနှင့် ပတ်သက်၍ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းရဲ့မေးခွန်းမေးမြန်းချက်ကို ပြန်လည်ရေးသားပြီး လွှတ်တော်ရုံး လွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်တင်ပြပေးစေလိုပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ ပြီးခဲ့တဲ့နှစ်က လျာထားချမှတ်ခဲ့တဲ့ဘဏ္ဍာငွေများ၊ ဘတ်ဂျက်များကိစ္စလည်း တရားဝင်ဆောင်ရွက် သွားမှာပါ။ ခုနက သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးရဲ့တင်ပြချက်ကိုဆောင်ရွက် နိုင်မှာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ဒီနေ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာအပေါ် ကိုယ်စားလှယ် ၂ ဦးက ဆွေးနွေးသွားတာရှိပါတယ်။ ဒီဆွေးနွေးချက်ဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ပါတယ်။ ဒါကြောင့်မို့လို့ အခုခေတ္တတန်းဖြုတ်ချိန်မှာ သက်ဆိုင်ရာကိုယ်စားလှယ်များရဲ့

ဆွေးနွေးချက်များကို လာရောက်တက်ကြတဲ့ တချို့သက်ဆိုင်ရာဝန်ကြီးဌာနများ မကြားလိုက်ရတဲ့အတွက် မိမိတို့ဆွေးနွေးချက်များကို အခုခေတ္တတနားဖြုတ်ချိန်မှာပေးလိုက်ပါ။ အဲ့လိုရရှိပြီး နောက်ပိုင်း တရားရုံးချုပ်၊ ရှေ့နေချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီးများသာ ခန်းမအတွင်းဝင်ပြီး လွှတ်တော်အစီအစဉ်များကိုဆက်လက်ဆောင်ရွက်ပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၁၅ မိနစ်ခန့်ရပ်နားပါ့မယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅ မိနစ်ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာကို ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၂-၈-၂၀၁၃ ရက် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ဦးစွာ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံခညောင်းပါစေလို့ ကျွန်တော် ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ဂါရဝပြုဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေး

ကော်မတီရဲ့ အစီရင်ခံစာကို ကျွန်တော်ထောက်ခံ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အစီရင်ခံစာမှာပါတဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများကိစ္စနှင့် ပတ်သက်ပြီးတားဆီးနှိမ်နင်းရေး ဆိုတဲ့ကိစ္စရပ်ပါခင်ဗျာ။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာဆိုလို့ရှိရင် တစ်နေ့နဲ့ တစ်နေ့ တိုးပွားများပြားလာတဲ့ စိတ်ကြွဆေး၊ ရာမလို့ခေါ်တဲ့ စိတ်ကြွဆေးတွေ ပိုပြီးတော့မှတိုးလာတာကို ကျွန်တော်တို့လေ့လာတွေ့ရှိရပါတယ်။ ဒါကလည်း လူငယ်လူရွယ်တွေ အသိအမြင်ဗဟုသုတနည်းပါးတဲ့ ပုဂ္ဂိုလ်များကနေပြီးတော့မှ ဆေးဝါးကို ဒါမိုးပေါ်ကပေးတဲ့ သကြားမင်းတွေပေးတဲ့ဆေးဝါးလိုမျိုး သဘောထားပြီးတဲ့အခါကျတော့ စွဲစွဲမြဲမြဲ သုံးကြပါတယ်။ အဲ့ဒီလိုသုံးတဲ့အတွက် ကျွန်တော်တို့မှာ နောင်လာမယ့်မျိုးဆက်သစ်လူ့စွမ်းအားအရင်းအမြစ်တွေက တစ်နေ့ထက်တစ်နေ့ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်တိမ်းပါးသွားတာကို ဝမ်းနည်းဖွယ်ရာ ဒါတွေ့မြင်ရပါတယ်။ အဲ့ဒီတော့ တားဆီးနှိမ်နင်းရေးမှာ အင်အားအများအပြားလိုတဲ့အကြောင်းကိုလည်း ကျွန်တော် အကြံပြုတင်ပြလိုပါတယ်။ ကျွန်တော်တို့ မြို့ပေါ်မှာဆိုလို့ရှိရင် မြန်မာနိုင်ငံရဲ့မူခင်း မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့ အလုံအလောက်မရှိပါဘူး။ ကျွန်တော်တို့ကျေးရွာအုပ်စုပေါင်း ၃၁ အုပ်စုရှိတဲ့အခါမှာ မူးယစ်ရဲတပ်ဖွဲ့က ၂ ဦးပဲရှိပါတယ်။ အဲ့ဒီ ၂ ဦးက လည်း သက်ဆိုင်တဲ့ကျေးရွာအုပ်စုအသီးသီးကိုသွားရောက်နိုင်ဖို့ အင်မတန်မှခက်ခဲပါတယ်။ ခိုင်လုံတဲ့ သတင်းလည်းမရရှိခြင်း၊ ရသင့်ရထိုက်တဲ့ သတင်းပေးတွေလည်းမရဘူး။ အဲ့ဒီလို အကြောင်းအမျိုးမျိုး အခက်အခဲတွေနဲ့ရှိတဲ့အခါကျတော့ မှောင်ခိုသယ်ယူလာတဲ့ မူးယစ်ဆေးဝါးအများအပြားကို ဖမ်းမိနိုင်ခြင်းမရှိပါဘူး။ ဖမ်းမိနိုင်သော်ငြားလည်း အသေးအမွှားဖြစ်တဲ့ ရောင်းဝယ်ရေးပုဂ္ဂိုလ်လောက်ပဲ ဖမ်းမိတာကိုတွေ့ရပါတယ်။ အဲ့ဒီတော့ ထုထည်ကြီးမားတဲ့ရောင်းဝယ်တဲ့ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းကိုလည်း အချိန်မီတာဆီးဖြို့ခွင်းဖို့လိုပြီဆိုတဲ့အကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးလိုပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ မူးယစ်ဆေးဝါးအသိပညာပေးပါ။ မူးယစ်ဆေးဝါးအသိပညာပေးတဲ့အခါမှာ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေက အခုနကပြောတဲ့ စိတ်ကြွဆေးပြားတွေကို သုံးခြင်းအားဖြင့် နေ့မအားညမနား အလုပ်လုပ်နိုင်တယ်။ အိပ်ပျော်ခြင်းမရှိဘူး။ တက်တက်ကြွကြွရှိတယ်။ တောင်ယာလုပ်ငန်း၊ တောင်ယာစိုက်ခင်းကို သုံးရက်လုပ်ရမယ့်အချိန်ကို တစ်ရက်တည်းနဲ့ ပြီးအောင်လုပ်တဲ့အယူအစွဲအလမ်းတွေ မှားယွင်းနေတာကိုလည်းတွေ့ရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ ဒါသက်ဆိုင်ရာအုပ်ချုပ်ရေးအပိုင်းနှင့် သက်ဆိုင်ရာ NGO များပူးပေါင်းပြီးတော့မှ အသိပညာပေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ နောက်တစ်ခုက ဝန်ထမ်းများရဲ့ မူးယစ်ဆေးဝါးဆောင်ရွက်မှုလုပ်ငန်းပါ။ ဥပမာအားဖြင့် မူးယစ်ဆေးဝါးတားဆီး

နှိမ်နှင်းရေးလုပ်တော့မယ်ဆိုတဲ့အခါကျတော့ ဘိန်းခင်းတွေကို ဒီနေ့ဘယ်လောက်ဘယ်လောက်ဖျက်မယ်ဆိုတဲ့ စံချိန်စံညွှန်းတွေနဲ့ ဆင်းပြီးတော့မှ ဖျက်ပါတယ်။ ဖျက်တဲ့အခါမှာ ဧက ၁၅ ဧကဆိုရင် ၁ ဧကလောက်အဖျက်ပြပြီးတော့မှ ၁၄ ဧကကို အကြောင်းအမျိုးမျိုးနဲ့ ဒါဘယ်လိုပြီးသွားတာလဲတော့မသိဘူး။ အားလုံးပြီးအောင်မဖျက်နိုင်တဲ့အချိန်မျိုးမှာ တွေ့ရပါတယ်။ အဲ့ဒီတော့ ကျန်ခဲ့တဲ့ မူးယစ်ဆေးဝါးဖြစ်တဲ့ ဘိန်းပင်တွေက ဟိုကပေါ် ဒီကပေါ်နဲ့ တစ်နေ့ထက်တစ်နေ့များပြားပြီးတော့မှ ရောင်းသူတွေရော၊ ဝယ်သူတွေရော ဘယ်လိုအဆင်ပြေပြီးတော့မှ ရောင်းကြဝယ်ကြ ဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ ပြန်ပြီးတော့မှ သုံးသပ်ဖို့လိုတယ်ဆိုတဲ့အကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးလိုပါတယ်။

နောက်ဆုံးအနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ခြင်းမှာ ကျွန်တော်တို့တိုင်းတွေမှာ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ခြင်းကို ယခင့်ယခင်အစိုးရများလက်ထက်က အသီးသီးဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းသူပြည်သားတွေကို လစ်လျူရှုပြစ်ပယ်ထားခြင်းမရှိပါဘူး။ ယခင်တုန်းက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နောက်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် အဲ့ဒီအချိန်က ကျွန်တော်တို့ ငြိမ်းချမ်းရေးအသီးအပွင့်တွေ တော်တော့်ကိုအောင်မြင်မှုရရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ကျွန်တော်တို့ ကျောင်းတက်တဲ့ အစဉ်ကာလတုန်းက အစိုးရငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးမပေါ်ခင်မှာ ကျွန်တော်တို့ ၃၊ ၄၊ ၅ ညလောက် ညအိပ်ပြီးတော့မှ ကျောင်းသွားတက်ရတဲ့အခြေအနေမျိုးတွေ့ရတယ်။ သူပုန်၊ သူခိုး၊ ဓားပြ သောင်းကြမ်းသူတွေများပြားလွန်းလို့ ကျွန်တော်တို့မှာ ပုန်းလျှိုးကွယ်လျှိုးနဲ့ သွားရလာရတဲ့အခြေအနေကနေတစ်ဆင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ ငြိမ်းချမ်းရေးကို ကျွန်တော်တို့ တိုင်းရင်းသားပုဂ္ဂိုလ်များက အသီးသီးဝင်ရောက်လာတာကို ဝမ်းပမ်းတသာတွေ့မြင်ရမှာဖြစ်ပါတယ်။ သာဓကအားဖြင့် ဦးခွန်ဆာ ဦးဆောင်တဲ့ MTA ပုဂ္ဂိုလ်များ ဒါကျွန်တော်တို့ ရှမ်းပြည်နယ်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ထဲကို အင်အား ၁၀၀၀၀ ကျော်အထိ ဝင်ရောက်လာတာ တွေ့ရပါတယ်။ ယခင်တုန်းက တိုင်းမှူးယူထားတဲ့ အဘဦးတင်ထွတ် ဗိုလ်ချုပ်တင်ထွတ်လက်ထက်မှာ ဦးခွန်ဆာကနေပြီးတော့မှ သေနတ်ပြောင်းရှည်နှစ်လုံးပြူးကို တိုင်းမှူးလက်ထက်မှာပေးအပ်တဲ့ ဓာတ်ပုံအထောက်အထားတွေဟာ သမိုင်းဘယ်တော့မှမေ့ပျောက်နိုင်တဲ့ ကျွန်တော်တို့ရဲ့ အစိုးရတွေရဲ့ ယခင့်ယခင်အစိုးရများရဲ့ ကောင်းမြတ်တဲ့ဆောင်ရွက်ချက်ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီကောင်းမြတ်တဲ့အစဉ်အလာကို ယခုအစိုးရမှာလည်း ဆက်လက်ပြီးတော့မှ ဆောင်ရွက်နေတာကို ကျွန်တော်တို့တွေ့မြင်ရမှာဖြစ်ပါတယ်။ ဦးအောင်မြင့် ဦးဆောင်တဲ့

တိုင်းရင်းသားဖော်ဆောင်ရေးကော်မတီကနေပြီးတော့မှ ကျွန်တော်တို့ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ဖို့အတွက် သက်ဆိုင်တဲ့နေရာဒေသ၊ သက်ဆိုင်တဲ့အဖွဲ့အစည်း၊ သက်ဆိုင်တဲ့တိုင်းရင်းသားဒေသအသီးသီးမှာ နေ့မအား ညမအားနဲ့မောပန်းခြင်း၊ ပင်ပန်းခြင်း၊ ညည်းညူခြင်းမရှိဘဲ သွားရောက်ဆောင်ရွက်နေတာဟာ ကျွန်တော်တို့အတွက် ကောင်းမြတ်တဲ့ဆောင်ရွက်မှုလို့ပဲ ကျွန်တော်တို့မြင်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများရဲ့ကိုယ်စား အထူးပဲကျေးဇူးတင်ရှိပါတယ်ဆိုတဲ့အကြောင်း ကျွန်တော်လှိုက်လှိုက်ထောက်ခံတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမန်းဂျော်နီ(မြောင်းမြမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီးကောင်ကျိုးလိုရာဆန္ဒများပြည့်ဝကြပါစေ။ ကျွန်တော်ကတော့ မြောင်းမြမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့အစီအစဉ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် အစီရင်ခံတင်ပြသွားခဲ့တဲ့ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးဟာ ကျွန်တော်တို့တိုင်းပြည်အတွက် အင်မတန်မှ အရေးကြီးပါတယ်။ ဒီလိုအရေးကြီးတဲ့အချိန်အခါမှာ ယခုလို တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးအဖွဲ့ကို ဖွဲ့ပေးလိုက်တာဟာ တကယ်ပဲအနှစ်သာရရှိပါတယ်။ ဒါပေမယ့် ဒီအစီရင်ခံစာအရ အဖွဲ့ဝင် ၁၅ ဦးဖြင့်ဖွဲ့စည်းတာဝန်ပေးထားတယ်ဆိုတာသိလို့ တိုင်းနှင့်ပြည်နယ် ၁၅ ခုစလုံးကိုရောက်အောင်သွားပြီး စစ်ဆေးကြည့်ရှုနိုင်ဖို့ဆိုတာ အဖွဲ့ဝင်အရေအတွက် အင်မတန်မှ နည်းပါတယ်လို့ မြင်မိပါတယ်။ ဒါ့ကြောင့် ရိုးသားဖြောင့်မတ်ပြီး ပြည်သူများကို သစ္စာရှိတဲ့ ပြည်သူလူထုကို အလုပ်အကျွေးပြုမယ့် ကိုယ်စားလှယ်များဖြင့် အင်အားထပ်ဖြည့်ပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီအဖွဲ့ဟာ မွန်ပြည်နယ် တရားလွှတ်တော်ချုပ်၊ မော်လမြိုင်ခရိုင် တရားရုံး မော်လမြိုင်မြို့နယ် တရားရုံး၊ ကျိုက်မရောမြို့နယ် တရားရုံး၊ ကရင်ပြည်နယ် တရားလွှတ်တော်ချုပ်၊

ဘားအံတရားရုံး၊ ဘားအံမြို့နယ်တရားရုံး၊ ကယားပြည်နယ် လွိုင်ကော်တရားရုံး၊ လွိုင်ကော်မြို့နယ် တရားရုံး၊ ပြည်နယ်လွှတ်တော်ရုံး၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်တရားရုံး၊ တောင်ကြီးခရိုင် တရားရုံး၊ ပြည်နယ် လွှတ်တော်ရုံး၊ ပဲခူးတိုင်း သာယာဝတီခရိုင်တရားရုံး၊ သာယာဝတီမြို့နယ် တရားရုံး၊ ပြည်ခရိုင် တရားရုံး၊ ပြည်မြို့နယ်တရားရုံး၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် တရားရုံး၊ မအူပင်ခရိုင် တရား ရုံး စသည်အားဖြင့် တိုင်းမြို့ကြီး၊ ပြည်နယ်မြို့ကြီးတွေနဲ့ ခရိုင်ရုံးကြီးတွေကိုသွားပြီးတော့ လွှတ်တော် တက်နေတဲ့အချိန်ကြား လွှတ်တော်ရပ်နားလို့ မိမိတို့ဒေသမဲဆန္ဒနယ်ကိုပြန်သွားတဲ့အချိန်ကြားက ကြိုးပမ်းပြီးတော့ ဒီလောက်ဝေးလံခက်ခဲတဲ့နေရာတွေကို ရောက်အောင်သွားခဲ့တာသိရလို့ အင်မတန်မှ ဝမ်းသာပါတယ်။ အင်မတန်မှ ဂုဏ်ပြုပါတယ်။ ဒီလိုပဲ တိုင်းဒေသကြီးများရှိတဲ့ရုံးများ၊ တိုင်းဒေသကြီး များမှာရှိတဲ့တရားရုံးများ၊ ပြည်နယ်များမှာရှိတဲ့တရားရုံးများကိုရောက်ရှိပြီးတော့ အမှုသည်များ၊ သက် သေများ၊ တာဝန်ရှိသူများနှင့် မေးမြန်းဆွေးနွေးခဲ့ကြတာကိုလည်း ကြားသိရလို့ ထိုအရပ် ထိုဒေသမှာရှိ တဲ့တရားရုံးများကို ကိုယ်တိုင်ကိုယ်ကျထိတွေ့ခဲ့ရကြပြီဖြစ်လို့ သူတို့တွေ တရားရုံးတွေ တကယ့်အရှိ တိုင်း ဖော်ပြနေတာဟုတ်/မဟုတ်၊ မိတ်ကပ်ခြယ်ပြနေတာလား။ ပွင့်လင်းမြင်သာမှု ဘယ်လောက် အတိုင်းအတာအထိ လုပ်ပြနေတယ်ဆိုတာ သိနိုင်ပါတယ်။ ဒါ့ကြောင့် လာမည့်တစ်နှစ်သာ ခရီးစဉ် ထွက်တဲ့အခါမှာ ကြိုတင်အသိမပေးဘဲ။ အခုသွားတာ ကြိုတင်အသိပေးပြီးမှသွားတာ။ ဟိုတစ်နှစ် နောက်လာမယ့်နှစ်ကျရင် ကြိုတင်အသိမပေးဘဲ Surprises Check ရှောင်တခင်ပုံစံမျိုးကိုတော့ ကြားညှပ်ပြီးတော့ သုံးသွားသင့်တယ်လို့ အကြံပြုလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီသက်တမ်းတစ်နှစ်အတွင်းမှာ ကဏ္ဍအသီးသီးနဲ့ တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များ ၁၁၂၅၉ ကျော်ရှိတယ်လို့သိရ တဲ့အတွက် ဒါတွေဟာ ပြည်သူ့အသံတွေပဲ ဒီစာတွေဟာ ဒါတွေဟာ ပြည်သူတွေတရားဥပဒေနှင့် ပတ်သက်ပြီး ဘယ်လောက်ခံစားနေရသလဲ။ တရားဥပဒေဘယ်လောက်လိုအပ်နေသလဲ။ ဒီတရား ဥပဒေရုံးတွေမှာ၊ မြို့နယ်တွေမှာ အနိုင်ကျင့်မှု၊ လှည့်ဖြားမှုတွေကို ခါးသီးစွာ ဘယ်လောက်ခံနေရလို့ ပြည်သူတွေ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးမှ ဖွဲ့စည်းပေးလိုက်တဲ့အခါ ဒီကော်မတီကို ပြည်သူတွေဘယ်လောက်အားကိုးအားထားပြုနေကြ သလဲဆိုတဲ့ ဒါအဓိက ထင်ရှားတဲ့သက်သေဖြစ်နေပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေ စိုးမိုးရန် တရားသူကြီးတွေ အဂတိတရားလေးပါးကင်းပြီး ရဲရင့်တည်ကြည်စွာဥပဒေပြဋ္ဌာန်းချက် အတိုင်း ဆုံးဖြတ်ကြဖို့အင်မတန်အရေးကြီးပါတယ်။ ဥပဒေအရာရှိများ၊ ရှေ့နေများ၊ မိမိတို့၏သိက္ခာ ကိုကျင့်ဝတ် သိက္ခာကိုစောင့်ထိန်းလိုက်နာပြီး ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြဖို့လည်းလို

ပါတယ်။ မှုခင်းဆရာဝန်များလည်း မိမိတို့စစ်ဆေးတွေ့ရှိချက်များကို တရားရုံးသို့ မှန်မှန်ကန်ကန်တင်ပြကြဖို့ အရေးကြီးပါတယ်။ တရားစီရင်ရေးမှာ ပိုပြီးတော့ အရေးကြီးတာကတော့ အုပ်ချုပ်ရေးပိုင်းလုပ်ပိုင်ခွင့်ရှိတဲ့အာဏာပိုင်အုပ်ချုပ်ရေးပိုင်းကနေပြီးတော့ ဝင်ရောက်စွက်ဖက်မှုမပြုဖို့ သိပ်အရေးကြီးပါတယ်။ နောက်ဆုံးအနေနဲ့ ပြည်သူ့ရဲမျှားအနေနဲ့ မူးယစ်ဆေးဝါးသုံးစွဲသူများကို အဓိကဖမ်းတယ်။ ဒါပေမယ့် ရောင်းချသူများကို မျက်ကွယ်ပြုထားတယ်။ မူးယစ်ဆေးဝါးပြဿနာကြီးထွားနေပေမယ့် ဖမ်းဆီးတရားစွဲဆိုခြင်းက အင်မတန်မှနည်းနေတာကို သိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာခြံမြေများ ဥပဒေမဲ့သိမ်းဆည်းခံထားရခြင်း၊ လယ်ယာမြေနဲ့ အခြားမြေများသိမ်းဆည်းခံရခြင်းမှ ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏အစီရင်ခံစာအရ ဆုံးဖြတ်ပြီးဖြစ်သော်လည်း မူလပိုင်ရှင်များထံပြန်မရသေးခြင်း၊ ကျူးကျော်မှုဖြင့်ပင် ပြန်လည်တရားစွဲဆိုခံထားရခြင်းရှိပါတယ်။ ဥပမာ ခြေလျင်တပ်ရင်း (၉၈) ဖျာပုံ၊ ခြေလျင်တပ်ရင်း (၂၇) မအူပင်တို့ဟာ မြောင်းမြမြို့နယ် အခြေစိုက်တပ်များမဟုတ်ကြပါဘူး။ ဒီတပ်တို့က ၂၀၀၅ ခုနှစ်မှစပြီးတော့ ကျူးကျော်ဝင်ရောက်သိမ်းယူပြီး ရော်ဘာပင်များကို ဧကအနည်းငယ် စိုက်ပျိုးထားကြပါတယ်။ မြောင်းမြမြို့နယ်၊ မြေပုံအုပ်စုတွင် လုပ်ကိုင်စားသောက်တဲ့ တောင်သူကြီးများဖြစ်တဲ့ ဦးအောင်မြင့်၊ မောင်မိုးလွင်၊ မောင်အောင်ကြီး၊ ဦးဟန်ကြည် မကသေးပါဘူး။ ကညွတ်ကိုင်းဒေသမှာလည်းပဲ အသိမ်းခံနေရပါတယ်။ တပ်များက ၎င်းတို့ရော်ဘာပင်စိုက်တဲ့မြေဧကအတွက် လျော်ကြေးပေးဖို့နေနေသာသာ တပ်မြေကိုကျူးကျော်တယ်ဆိုပြီးတော့ ပုဒ်မ ၄၄၇ အရ ထပ်မံပြီး မြောင်းမြမြို့နယ်တရားရုံးမှာ တောင်သူတွေကိုတရားစွဲတာခံနေရပါတယ်။ ၅-၇-၂၀၁၃ မှာတစ်ကြိမ်၊ ၁၂-၇-၂၀၁၃ မှာတစ်ကြိမ်၊ ၁၈-၇-၂၀၁၃ မှာတစ်ကြိမ် ၃၀-၇-၂၀၁၃ မှာတစ်ကြိမ် ထပ်မံပြီးတော့ ၂၃-၈-၂၀၁၃ ရက်မှာတစ်ကြိမ် ရုံးချိန်းထပ်ချိန်းခဲ့ပြန်ပါတယ်။ ဒီတပ်တွေဟာ ကာကွယ်ရေးဝန်ကြီးလက်အောက်တပ်တွေမှ ဟုတ်ကြရဲ့လား။ ကိုယ့်ပြည်သူပြည်သားတွေကို ဒီလောက်စိမ်းကားစွာ တရားစွဲနေတာ ဘယ်ကတပ်တွေလဲ။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် တတိယနေ့အစီအစဉ်မှာ ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် ပြည်ထောင်စုလွှတ်တော်မှာ လာရှင်းပြသွားတာနဲ့ဆိုရင် ဒီတပ်နှစ်ခုဟာ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေပါတယ်။ သူတို့ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးရဲ့ ရှင်းပြသွားတာကို နားမထောင်မိလို့လား။ မနာခံချင်လို့လား။ ဒါကတော့ သူတို့အပေါ်မှာမူတည်ပါတယ်။ တရားရုံးတွေကရော ဒီလိုတိုင်ကြားတဲ့အခါမှာ ဘယ်လိုဆုံးဖြတ်ကြပါသလဲ။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကတော့ ပြည်သူတွေကခန့်လို့ဖြစ်လာတာ။ ပြည်

သူတွေအတွက် ရပ်တည်ရမယ့် မဏ္ဍိုင်ဖြစ်နေရမယ်။ Check and Balance သမာဓိရှိရှိ ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးပမာ ပြည်သူကိုအလုပ်အကျွေးပြုရမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တာဝန်ပါ။ ပြည်သူ ပြည်သားတွေထဲမှာ တပ်မတော်သားတွေလည်းပါပါတယ်။ ဒါပါပဲ။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဝင် ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့အစီအစဉ်မှာတင်သွင်းခဲ့တဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာအပေါ် ဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကော်မတီဝင်တစ်ဦးဖြစ်ပြီး မိမိကော်မတီရဲ့ အစီရင်ခံစာအပေါ် ဖြည့်စွက်ဆွေးနွေးဖို့လိုသလားလို့ မေးဖို့ရှိပါတယ်။ တကယ်တော့ ကျွန်တော်တို့ ကော်မတီရဲ့ အစီရင်ခံစာက လိုအပ်တာတွေ အားလုံးပါအောင် အောက်လိုင်းလောက်ပဲ ရေးသားတင်ပြခဲ့တာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဖြည့်စွက်ဆွေးနွေးနိုင်အောင်လည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့တာဝန်တွေထဲက အပိုဒ် ၄ အပိုဒ်ခွဲ(က)မှာ ကော်မတီသည် ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်သူ့အစိုးရတရားရေးအဖွဲ့အစည်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ သတင်းမီဒီယာနှင့်သက်ဆိုင်သူအားလုံးတို့သည် တရားဥပဒေနှင့်အညီ နေထိုင်ပြုမူလုပ်နာဆောင်ရွက်နိုင်ရေးအတွက် နှိုးဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထိန်းညှိကူညီခြင်းပြုရမည်။ အရေးယူဆောင်ရွက်ရန်ရှိပါက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်လို့ ပါပါတယ်။ အပိုဒ်ခွဲ(ဂ)မှာဆိုရင်လည်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုမှတစ်ဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအောင်မြင်လာရေးအတွက် လေ့လာသုံးသပ်ဆောင်ရွက်ရမည်လို့ ဖော်ပြထားပါတယ်။ နောက်အပိုဒ်ခွဲ(င)မှာ သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ တုံ့ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့်ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင်ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်

ထိန်းညှိကူညီရမည်ဆိုပြီးတော့ ထည့်ထားပါတယ်။ အပိုဒ်ခွဲ(စ)မှာလည်း သက်ဆိုင်ရာနယ်ပယ် အသီးသီးရှိဌာန အဖွဲ့အစည်းများနှင့်ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ တင်ပြချက်များကို စိစစ်၍ ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်လို့ တာဝန်များ ပေးအပ်ထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီသည် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးကိစ္စအားလုံး နှင့် သက်ဆိုင်နေတာဖြစ်ပါတယ်။ သို့သော်လည်း အစီရင်ခံတဲ့ကာလမှာတော့ ကော်မတီအနေနဲ့ တရား စီရင်ရေးကိစ္စလောက်ကိုပဲ ထဲထဲဝင်ဝင်လေ့လာနိုင်ခဲ့ပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအပိုင်းမှာတော့ တိုင်ကြားစာများအပေါ်မှာပဲ လေ့လာသုံးသပ်နိုင်ခဲ့တာဖြစ်ပါတယ်။ တိုင်ကြားစာများကိုကြည့်ရင် တရားစီရင်ရေးနှင့်စပ်လျဉ်းပြီးတော့ စောင်ရေ ၃၈၀၀၊ အုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီးတော့ စောင်ရေ ၃၆၀၀ ဖြစ်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် အုပ်ချုပ်ရေးရဲ့ အားနည်းချက်၊ လိုအပ်ချက် တွေဟာ တရားစီရင်ရေးပိုင်းမှာဖြစ်ပေါ်နေတဲ့ အားနည်းချက်၊ လိုအပ်ချက်တွေနဲ့ ဆတူလောက်ဖြစ်နေ တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးနှင့်စပ်လျဉ်းတဲ့ တိုင်ကြားစာတွေထဲကလည်း မြို့နယ် အဆင့်ပေါ်မှာ တိုင်ကြားတာများနေတာတွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစီရင်ခံစာမှာ ပါတဲ့ အဆင့်ဆင့်သော အုပ်ချုပ်ရေးမှူးများသည် ဝန်ထမ်းများဖြစ်ကြ၍ ပြည်သူလူထုကို ဗဟိုမပြုဘဲ အထက်လူကြီးများကိုသာ ဗဟိုပြုနေခြင်းဆိုတဲ့အပိုဒ်ကို အကျယ်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဩဂုတ်လ ၉ ရက်နေ့ နေပြည်တော်မှာ သမ္မတကြီးမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးချုပ် များကို အမိကမှာကြားခဲ့တဲ့အချက်တွေထဲမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မြို့နယ်အဆင့်သည် အခြေခံကျပြီးဆိုတဲ့ စကားလုံးပါသလို မြို့နယ်ကော်မတီ အသီးသီးအနေဖြင့် အစည်းအဝေးများကျင်းပရာတွင် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များကိုပါ ဖိတ်ကြားပြီး ပြည်သူများ၏ လူမှုစီးပွားရေးလိုအပ်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ အခြေခံအဆောက်အအုံလိုအပ်ချက်များအနက် ဦးစားပေးများ ကိုရွေးချယ်ပြီး မြို့နယ်အဆင့်/ခရိုင်အဆင့်/တိုင်းဒေသကြီး/ပြည်နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်း များ၊ လွှတ်တော်များသို့ အဆင့်ဆင့်တင်ပြသင့်သည်များကို ဘတ်ဂျက်၊ ငွေကြေး၊ ရင်းနှီးမြှုပ်နှံမှု အလားအလာပေါ် မူတည်ရွေးချယ်ပြီး ညှိနှိုင်းတင်ပြသည့်အစီအစဉ်များ ဆောင်ရွက်သွားရန်လို့ လမ်းညွှန်မှာကြားခဲ့တာကို ဖတ်ရှုရပါတယ်။ ကျွန်တော်လေ့လာတွေ့ရှိရတဲ့ မြို့နယ်ကော်မတီတွေက တော့ ၁၇ ခုလောက်ရှိပါတယ်။ အဲ့ဒါတွေကတော့ အားကစားနှင့် ကာယပညာကြီးကြပ်ရေးကော်မတီ၊ မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီ၊ ပုဂ္ဂလိက ကျန်းမာရေးကော်မတီ၊ ပညာရေးကြီးကြပ်မှု

ကော်မတီ၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးကြီးကြပ်မှုကော်မတီ၊ မြို့နယ်အလုပ်သမားကြီးကြပ်မှုကော်မတီ၊ အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်လုံခြုံရေးနှင့်တည်ငြိမ်ရေးလုပ်ငန်းကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကော်မတီ၊ မြို့နယ်ပို့ဆောင်ရေးညှိနှိုင်းမှုကော်မတီ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးကော်မတီ၊ မှုခင်းကျဆင်းရေးကြီးကြပ်မှုကော်မတီ၊ မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပြန်လည်ထူထောင်မှုကြီးကြပ်ရေးကော်မတီ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်သာယာလှပရေးနှင့် စည်ပင်သာယာရေးကော်မတီတို့ဖြစ်ကြပြီးတော့ မြို့နယ်အုပ်ချုပ်ရေးမှူးကကော်မတီအားလုံးမှာ ဥက္ကဋ္ဌဖြစ်ပါတယ်။ သက်ဆိုင်ရာမြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းတွေကအတွင်းရေးမှူးဖြစ်ကြပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတွေနဲ့ တိုက်ရိုက်ထိတွေ့တဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးများအနေနဲ့ မှန်မှန်ကန်ကန်ရဲရဲဝံ့ဝံ့လုပ်ကိုင်ကြမယ်ဆိုရင် ယခုတိုင်ကြားစာရဲ့ ၇၅ ရာခိုင်နှုန်းလောက်ကလျော့ပါးသွားမှာဖြစ်ပါတယ်။ သို့သော်အုပ်ချုပ်ရေးမှူးတွေက ဝန်ထမ်းတွေဖြစ်တဲ့အတွက် အကြီးအကဲများရဲ့ အရိပ်အကဲကိုကြည့်ပြီးဆောင်ရွက်နေရတဲ့အတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာလူထုများမှ မကျေနပ်လို့ ယခုလိုတိုင်ကြားစာများ များပြားနေရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်တွေကို နိုင်ငံပိုင်သတင်းစာ၊ တီဗွီ၊ ရေဒီယိုကနေကြော်ငြာပေးပေမယ့်လည်း မြို့နယ်အုပ်ချုပ်ရေးမှူးများအနေနဲ့ အထက်ဌာနက ညွှန်ကြားချက်မရသေးလို့ဆိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေကို မြို့နယ်ကော်မတီအစည်းအဝေးတွေမှာ ဖိတ်ကြားချင်မှ ဖိတ်ကြားမှာဖြစ်ပါတယ်။ သမ္မတကြီးရဲ့ လမ်းညွှန်ချက်ကို ပြည်ထောင်စုပြည်ထဲရေးဝန်ကြီးဌာနက ထပ်ဆင့်ညွှန်ကြားမလား။ ဒါမှမဟုတ်ရင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တွေက ထပ်ဆင့်ညွှန်ကြားမလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးများက လွှတ်တော်ကိုယ်စားလှယ်များကို မဖိတ်ကြားဘူးဆိုရင်တော့ ပြည်ထောင်စုပြည်ထဲရေးဒုတိယဝန်ကြီးပြောခဲ့သလိုပဲ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း သာမန်ပြည်သူတစ်ယောက်လိုပဲ သဘောထားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူကရွေးချယ်ထားတဲ့ ပြည်သူကို ဗဟိုပြုရတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီများမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မြို့နယ်ကော်မတီများမှာ အစည်းအဝေးမှာပါဝင်ခြင်းဖြင့် အုပ်ချုပ်ရေးမှူးများလည်း ပြည်သူကို ဗဟိုပြုလာနိုင်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်သုံးသပ်ချက်တစ်ခုကတော့ အမှန်တကယ်လုပ်ကိုင်မည့် အင်းလုပ်သားများထံ အင်းများကို ဥပဒေနှင့်အညီ လေလံမပစ်ခြင်းဆိုတဲ့အညီဆိုတဲ့အပိုဒ်ကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒိုက်ဦးမြို့နယ်အတွင်းမှာ အင်းပေါင်း ၄၉ အင်းရှိတဲ့နေရာမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လေလံပစ်တဲ့အခါမှာ ကျပ်သိန်းပေါင်း ၇၀၂၉၈၅၀၀ နိုင်ငံတော်က ရရှိပါတယ်။ အဲ့ထဲမှာ အတ္ထရံအထက်အောက်အင်းဆိုရင် နိုင်ငံတော်က ကျပ် ၂၂ သိန်းရရှိပြီးတော့ တစ်ဆင့်ပြန်ဝယ်ရတဲ့လူက ကျပ်သိန်း ၉၀ ပေးရပါတယ်။ ခမွန်လေးကျွန်းအင်းဆိုလို့ရှိရင် ကျပ် ၂၀၅၀၀၀၀ ရရှိပြီးတော့ တစ်ဆင့်ပြန်ဝယ်တဲ့လူက ကျပ်သိန်း ၂၃၆ သိန်းနဲ့ပြန်ဝယ်ပြီးလုပ်ရပါတယ်။ အထက်အင်းဆိုရင်လည်း နိုင်ငံတော်က ကျပ် ၁၁၂၀၀၀၀ နဲ့ ရရှိပြီးတော့ တစ်ဆင့်ပြန်ဝယ်တဲ့လူက ကျပ်သိန်း ၉၀ ပေးရပါတယ်။ အင်းပေါင်း ၄၉ အင်းကို ကျပ်သိန်းပေါင်း ၇၀၂၉၈၅၀၀ ကျပ်ရရှိတဲ့အချိန်မှာ တကယ်လုပ်တဲ့အင်းလုပ်သားတွေက ကျွန်တော်တင်ပြခဲ့တဲ့ အင်း ၃ အင်းမှာတင် ကျပ်သိန်းပေါင်း ၄၁၆ သိန်းပေးနေရပါတယ်။ နိုင်ငံတော်ကရသင့်တဲ့ အခွန်တွေ ဆုံးရှုံးရသလို တကယ်လုပ်တဲ့အင်းသူကြီးများမှာလည်း တစ်နင့်တပိုးပေးရတဲ့အတွက် ပေးရတဲ့ငွေကာမိအောင် ရေချိုလုပ်ငန်းဥပဒေကို ချိုးဖောက်ပြီးတော့ ငါးနေငါးဒိုင်တောများ ပျက်စီးအောင်လုပ်ခြင်း၊ အင်းမကြီး ရေစီးရေလာပျက်ပြားစေရန် အင်းအိုင်ရဲ့သဘာဝအခြေအနေကို ထိခိုက်အောင်ပြုလုပ်ခြင်းများကြောင့် ရေကြီးရေလျှံဖြစ်ပြီးတော့ လယ်သမားတွေနဲ့ ခိုက်ရန်ဖြစ်ပွားကြပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော် ပထမအကြိမ် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ အောက်ပါကြယ်ပွင့်ပြမေးခွန်းများမေးမြန်းခဲ့ပါတယ်။ (၁)နိုင်ငံပိုင်အင်းများမှာ အမှန်တကယ်လုပ်ကိုင်တဲ့ အင်းသူကြီးများ လက်ဝယ်သို့ တိုက်ရိုက်ချပေးနိုင်သည့် ပွင့်လင်းမြင်သာမှုရှိသော လေလံစနစ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ။ (၂) ကြေးတိုင်ချထားတဲ့နိုင်ငံပိုင်အင်းများအားလုံးကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်မှ စတင်ရပ်ဆိုင်းပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ ပွင့်လင်းမြင်သာမှုရှိသည့် လေလံစနစ်ဖြင့် ပြန်လည်ချထားပေးနိုင်ခြင်းရှိ/မရှိ။ (၃) အင်းလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ပြည်သူများသိရန်အတွက် နိုင်ငံပိုင်သတင်းစာနှင့် ပုဂ္ဂလိကဂျာနယ်များမှာ ထည့်သွင်းပေးနိုင်ခြင်းရှိ/မရှိ။ (၄) ကတော့ လယ်ယာစိုက်ပျိုးရေးအတွက် လယ်ကြားမြောင်းများကို တူးဖော်ပေးခြင်းအား အင်းဂရမ်ချပေးတဲ့အတွက် ရေလမ်းကြောင်းများပိတ်ဆို့ပြီး ရေများနစ်မြုပ်ဆုံးရှုံးနေသည်ကို သိ/မသိမေးမြန်းခဲ့ပါတယ်။ ၎င်းမေးခွန်းအပေါ် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာက စာနှင့်ပြန်ဖြေပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ စတင်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကို ဂရမ်အင်းများနှင့်ပတ်သက်၍ အငှားချထားခြင်း၊

လေလံတင် ရောင်းချခြင်း၊ စီမံခြင်း၊ ကွပ်ကဲခြင်း၊ လမ်းညွှန်ဆောင်ရွက်ခြင်းစသည့် ရေလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုများအား လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း နိုင်ငံတော်သမ္မတမှ အင်းလေလံတင်ရောင်းချခြင်း လုပ်ငန်းအား ထင်သာမြင်သာရှိစေရေး၊ အများရှေ့တွင် Open Tender ဈေးပြိုင်ရောင်းချရန်၊ ပန်းကြီးသမားလုံးဝမပါဝင်စေရ၊ ကိုယ်တိုင်အင်းလုပ်ငန်းလုပ်ကိုင်သူသာ လေလံအောင်စေရန် လွှဲပြောင်းရောင်းချခွင့်မပြု၊ နိုင်ငံပိုင်ဆည်များ၊ အများပြည်သူများ စားသုံးရှာဖွေဖမ်းဆီးသည့် နေရာများမပါဝင်စေဘဲ အင်းအမည်ပေါက်များသာ လေလံတင်ရောင်းချစေရန် လမ်းညွှန်မှာကြားခဲ့ကြောင်း နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များကို တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနများမှ လိုက်နာရန် ထပ်ဆင့်ညွှန်ကြားပြီးဖြစ်ကြောင်း နိုင်ငံပိုင်အင်းများအား အမှန်တကယ်လုပ်ကိုင်သူ အင်းသူကြီးများကို တိုက်ရိုက်ချစနစ်ဖြင့်လည်းကောင်း၊ ပွင့်လင်းမြင်သာမှုရှိသော လေလံစနစ်ဖြင့် လည်းကောင်း လုပ်ပိုင်ခွင့်ချထားပေးလျက်ရှိကြောင်း ဖြေကြားခဲ့ပါတယ်။ ဒါပေမယ့်လို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကိုယ်တိုင်အင်းလုပ်ကိုင်သူမဟုတ်ဘဲ အင်းသူကြီးမဟုတ်တဲ့ ၁၃ ဦးကို ကြေးတိုင်အင်းဆိုပြီးတော့ချထားပေးတာ တွေ့ရပါတယ်။ ၎င်းအပြင် နာမည်ခံပွဲစားတွေလည်း ပါတယ်လို့ သိရပါတယ်။ သူတို့ကနေတစ်ဆင့် အင်းသူကြီးတွေကို ပြန်ရောင်းပါတယ်။ အဲ့ဒီနာမည်ခံယူပြီးတော့ ပြန်ရောင်းတဲ့အထဲမှာလည်း တိုင်းအဆင့်အရာရှိအချို့ ပါတယ်လို့ပြောနေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကြေးတိုင်အင်းများချထားပေးခြင်းကတော့ ငါးမျိုးမကျန်နိုင်ဘဲ အကုန်အစင်ဖမ်းဆီးခြင်းကြောင့် ငါးမျိုးပြုန်းတီးခြင်း၊ အင်းများကို ပုံမှန်ပြုပြင်ခြင်းနှင့် အင်းအတွင်း သဘာဝ ငါးအပြင်မွေးမြူရေးငါးများ ထည့်သွင်းဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် ရေရှည်တွင် အင်းရေပြင်နှင့် ငါးထွက်ရှိမှုများ တစ်စတစ်စလျော့နည်းကာ အင်းကောအင်းပျက်အဆင့်သို့ ရောက်ရှိလာမည်ဖြစ်ပါသည်လို့ ဖြေပါတယ်။ တကယ်လက်တွေ့မှာတော့ တစ်ဆင့်ခံဝယ်ယူရတဲ့အင်းသူကြီးတွေက ပေးရတဲ့ငွေကာမီအောင် ငါးမျိုးစိတ်တွေချန်ဖို့မဆိုထားနဲ့ အင်းရေခမ်းသွားတဲ့အခါမှာ မြေကြီးကို လှန်ပြီးတော့ ငါးရှဥ့်တွေပါဖမ်းတဲ့အတွက် အင်းတွေက ပျက်စီးနေရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတွေက ကောင်းအောင်ရေးဆွဲထားပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း သေချာညွှန်ကြားထားပါတယ်။ ဒါကိုအကောင်အထည်ဖော်တဲ့တာဝန်ရှိသူများက လိုက်နာဆောင်ရွက်ခြင်းမရှိရင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီ၏ အကြံပြုချက်တွင် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ခြင်းဆိုသည်မှာ တိုင်းရင်းသားပြည်သူ ပြည်သားအားလုံး ပူးပေါင်းလုံခြုံရေးအတွက် စိတ်အေးချမ်းသာစွာဖြင့် တရားဥပဒေ၏ အကာအကွယ်အတွင်းမှ လက်ရည်တစ်ပြင်တည်း နေထိုင်လုပ်ကိုင်စားသောက်နိုင်ကြမည့်

ငြိမ်းချမ်းရေးမျိုးဖြစ်ရန် ရည်ရွယ်ချက်ထားရှိရပါမည်လို့ အကြံပြုထားပါတယ်။ ပြည်သူပြည်သား အားလုံးဘဝလုံခြုံမှုနှင့်စိတ်အေးချမ်းသာစွာ တရားဥပဒေရဲ့အကာအကွယ်အတွင်းရှိဖို့ဆိုရင် ပြည်သူတွေကို အကာအကွယ်ပေးရမယ့် တပ်မတော်နှင့် ပြည်သူ့ရဲတပ်ဖွဲ့က ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အလားတူပဲ ငြိမ်းချမ်းရေးဖော်ဆောင်မယ့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း ပြည်သူတွေကို အကာအကွယ်ပေးရမှာပဲဖြစ်ပါတယ်။ ပြည်သူတွေဆီက ငွေတို့၊ ပစ္စည်းတို့ တောင်းနေရင် ပြည်သူတွေက စိတ်အေးချမ်းသာရှိမှာမဟုတ်ပါဘူး။ ဒါကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများမှာရှိတဲ့ လက်အောက်ငယ်သားတွေရဲ့ စားဝတ်နေရေးကို တာဝန်ရှိသူတွေက ဖြည့်ဆည်းပေးရမှာ ဖြစ်ပါတယ်။ လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ လက်အောက်ငယ်သားတွေ စားဝတ်နေရေးပြေလည်မှ ပြည်သူတွေလည်းအေးချမ်းမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကော်မတီအနေနဲ့ အထက်ပါအတိုင်း အကြံပြုရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကော်မတီအနေနဲ့ ပေးအပ်တဲ့တာဝန်တွေကို ထမ်းဆောင်ရာမှာ ကော်မတီဝင်များအနေနဲ့ မိမိမဲဆန္ဒနယ်မှ ပြည်သူများနှင့်ထိတွေ့၍ လိုအပ်သည်များဖြည့်ဆည်းရခြင်း၊ အခြားကော်မတီ၏ တာဝန်များထမ်းဆောင်ရခြင်းများကြောင့် အားနည်းချက်၊ လိုအပ်ချက်များရှိနေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများမှလည်း ကျွန်တော်တို့ ကော်မတီရဲ့ အစီရင်ခံစာအပေါ် ပွင့်ပွင့်လင်းလင်းအကြံပြုဆွေးနွေးမယ်ဆိုရင်လည်း ကြိုဆိုကြောင်းတင်ပြလိုပါတယ်။ ကျန်တဲ့အကြိမ်ကာလများမှာ ကျွန်တော်တို့ ကော်မတီအနေနဲ့ ပိုမိုကြိုးစားလုပ်ကိုင်သွားပါ့မယ်လို့ တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်အပေါင်း ကိုယ်ရဲ့ ကျန်းမာခြင်း၊ စိတ်ရဲ့ ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ ဖြစ်ပါတယ်။ ဒီမှာ အဖွဲ့ဝင် ၁၅ ဦးပါတဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ ၂၅-၇-၂၀၁၃ နေ့မှာ ပြုလုပ်တဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၀)ရက်နေ့မှာ တင်သွင်းတဲ့ အစီရင်ခံစာကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အချိန်ကိုငဲ့ညှာသောအားဖြင့် ၂ ချက်ပဲ အဓိကထားပြီးဆွေးနွေးသွားပါမယ်။ ပထမအချက်ကတော့ အစီရင်ခံစာမှာ တွေ့ရှိချက်အနေနဲ့ အမှတ်စဉ်(၁)မှာ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေများနှင့်အညီ တရားစီရင်ကြရပါမည်။ ဥပဒေ

အချို့၏ အားနည်းချက်များကြောင့် ပြည်သူများနစ်နာမှုကို တွေ့နေရပါသည်ဆိုတဲ့အချက်နဲ့ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ မှာ အခန်း(၄) ဥပဒေပြုရေး၊ အခန်း(၅) အုပ်ချုပ်ရေး၊ အခန်း(၆) တရားစီရင်ရေးနှင့် အခန်း(၈)မှာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနှင့် တာဝန်များကို ရှင်းလင်းတိကျစွာဖော်ပြပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း တာဝန်စယူတဲ့နေ့မှာ ပြောတဲ့မိန့်ခွန်းမှာဆိုရင် ကောင်းမွန်တဲ့အုပ်ချုပ်ရေး၊ သန့်ရှင်းတဲ့အစိုးရဖြစ်အောင် ဆောင်ရွက်မှာဖြစ်ကြောင်း နိုင်ငံနှင့်နိုင်ငံသားများကို ကတိပြုပြီး ပြည်ထောင်စုအစိုးရတာဝန်များကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ ဥပဒေပြုတဲ့ လွှတ်တော်များဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အသီးသီးကလည်း နိုင်ငံနှင့်နိုင်ငံသားများရဲ့ အကျိုးစီးပွားအတွက် ဥပဒေသစ်များပြဋ္ဌာန်းခြင်း၊ ခေတ်နှင့်မညီတဲ့ ဥပဒေများဖျက်သိမ်းခြင်း၊ တင်သွင်းသည့်ဥပဒေများကို ပြင်ဆင်ခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေပြုစုမယ်ဆိုကတည်းက တိကျတဲ့မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေ အလိုက်အကောင်အထည်ဖော်ပြီးတော့ ပြည့်စုံအောင်၊ ချို့ယွင်းချက်မရှိအောင် ရေးဆွဲခဲ့တာကြီးပဲ ဖြစ်ပါတယ်။ ဥပဒေအားနည်းချက်ဆိုသည်ထက် ဥပဒေကို မလိမ့်တပတ်အသုံးချပြီးတော့ ကိုယ်ကျိုးရှာသူများကြောင့် တရားစီရင်ရေးနှင့်အုပ်ချုပ်ရေးကဏ္ဍတွေမှာ အားနည်းရခြင်း ဖြစ်ပါတယ်။ မှတ်မိတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့စကားနဲ့ပြောရမယ်ဆိုရင် နိုင်ငံရေးဆိုတာ ယုတ်မာညစ်ထေးတဲ့အရာမဟုတ်ဘူး နိုင်ငံရေးကို ညစ်ထေးအောင်လုပ်သူများသာ ယုတ်မာသူများဖြစ်ကြတယ်ဆိုတဲ့ စကားလိုပဲ ဥပဒေတို့၊ တရားစီရင်ရေးတို့၊ အုပ်ချုပ်ရေးတို့ဟာ ညစ်ပတ်ချို့ယွင်းတဲ့အရာတွေမဟုတ်ဘဲနှင့် အဲ့ဒါတွေကို ချို့ယွင်းအောင်ဖန်တီးသူများသာ ညစ်ပတ်သူများဖြစ်တယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ ကော်မတီတွေ့ရှိချက်ပါ အမှတ်စဉ်အားဖြင့် ရေတွက်ပါက အမှတ်စဉ် ၂ မှ ၇ အထိ အကြံပြုချက် ၆ ချက်ကိုတွေ့ရပါတယ်။ အဲ့ဒီမှာ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ပြည်သူ့ရဲအရာရှိများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ အဖွဲ့အစည်းများလုပ်ငန်းဆောင်ရွက်ရာမှာ လိုက်နာသင့်သည်ကို အကြံပြုထားတာတွေ့ရပါတယ်။ တာဝန်ရှိကြတဲ့ ပုဂ္ဂိုလ်အသီးသီးနဲ့ အဖွဲ့အစည်းအသီးသီးတို့အား မိမိတို့တာဝန်ကို အများစုမှာ အကောင်းဆုံးဆောင်ရွက်ကြတယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် တချို့ပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းတွေအနေနဲ့ လုပ်ငန်းပြီးမြောက်ရေးကိုသာ အဓိကထားပြီးတော့ ပြည်သူတွေရဲ့ ရပိုင်ခွင့်နှင့် အခွင့်အရေးများ မနစ်နာစေရန် ဥပဒေနှင့်အညီ အကာအကွယ်ပေးရန် အားနည်းနေသေးကြောင်းကိုတွေ့ရပါတယ်။ ဥပမာနီးနီးကပ်ကပ်ပြောရမယ်ဆိုရင် လက်ရှိ ကျွန်တော်တို့ အခြေအနေအတွင်းမှာဖြစ်နေတဲ့ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ဝေါမြို့ပေါ်မှာတောင်မှ မချို

ဆိုတဲ့အမျိုးသမီးဟာ သူ့ခင်ပွန်းအသတ်ခံရတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့မှာ ပျောက်ဆုံးခဲ့ပြီးတော့ အလောင်းကိုကတော့ ဩဂုတ်လ ၁၄ ရက်နေ့မှာ အလောင်းတွေ့ပါတယ်။ ဒါပေမယ့် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့အထိ ထူးခြားမှုမရှိတဲ့အတွက် ကျွန်တော်ကိုအကူအညီတောင်းတဲ့အတွက် ကျွန်တော်ကလည်း ဝေါမြို့နယ်ရဲစခန်းမှူး ဆင့်ကဲဆင့်ကဲအနေနဲ့ တိုက်ရိုက်အပေါ်မတင်ပြဘဲနဲ့ ကိုယ့်မြို့နယ်မှာပင်ပြီးအောင်ဆိုပြီးတော့ စခန်းမှူး၊ မြို့နယ်မှူးများနှင့် ဆက်သွယ်တဲ့အခါမှာလည်း ထူးခြားမှုသိပ်မရတဲ့အတွက် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ ပဲခူးတိုင်းခရိုင်ရုံး/တိုင်းရုံးများကို ဆက်သွယ်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒေသဆိုင်ရာ ခရိုင်/တိုင်းအဖွဲ့များ တာဝန်ရှိသူက လာရောက်စစ်ဆေးတယ်လို့တော့ ကြားပါတယ်။ ထူးခြားမှုမရှိတဲ့အတွက် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတင်ပြစာပို့ပြီးတော့ ပြည်ထဲရေးဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းထံကိုလည်း မိတ္တူပေးခဲ့ပါတယ်။ လူကိုယ်တိုင်လည်း တင်ပြပေးပါတယ်။ ဒါပေမယ့် ဖြစ်ချင်တော့ မနေ့က ဩဂုတ်လ ၁၃ ရက်နေ့အထိ ကျွန်တော်ထံကို ကာယကံရှင်က ဖုန်းဆက်ပါတယ်။ တရားရုံးကနေ သူ့ကို ဆင့်ခေါ်ပြီးတော့ သေမှုသေခင်းအဖြစ်နဲ့ လက်မှတ်ထိုးခိုင်းတယ်။ လင်မယားရန်ဖြစ်လို့ သူ့ဟာသူသတ်သေတဲ့ပုံစံမျိုး။ အဲ့ဒီပုံစံမျိုးနဲ့ လက်မှတ်ထိုးခိုင်းတဲ့အတွက် ကာယကံရှင်ကနေပြီးတော့ မထိုးပေးနိုင်ဘူးဆိုပြီးတော့ ပြည်ထဲရေးဝန်ကြီးဆီလည်း စာတင်တယ်။ ကျွန်တော့်ဆီလည်း မိတ္တူပို့တယ်လို့ပြောပါတယ်။ မိတ္တူက ကျွန်တော့်ဆီတော့ မရောက်ပါဘူး။ ဒါဟာ တကယ့်တကယ်ဆိုရင်တော့ လူသတ်မှုနဲ့ လူသေမှုဆိုတာဟာ စာလုံးကသိပ်မကွဲပြားပေမယ့် ဥပဒေအရ ဘယ်လောက်လေးနက် တယ်ဆိုတာကိုတော့ လူကြီးမင်းတွေ အားလုံးသိပါတယ်။ အဲ့ဒီလို ကိစ္စမျိုးတွေထဲမှာ ကျွန်တော်တို့ ဖြစ်နေတာကတော့ ဝေါမြို့နယ်တစ်နေရာတည်း ကျွန်တော်တို့ မြို့တစ်ခုတည်း မဟုတ်ပါဘူး။ တစ်ဦးတည်းကလည်းမဟုတ်ပါဘူး။ နေရာတော်တော်များများမှာ ဖြစ်နေကြောင်းလည်း သိရပါတယ်။ အဲ့တော့ လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ ပြည်သူ့ရဲအရာရှိတွေရယ်၊ ဥပဒေအရာရှိတွေရယ်၊ တရားရုံးတွေရယ်ဟာ ဆိုရင်ညှိနှိုင်းချိတ်ဆက်ပြီးတော့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တရားခံကိုအမှုတင်တဲ့ ရဲကနေပြီးတော့ ဆင်ကိုဖမ်းတဲ့နေရာမှာ ကြက်ချည်တဲ့ကြိုးနဲ့ သွားချည်သလို ကြက်ကိုလည်း ဆင်ချည်တဲ့ကြိုးနဲ့သွားချည်လို့ရှိရင်တော့ အမှုကမပေါ်လွင်ဘူးဆိုတာ သူတို့သိပါတယ်။ အဲ့ဒီတော့ သူတို့လုပ်တဲ့နေရာမှာ အဲ့ဒီလိုပုံစံမျိုးလုပ်တဲ့အခါကျတော့ ရဲကလည်း လူသတ်မှုဆိုလို့ရှိရင် အလုပ်ရှုပ်မယ်။ နေ့စဉ်၊ အပတ်စဉ်အစီရင်ခံရမယ်ဆိုတဲ့ ပုံစံမျိုးလူသေမှုဖန်တီးသလို ဥပဒေကျတော့လည်း အလားတူပဲ အဲ့ဒါနဲ့ လိုက်လျောညီညွတ်တဲ့ ဥပဒေနဲ့တရားရုံးကို တင်တဲ့အခါကျတော့ တရားသူကြီးအပြစ်လည်း မဟုတ်ပါဘူး။ ဥပဒေအပြစ်လည်းမဟုတ်ပါဘူး။ လူရဲ့ဖန်တီးမှု

ကြောင့်ဆိုတာ တစ်စိတ်တစ်ပိုင်းအနေနဲ့ တင်ပြပါတယ်။ အလားတူပဲ အခြားအမှုကိစ္စတွေမှာလည်း ဌာနဆိုင်ရာအသီးသီး တာဝန်ရှိသူများကလည်း ဆွေးနွေးဆောင်ရွက်မှုတွေ လုပ်တဲ့အခါမှာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မယ်ဆိုရင် မလိုလားအပ်တဲ့ အမှုကိစ္စတွေဖြစ်ပေါ်လာနိုင်စရာ အကြောင်းမရှိပါဘူး။ တိုင်စာတောစာတွေကလည်း ဘယ်သူမှ အမောခံပြီးတော့ အလုပ်ရှုပ်ခံပြီးတော့ တိုင်မယ်သူတွေမဟုတ်ပါဘူး။ ဖြစ်နေရတဲ့ကိစ္စတွေကတော့ အဲ့ဒီလိုချို့ယွင်းမှုတွေကြောင့်ဖြစ်ပါတယ်။ လုပ်ရမယ်ဆိုလို့ရှိရင်တော့ ဒီဟာတွေကို အနှစ်ချုပ်အားဖြင့် ပြောမယ်ဆိုလို့ရှိရင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအစီရင်ခံစာဟာ နိုင်ငံနှင့် နိုင်ငံသားတိုင်းအတွက် အတိုင်းအတာတစ်ခုအထိအကျိုးရှိပါတယ်။ တည်ရှိပြီး ဥပဒေ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးများလည်း ပိုမိုပီပြင်လာအောင် အကောင်အထည်ဖော်ရေးမှာ ပိုမိုစွမ်းဆောင်ပြီးတော့ ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးပါလို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောသိန်းအောင်(လှိုင်းဘွဲ့မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို ပွင့်ပွင့်လင်းလင်းပဲ သုံးသပ်ဆွေးနွေးထောက်ခံသွားမှာဖြစ်ပါတယ်။ ဒီအစီရင်ခံစာမှာ အပိုင်းအနေနဲ့ နိဒါန်းပိုင်းရယ်၊ ဆောင်ရွက်ချက်များရယ်၊ တွေ့ရှိချက်များရယ်၊ သုံးသပ်ချက်များ၊ ကော်မတီ၏ လုပ်ငန်းစဉ်များ၏ အကြံပြုချက်ဆိုပြီးတော့ ကဏ္ဍ ၅ ပိုင်း ခွဲခြားထားပါတယ်။ ကျွန်တော့်အနေနဲ့ ဆောင်ရွက်ချက်များ၊ တွေ့ရှိချက်များဆိုတဲ့ ကဏ္ဍ ၂ ခုကို ဆွေးနွေးဖို့ စီစဉ်ထားပေမယ့် ဒီဆောင်ရွက်ချက်ကို လွှတ်တော်ကိုယ်စားလှယ် ဦးမန်းဂျော်နီကနေပြီးတော့ ဆွေးနွေးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ တွေ့ရှိချက်များကို တွေ့မြင်ရတဲ့အပေါ်မှာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတွေ့ရှိချက်များကို နံပါတ်စဉ်ထိုးပြီးတော့ နံပါတ်တပ်လိုက်မယ်ဆိုရင် အချက် ၂၀ ဆိုတာတွေ့ရှိရပါတယ်။ အချက် ၂၀ ရှိတဲ့ထဲမှာ ရပါမည်ဆိုတဲ့ ဝါကျအဆုံးသတ်နဲ့ အကြံပြုချက်သဘောပါဝင်တဲ့ အချက် ၇ ချက်၊ ရန်လိုခြင်းဆိုတဲ့ သုံးသပ်ချက်သဘောပါဝင်တဲ့ အချက်အလက်က ၃ ချက်နှင့် တွေ့ရှိချက်အပေါ်မှာ အရှိကိုအရှိတိုင်းတင်ပြထားတဲ့အချက်က အချက်ပေါင်း ၁၀ ချက်၊ စုစုပေါင်း အချက် ၂၀ ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော့်အနေနဲ့ သုံးသပ်မိတာက တွေ့ရှိချက်ဆိုတာကို

တွေ့ရှိတဲ့အတိုင်းပဲ အဖြူဆိုရင် အဖြူ အမဲဆိုရင်အမဲ၊ အဝါဆိုရင် အဝါ ပွင့်ပွင့်လင်းလင်းပြန်လည်တင်ပြဖို့ သင့်ပါတယ်။ ဥပမာသာဓကအနေနဲ့ပြရမယ်ဆိုရင် တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေများနှင့်အညီ တရားစီရင်ကြရပါမည်ဆိုတာဟာ ကျွန်တော်တို့ အကြံပြုချက်ဖြစ်ပါတယ်။ အဲ့ဒီတော့ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေများနှင့်အညီ တရားစီရင်မှုအားနည်းပါသည်/အားသာပါသည်။ အဲ့ဒီလိုတင်ပြမှာဖြစ်ပါတယ်။ အဲ့ဒီအတိုင်းပါပဲ တရားစွဲအဖွဲ့အစည်းများကလည်း တရားရုံးကို ကူညီပံ့ပိုးပေးကြရပါမည်ဆိုတာက အကြံပြုချက်ဖြစ်ပါတယ်။ တွေ့ရှိသူအနေနဲ့ တင်ပြရမှာက တရားစွဲအဖွဲ့အစည်းများကလည်း တရားရုံးကို ကူညီပံ့ပိုးမှုမရှိကြပါ သို့မဟုတ်ရင် အားနည်းပါသည် သို့မဟုတ်ရင် အားရစရာမရှိပါ။ အဲ့လိုတင်ပြရမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ဆက်စပ်ပတ်သက်တဲ့ တာဝန်ရှိသူများအားလုံး လာဘ်ပေးလာဘ်ယူကင်းရှင်းကြရပါမည်ဆိုတာ အကြံပြုသဘောရှိပါတယ်။ အဲ့ဒီတော့ ဖြစ်သင့်တာက တွေ့ရှိချက်အနေနဲ့ ဆက်စပ်ပတ်သက်တဲ့တာဝန်ရှိသူများအားလုံး လာဘ်ပေးလာဘ်ယူမှုမကင်းရှင်းကြပါဆိုတဲ့ အရှိကိုအရှိတိုင်း၊ အဖြစ်ကိုအဖြစ်တိုင်း တင်ပြဖို့ လိုအပ်ပါတယ်။ အဲ့ဒီလိုမျိုးတွေ့ရှိချက်ကို အကြံပြုချက်သုံးသပ်ချက်နှင့် ခပ်ယောင်ယောင်လည်း တင်ပြသွားတဲ့ အချက် ၇ ချက် ရှိပါတယ်။ နောက်ပြီးတော့ ရန်လိုခြင်းဆိုတဲ့ အဆုံးသတ်နဲ့ ဥပမာ ဓာတုဗေဒကျွမ်းကျင် သူတို့ကလည်း သက်သေခံပစ္စည်းကို စနစ်တကျစစ်ဆေး၍ တိတိကျကျအဖြေထုတ်ပေးခြင်းဆိုတဲ့ သဘောဟာသုံးသပ်ချက်ဖြစ်ပါတယ်။ ဖြစ်ရမှာ အဖြေထုတ်နိုင်ခြင်းမရှိသေးပါ။ အဖြေထုတ်နိုင်ခြင်း အားနည်းပါသည်ဆိုတဲ့သဘောဖြစ်ရပါမယ်။ ဆက်လက်ပြီးတော့ မှုခင်းဆရာဝန်များကလည်း မိမိတို့ ရဲ့စစ်ဆေးတွေ့ရှိချက်ကို တရားရုံးသို့ မှန်မှန်ကန်ကန်ပြန်လည်တင်ပြရန်လိုခြင်းထက်ကို မှန်မှန်ကန်ကန်ပြန်လည်တင်ပြရန် အားနည်းမှုရှိနေခြင်းဆိုတာမျိုးဖြစ်ရပါမယ်။ အဲ့ဒီအတိုင်းပါပဲ တရားရုံးတွင် အမှုလိုက်ပါဆောင်ရွက်ကြသော ဥပဒေအရာရှိများ၊ ရှေ့နေများကလည်း၊ မိမိတို့ရဲ့ ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာရန်လိုခြင်း၊ ဥပဒေနှင့်အညီလုပ်ကိုင်ဆောင်ရွက်ရန်လိုခြင်းဆိုတဲ့အထဲမှာ စောင့်ထိန်းလိုက်နာရန် ပျက်ကွက်ကြပါသည်၊ အားနည်းကြပါသည်၊ အားရစရာမရှိပါ။ ဥပဒေနှင့်အညီလုပ်ကိုင်ရန် လုပ်ကိုင်နိုင်မှုမရှိပါဆိုတဲ့ အဖြစ်ကိုအဖြစ်သဘော၊ အရှိကို အရှိသဘောတင်ပြသင့်တယ်လို့ ယူဆပါတယ်။ ဆက်လက်ပြီးတော့ ဒီတွေ့ရှိချက်များအပေါ်မှာ အရှိကို အရှိတိုင်း ၁၀ ချက်ကတော့ အားရစရာရှိပါတယ်။ ဥပမာပြောရရင် ဥပဒေကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများ ပျော့ကွက်၊ ဟာကွက်အခွင့်ကောင်းယူပြီး လိုရာဆွဲ မဆုံးဖြတ်ရန်လိုအပ်နေခြင်း၊ အချို့တရားရုံးများ အမှုစစ်ဆေးခြင်း၊ ဆွဲချက်တင်ခြင်း၊ စီရင်ချက်ချခြင်းတို့တွင် ဥပဒေနှင့်အညီ မလိုက်နာခြင်းဆိုတာ အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်းတင်ပြခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ထောက်ခံအားပေးပါတယ်။ ဆက်လက်

ပြီးတော့ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများဖြစ်သော ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးအတွက် အုပ်ချုပ်ရေးပိုင်းက ဝင်ရောက်မစွက်ဖက်ရန်လိုခြင်း၊ ဥပဒေအရ တားမြစ်ချက်မှ အပ ပြည်သူ့ရှေ့ မှောက်တွင် တရားစီရင်မှုများတွင် ခုခံချေပခွင့်၊ အယူခံခွင့်ပေးလို့လေးစားလိုက်နာလိုခြင်းဆိုတဲ့ အချက်တွေဟာ အမှန်ကိုအမှန်တိုင်း၊ အရှိအရှိတိုင်းတင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီလိုမျိုးပဲ အမှန်ကို အမှန်တိုင်းတင်ပြတဲ့အချက်က ၁၀ ချက်ရှိပါတယ်။ စုစုပေါင်းလိုက်ရင် အချက် ၂၀ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြချင်တာက ဒီအစီရင်ခံစာမှာ တင်ပြခဲ့တဲ့ တွေ့ရှိချက်များအပေါ်မှာ တင်ပြတဲ့ စာသားတွေဟာ ဟိုယောင်ယောင်ဒီယောင်ယောင်ဆိုတဲ့ အနေအထားရှိပါတယ်။ ဝါကျအားနည်းပါတယ်။ အဲ့ဒီတော့ အရှိကိုအရှိတိုင်း၊ အဖြစ်ကိုအဖြစ်တိုင်းတင်ပြနိုင်ဖို့အတွက် အဲ့ဒီအလယ်ကို ပြုပြင်ပေးလိုက်မယ်ဆိုရင် တရားဥပဒေနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာဟာ တိုင်းဒေသကြီးအသီးသီးသို့ ရောက်ရှိစဉ်မှာ တွေ့မြင်နေရတဲ့အခြေအနေကို တွေ့ရှိရတဲ့အတိုင်း သုံးသပ်ချက်များ၊ အကြံပြုချက်များနှင့်တကွ ပြည့်ပြည့်စုံစုံအစီရင်ခံထားခြင်းဖြစ်တဲ့အတွက် ရောထွေးရှုပ်တင်ဖြစ်နေတဲ့ ဝါကျတချို့ကို ပြန်လည်ပြုပြင်မည်ဆိုပါက ကောင်းမွန်၍ အကျိုးရှိမည့် အစီရင်ခံစာကောင်းတစ်ခုဖြစ်ကြောင်း လေ့လာစဉ်းစားရင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင့်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးရရင်ဖြင့် ဒီအစီရင်ခံစာသည် ကျွန်မတို့၏ ပြည်သူလူထုအတွက် အလွန်ဝမ်းမြောက်ဝမ်းသာကြိုဆိုထောက်ခံသင့်သော အစီရင်ခံစာတစ်စောင် ဖြစ်ပါတယ်ရှင်။ ဒီကော်မတီကို စတင်ဖွဲ့စည်းချိန်တွင် ပြည်သူလူထုများက အလွန်ပင်ဝမ်းသာအားရကျေနပ်လျက်ရှိနေတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ကော်မတီဝင်အဖွဲ့များသည် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပင်ပန်းစွာသွားရောက်လေ့လာဆောင်ရွက်ခဲ့သော်လည်း တကယ့်လက်တွေ့ဘဝတွင်မူ ထိရောက်မှုမရှိစွာနှင့် ဥပဒေစိုးမိုးမှုမရှိတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ ဥပမာ ကျွန်မ၏ မဲဆန္ဒရှင်ပြည်သူအချို့က မတရားသဖြင့် စွပ်စွဲခံနေရသော အမှုများအပေါ်တွင်

အားကိုးတကြီးတိုင်ကြားခဲ့သော်လည်း တစ်စုံတစ်ရာမှ ထူးခြားခြင်းမရှိတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဆိုတဲ့ခေါင်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးချင်ပါတယ်ရှင်။ အမည်ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ အလွန်ကျယ်ပြန့်သလို အမည်နှင့်လိုက်အောင် ထိထိရောက်ရောက်အကောင်အထည်ဖော်ဖို့ဆိုတာလည်း အလွန်ခက်ခဲလိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်ရှင်။ တရားဥပဒေစိုးမိုးမှ တည်ငြိမ်အေးချမ်းမယ်လို့ အဓိပ္ပာယ်ရပါတယ်။ ကျွန်မတို့ လက်တွေ့စဉ်းစားရမှာက တရားဥပဒေဆိုတာဘာလဲ။ လူတစ်စုက သူတို့ရဲ့ကိုယ်ကျိုးအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေမျိုးလား။ ဒါမှမဟုတ်အများအကျိုးအတွက် အများဆန္ဒအရ ပြဋ္ဌာန်းထားတဲ့ ဥပဒေမျိုးလားဆိုတာကိုလည်း ထည့်စဉ်းစားရမှာဖြစ်ပါတယ်ရှင်။ ပြည်သူကို ဖိနှိပ်တဲ့ဥပဒေမျိုးကို လက်နက်နဲ့ အတင်းဥပဒေစိုးမိုးအောင် လုပ်ဆောင်ခဲ့တယ်ဆိုရင် ထာဝရတည်ငြိမ်အေးချမ်းမှုကို ရနိုင်ပါ့မလားဆိုတာကိုလည်း ထည့်စဉ်းစားရမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ တစ်ချိန်က ကျွန်မတို့နိုင်ငံမှာ မီဒီယာဥပဒေ၊ ပုံနှိပ်ဥပဒေ၊ အသင်းအဖွဲ့ဥပဒေ၊ မတရားအသင်းဥပဒေ ပုဒ်မ ၅(ည)၊ ပုဒ်မ ၁၀(က)၊ ပုဒ်မ ၁၀(ခ)စသည်ဖြင့် မလိုရင်မလိုသလို ပြည်သူတွေကို ထောင်ထဲပို့ဆောင်ခဲ့တာအားလုံးအသိပဲဖြစ်ပါတယ်ရှင်။ ဒီလို ပြည်သူလူထု၏ အကျိုးကို မဖော်ဆောင်နိုင်တဲ့ ဥပဒေအမျိုးမျိုးနဲ့ ပြည်သူကိုဖိနှိပ်ခဲ့တယ်။ ဥပဒေစိုးမိုးရေးကို တည်ဆောက်ခဲ့တယ်ဆိုရင် ဒါတွေကို ကြည့်ခြင်းအားဖြင့် တရားဥပဒေလို့ အမည်ခံပေမယ့်လည်း မတရားတဲ့ ဥပဒေတွေ ဖြစ်နေခဲ့ပါတယ်လို့ ကျွန်မအနေနဲ့ ထင်မြင်ယူဆမိပါတယ်။ ယနေ့တရားရုံးအဆင့်ဆင့်က ကျင့်သုံးနေတဲ့ ဥပဒေ၊ နည်းဥပဒေများနဲ့ ဝန်ကြီးဌာနများက ချမှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေများ အားလုံးဟာ မှန်ကန်မှုနှင့်ကောင်းမွန်စွာ ပြည့်စုံနေပြီလား။ တည်ဆဲဥပဒေတွေ စိုးမိုးရင်တည်ငြိမ်အေးချမ်းမယ်လို့ ဘယ်သူက အာမခံနိုင်ပါ့မလဲဆိုတာကိုလည်း ထည့်ပြီးစဉ်းစားစရာဖြစ်နေပါတယ်ရှင်။ ဥပမာ တိုင်းရင်းသားများ တန်းတူညီမျှမှုမရှိရင် တည်ငြိမ်အေးချမ်းမှုရှိနိုင်ပါ့မလားဒါကိုလည်း ကျွန်မတို့ လေးလေးနက်နက် စဉ်းစားရမှာဖြစ်ပါတယ်ရှင်။

လေးစားရပါသောဥက္ကဋ္ဌကြီးရှင်။ ကော်မတီ၏ ဆောင်ရွက်ချက် ၁၅ ချက်ကို ကြည့်ခြင်းအားဖြင့် တရားရုံးများကို သွားရောက်လေ့လာခြင်းအဆက်ဆက်ကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ ဥပဒေစိုးမိုးရေးမှာ တရားရုံးများကသာ အဓိကကျတယ်လို့ ယူဆဟန်တူပါတယ်ရှင့်။ တရားရုံးများဟာ တည်ဆဲဥပဒေအတိုင်း လက်ခံကျင့်သုံးနေရတာပဲ ဖြစ်ပါတယ်ရှင်။ တည်ဆဲဥပဒေအားလုံးဟာ မှန်ကန်ပါမှ တရားရုံးဟာ မှန်ကန်ပါ့မယ်။ တည်ဆဲဥပဒေအားလုံးတရားပါမှ တရားရုံးဟာ တရားပါ့မယ်။ တည်ဆဲဥပဒေများ

အားလုံးပြည့်စုံပါမှ တရားရုံးများဟာလည်း ပြည့်စုံပါမယ်လို့ ကျွန်မအနေနဲ့ ထင်မြင်ယူဆမိပါတယ်။ အစီရင်ခံစာတွင် တရားသူကြီးများအနေဖြင့် ယိမ်းယိုင်နေသော တရားရေးမဏ္ဍိုင်ကို ပြန်လည်တည့်မတ်နိုင်ရန် အဂတိတရား ၄ ပါးကင်းရှင်းစွာဖြင့် ရဲရင့်တည်ကြည်စွာ ဥပဒေပြဋ္ဌာန်းဆုံးဖြတ်ရပါ့မယ်လို့ တင်ပြထားခြင်းအပေါ်လည်း အလေးအနက်ထောက်ခံအပ်ပါတယ်ရှင်။ ယနေ့ ကျွန်မတို့၏နိုင်ငံမှာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှုမှ ခွင့်ပြုချက်မရရင် ပုဒ်မ ၁၈ နဲ့ တရားရုံးများက တရားစွဲပါတယ်။ ထောင်ချပါတယ်။ ဒါပေမယ့် ဒီပုဒ်မ ၁၈ ဟာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄(ခ)မှာ ဖော်ပြထားတဲ့ လွတ်လပ်စွာစုဝေးခြင်း၊ စီတန်းလှည့်လည်ခွင့်နှင့်ဆန့်ကျင်နေတယ်လို့ ပြည်သူလူထုတွေရဲ့ ဝေဖန်ပြောဆိုသံတွေဟာလည်း ကြားနေရပါတယ်ရှင်။ ဒါ့အပြင် အသင်းအဖွဲ့အစည်းများတို့လည်း လွတ်လပ်စွာဖွဲ့စည်းခွင့်ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်ရှင်။ ဆိုလိုတာက ဥပဒေမတရားရင် တရားရုံး၏ ဆုံးဖြတ်ချက်တွေဟာ ဥပဒေအရ ဆုံးဖြတ်တာဖြစ်ပေမယ့် မတရားတဲ့ဆုံးဖြတ်ချက်ပဲ ဖြစ်ပါလိမ့်မယ်လို့ ထင်မြင်မိပါတယ်ရှင်။ ဒါကြောင့် မတရားတဲ့ဥပဒေတွေကို လိုက်နာစရာမလိုဘူး ဆန့်ကျင်ရမယ်လို့ တစ်ချိန်က နိုင်ငံရေးခေါင်းဆောင်တစ်ဦးက ပြောခဲ့တာကိုလည်း မှတ်သားမိပါတယ်ရှင်။ ဒါကြောင့် အကြံပြုဆွေးနွေးလိုတာကတော့ ကော်မတီ၏ တရားဥပဒေစိုးမိုးရေးအတွက်ဆိုရင် တရားရုံးတစ်ခုတည်းကိုသာ အာရုံမစူးစိုက်ဘဲ ကဏ္ဍပေါင်းစုံကို လေ့လာစောင့်ကြည့်သတ်မှတ်ပေးဖို့ လိုအပ်လိမ့်မယ်လို့ တင်ပြချင်ပါတယ်ရှင်။ နောက်တစ်ချက်က ကော်မတီ၏လုပ်ပိုင်ခွင့်ဟာ အလွန်အရေးကြီးပါတယ်လို့ ကျွန်မအနေနဲ့ ထင်မြင်ယူဆမိပါတယ်။ လုပ်ပိုင်ခွင့်မရှိဘဲ သွားရောက်လေ့လာနေရုံနဲ့၊ ဝေဖန်နေရုံနဲ့ ခရီးမရောက်နိုင်ပါဘူးလို့ ကျွန်မထင်မြင်ပါတယ်။ တည်ငြိမ်အေးချမ်းမှုကို မဖော်ဆောင်နိုင်ပါဘူး။ တိုင်စာပေါင်း ၁၁၂၅၉ စောင်ရှိတဲ့ တိုင်စာများကို တိုင်စာဘယ်နှစ်စောင်များ အရေးယူဖြေရှင်းပေးနိုင်ပြီသလဲ ဆိုတာကိုလည်း အဖြေပဲဖြစ်ပါတယ်ရှင်။ တရားရုံးနှင့်ဌာနဆိုင်ရာများက သူတို့၏ လုပ်ငန်းတွေကို ဝင်ရောက်စွက်ဖက်သလို၊ အနှောင့်အယှက်ပေးသလို ခံစားရတာကလွဲလို့ ဘာမှအရာမထင်ပါဘူး။ ဒါကြောင့် အဆုံးအဖြတ်ပေးနိုင်သော လုပ်ပိုင်ခွင့်များရရှိမှသာ ထိရောက်မှုရှိမယ်လို့ ကျွန်မအနေနဲ့ သုံးသပ်မိပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အစီရင်ခံစာထဲတွင် သက်ဆိုင်ရာတာဝန်ရှိသူများကလည်း အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲကြရမည်နှင့် တရားရုံးလုပ်ထုံးလုပ်နည်းများဖြစ်စေ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများဖြင့်ဖြစ်စေ အရေးယူရပါမည်ဟု ပါရှိချက်အပေါ်တွင်လည်း တကယ့်လက်တွေ့အကောင်အထည်ဖော်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုလိမ့်မည်

ဟု ယုံကြည်မိပါတယ်။ နောင်လာမယ့် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုင်းအဝိုင်း၊ အာဆီယံလွတ်လပ်သောကုန်သွယ်မှုတို့တွင် ဂုဏ်သိက္ခာရှိစွာဖြင့် ကျွန်မတို့နိုင်ငံပါဝင်နိုင်လိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်ရှင်။ အစီရင်ခံစာထဲတွင် ကျောင်းများတွင် လူမှုကျင့်ဝတ်ဆိုင်ရာ သဘောတရားများ၊ ဥပဒေအခြေခံများကို သင်ခန်းစာတစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားနိုင်ရန် စီစဉ်သင့်ခြင်းနှင့် ကုလသမဂ္ဂ၏ အကျင့်ပျက်ချစားမှုတိုက်ဖျက်ရေးသဘောတူညီချက်၊ ပါလီမန်အမတ်များလည်း အကျင့်ပျက်ချစားမှုကို တိုက်ဖျက်ရေးတွင်ပါဝင်ဆောင်ရွက်နေမှု၊ အိုပက်အဖွဲ့ဝင်နိုင်ငံပေါင်း ၃၅ နိုင်ငံလို့ အဲ့ဒီထဲမှာရေးထား ပါတယ်။ ကျွန်မလေ့လာမိသလောက်ဆိုရင် ၄၅ နိုင်ငံဖြစ်ပါတယ်ရှင်။ အဲ့ဒီနိုင်ငံတွေက သဘောတူလက်မှတ်ရေးထိုးထားပြီးလည်း ဖြစ်ပါတယ်။ အိုပက်တွေရဲ့ စာချုပ်ထဲမှာဆိုရင် လွှတ်တော်နှစ်ရပ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် နှစ်ရပ်ကိုယ်စားလှယ်များဟာ လွတ်လပ်သော အကျင့်ပျက်ချစားမှုတိုက်ဖျက်ရေးအဖွဲ့ကို ဖွဲ့စည်းသင့်ကြောင်းလည်းစသဖြင့် အစီရင်ခံစာများမှာ ပြည့်ပြည့်ဝဝပါရှိထားပါတယ်။ အကျင့်ပျက်တိုက်စားမှုနှင့်ပတ်သက်ရင် ကျွန်မလည်း အနည်းအကျဉ်းတင်ပြချင်ပါတယ်ရှင်။ ပြီးခဲ့တဲ့ ဇွန်လ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့မှာ ကျွန်မတို့ရဲ့ နေပြည်တော် ရိုင်ရယ်ကုမုဒြာ ဟိုတယ်မှာဆိုရင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကိုယ်တိုင် သင်တန်းတစ်ခုကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဲ့ဒီ Workshop ရဲ့ရည်ရွယ်ချက်ကတော့ ကျွန်မတို့နိုင်ငံမှာ လွှတ်တော်အမတ်တွေနဲ့ ပေါင်းဖွဲ့ထားတဲ့ လွတ်လပ်သော အကျင့်ပျက်ချစားမှုတိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ဖို့ပါပဲ။ ဒါမှလည်း လွှတ်တော်ကြီးဟာ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးမှာ ပိုမိုအာရုံစိုက်လာနိုင်မှာဖြစ်ပါတယ်။ ပြီးတော့ ဒုတိယဥက္ကဋ္ဌကြီးဦးဆောင်တဲ့ လာဘ်ပေးလာဘ်ယူမှုအရေးယူဆောင်ရွက်ရေးကော်မတီနဲ့လည်း ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ ဒီနေရာမှာ အထူးပြောချင်တာရှိပါတယ်။ အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ဖို့ဆိုတာ အရေးယူရုံသက်သက်မရနိုင်ပါဘူး။ ပညာရေးလုပ်ငန်းတွေလုပ်ဆောင်ဖို့ အကျင့်ပျက်ခြစားမှုဆိုင်ရာ အသိတရားမြှင့်တင်ရေးလုပ်ငန်းတွေ လုပ်ဖို့လည်း လိုပါတယ်။ နောက်ပြီးတော့ ဝန်ထမ်းတွေရဲ့ လုံလောက်တဲ့လစာပေးဆောင်မှုလည်း အရမ်းကြီးလိုအပ်နေတယ်လို့ ထင်မြင်ယူဆချက်ကို ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(မိုးမောက်မဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်ပါတယ်။ ကော်မတီရဲ့အစီရင်ခံစာကို ခြုံငုံပြီးတော့ ဆွေးနွေးအကြံပြုသွားမှာဖြစ်ပါတယ်။ ကော်မတီသို့ ရောက်ရှိလာတဲ့

တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြစာများမှာ ၁၀၀၀၀ ကျော်ရှိနေတာကို တွေ့ရပါတယ်။ ၎င်းစာများအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများ၊ သက်ဆိုင်ရာကော်မတီ ကော်မရှင်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေသည်ကိုလည်း တွေ့ရပြီး ဒါပေမယ့်ဘယ်လောက်အတိုင်းအတာထိ ဆောင်ရွက်ပြီးမြောက်နေသည်ကို ဖော်ပြထားခြင်းမတွေ့ရပါ။ ပြည်သူလူထုက ကော်မတီကိုယုံကြည်အားကိုးပြီး တိုင်ကြားလာသောစာများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်းပြီး ဘယ်လောက်အတိုင်းအတာထိ ပြီးစီးနေပြီဆိုတာကို နောင်လာမည့်အစီရင်ခံစာများကို ဖော်ပြသင့်ပါတယ်။ အဘယ့်ကြောင့်ဆိုသော် ကော်မတီကိုတိုင်ကြားလာတဲ့ စာများဟာ နှစ်ခါထိတိုင်ကြားလာရတဲ့အခြေအနေတွေကို တွေ့နေရလို့ပါ။ ခုနကလှိုင်းဘွဲ့မဲဆန္ဒနယ်က ဦးစိုင်းသိန်းအောင်ဆွေးနွေးသွားပါတယ်။ ကော်မတီရဲ့တွေ့ရှိချက်ဟာ ပွင့်ပွင့်လင်းလင်းမဖော်ပြဘူးဆိုတာ ကျွန်တော်ကတော့ ဒီဟာကိုအခြေခံပြီး ပွင့်ပွင့်လင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်ဆွေးနွေးတင်ပြတဲ့ကိစ္စများမှာ မှားနေတယ်ဆိုလို့ရှိရင် ကျွန်တော့်မဲဆန္ဒရှင်ပြည်သူကို စော်ကားတာနဲ့အတူတူပါပဲ။ ကော်မတီ၏အစီရင်ခံစာအားခြုံငုံ၍ ဆွေးနွေးရမည့်အချက်များမှာ တရားဥပဒေစိုးမိုးရေးမရှိတဲ့အတွက် ဗန်းမော်ခရိုင်အတွင်းဖြစ်ပေါ်နေတဲ့အချက်များနှင့် နှိုင်းယှဉ်ပြီးထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အချက် (၁) ကျပ် ၅၀၀၀ တန်အတုကြောင့် ရိုးသားတဲ့ပြည်သူ ၂ ဦးဟာ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှာ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ထိ မှားယွင်းစွာအမိန့်ချမှတ်လိုက်သည့်ကိစ္စ၊ ၎င်းကိစ္စနှင့်ပတ်သက်ပြီး အကျဉ်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဖြစ်စဉ်များနှင့်အမှုတွဲများကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် သက်ဆိုင်ရာကော်မတီဝန်ထမ်း၊ ဝန်ကြီးဌာနများကို ပေးပို့သွားမှာဖြစ်ပါတယ်။ ဖြစ်စဉ်မှာနိုင်ငံခြားသား၂ ဦးက မန်စီမြို့နယ်၊ စီဟူကျေးရွာ၌ တရားဥပဒေစိုးမိုးမှုမရှိသောနေရာ၌နေထိုင်လျက်ရှိသောဒေသခံ ရွာသားများထံ ကျပ် ၁၅၀၀၀၀ ဖြင့် ဝက်များဝယ်ယူခဲ့ပါတယ်။ ဒေသခံရွာသားက ၎င်းငွေစက္ကူ ၅၀၀၀ တန် ကျပ် ၁၅၀၀၀၀ ကိုဈေးသည်ဖြစ်သည့် ဒေါ်မာယာလွင်ထံ ရွှေဝယ်ပေးဖို့ပါးလိုက်ပါတယ်။ ၎င်း ၅၀၀၀ တန်ကျပ်များသည်အတုဖြစ်မှန်း ဒေသခံစီဟူကျေးရွာရှိ ရွာသားများနှင့် ဒေါ်မာယာလွင်မှာလုံးဝ မသိရှိပါ။ ဗန်းမော်မြို့နယ်၊ မင်းလှရပ်ရှိ ဦးစံရင်ရွှေပန်းတိမ်ဆိုင်တွင်ရွှေသွားရောက်ဝယ်ခဲ့ပါတယ်။ ဝယ်တဲ့အချိန်မှာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် နေ့လယ် ၁၂ နာရီဝန်းကျင်ဖြစ်ပြီး၊ ရွှေဝယ်ယူစဉ် ကျပ် ၅၀၀၀ တန်အတုဖြစ်မှန်းလုံးဝပြောကြားခြင်းမရှိဘဲ ၎င်းငွေကိုလက်ခံခဲ့ပါတယ်။ ၎င်းရက်တွင်ပဲ ၁၈ နာရီဝန်းကျင်လောက်ကျမှ ဒေါ်မာယာလွင်နေအိမ်သို့ ဦးစံရင်တို့မိသားစုလာရောက်ပြီး ၎င်းပေးသော ၅၀၀၀ တန် ၂၈ ရွက်မှာ အတုဖြစ်ကြောင်းလာရောက်ပြောကြားတာ ကြားထဲမှာတော့အချိန်ဟာ ၆ နာရီလစ်ဟင်းနေပါတယ်။ အမှန်တော့ ဦးစံရင်နေထိုင်တဲ့

ရပ်ကွက်နဲ့ ဒေါ်မာယာလွင်နေထိုင်သောရပ်ကွက်မှာ ဆိုင်ကယ်နှင့်လာမယ်ဆိုရင် ၁၀ မိနစ်ခန့်သာ လာရောက်နိုင်ပါတယ်။ ပြီးတော့ရွှေဆိုင်ဆိုတဲ့အမျိုးက တစ်နေ့တာမှာဒီကျပ် ၁၄၀၀၀၀ ကိုသာရောင်းရတာလား။ မေးစရာဖြစ်လာပါတယ်။ အံ့သြမိတာကတော့ ၎င်းစီရင်ချက်ချချိန်မှာ ၎င်းအမှုသည် ပေါ်လစီကြောင့်ချတာပါဆိုပြီး အံ့သြမိတယ်။ အခုလက်ရှိကျွန်တော်တို့နိုင်ငံရှိ တည်ဆဲဥပဒေမှာ ပေါ်လစီမှုဆိုတာရှိနေတာလား။ ပုဒ်မပေါင်းဘယ်လောက်၊ အခန်းပေါင်းဘယ်လောက်ရှိနေတာကို မေးစရာဖြစ်လာတယ်။ နံပါတ် (၂) အချက်ကတော့ မူးယစ်ဆေးဝါးကိစ္စပါ။ မူးယစ်ဆေးဝါးသုံးစွဲသူတွေကိုအဓိကဖမ်းဆီးပြီး၊ ရောင်းချသူတွေကို မျက်ကွယ်ပြုထားတယ်ဆိုတဲ့ အစီရင်ခံစာပါ။ မှန်ပါတယ်။ ဖမ်းတော့မယ်ဟော့ဆိုတာနဲ့ အဆက်အသွယ်လုပ်ပြီးသားပဲ။ ဘာဖြစ်လို့လဲဆိုတော့ လိုင်းကြီးသမားတွေကလစဉ်ကြေးဆောင်ထားပြီကော။ ဗန်းမော်မြို့၊ မိုးပွင့်ကျေးရွာအုပ်စု ဗန်းမော်တက္ကသိုလ်ဘေးနားမှာ ဆိုရင် တကယ့်ပွဲဈေးတန်းကျနေတာပဲ။ တစ်ရက်ကို သုံးစွဲသူရော၊ ရောင်းဝယ်သူရော အယောက် ၅၀၀ နဲ့ ၆၀၀ ဝန်းကျင်ရှိပါတယ်။ အဲ့ဒီလမ်းကို ဖြတ်ဖို့ ဒေသခံပြည်သူလူထုသွားဖို့တောင် ကြောက်နေရတယ်။ လူသတ်မှုအဆင့်ထိတောင်ဖြစ်လာတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေက ဘာလုပ်နေတာလဲ။ ကျွန်တော်လည်း ပွင့်ပွင့်လင်းလင်းပြောတတ်တော့ အချို့ဝန်ထမ်းဆိုလို့ရှိရင် ကြားပေါက်ငွေမရဘူးဆိုလို့ရှိရင် ဘာမှမလုပ်ချင်ဘူး။ ပြည်သူ့လစာလည်းစားသေးတယ်။ ကြားပေါက်ငွေရမှလည်းအလုပ်လုပ်ချင်တယ်။ ဘာဖြစ်နေတာလဲ။ တင်ပြလာသမျှနယ်မြေ အခြေအနေကိုပဲ အကြောင်းပြနေတယ်။ အချက် ၃ ကတော့ အနှစ်ချုပ်ပြီး ကျွန်တော်တင်ပြရမယ်ဆိုလို့ရှိရင် တရားမဝင်ပစ္စည်းကိစ္စမှန်သမျှ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တပ်များခွင့်ပြုမထားဘူးဆိုလို့ရှိရင် ဘယ်လိုမှ မဝင်ရောက်လာနိုင်ပါဘူး။ ကျွန်တော်တို့မြန်မာနိုင်ငံထဲကို။ ဗန်းမော် ၅ မိုင်ဂိတ်ဆိုလို့ရှိရင်လည်း ဥက္ကဋ္ဌကြီးဆီတင်ပြထားပြီးသားကိစ္စ ဖြစ်ပါတယ်။ လုံခြုံရေးကြောင့်ဆိုပြီး မြစ်ကြီးနား-ဗန်းမော်ကား၊ လွယ်ဂျယ်-ဗန်းမော်ကား ခရီးသည်များ ၎င်းဂိတ်ရောက်ပြီဆိုလို့ရှိရင် အချိန်လွန်ပြီ။ ဂိတ်မဖွင့်တော့ဘူး။ ကားထဲမှာပဲအိပ်ရတဲ့အဆင့်။ သန်းခေါင်ကျော်တဲ့သစ်ကားများကိုတော့ ငွေကြေးရတာပေါ့နော်။ ဝင်ပြီးတော့ဖွင့်။ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာဌာနဆိုင်ရာများ ညှိနှိုင်းရာတွင်လည်း ၎င်းဂိတ်သည် လုံခြုံရေးဂိတ်၊ လာသမျှပြည်သူများကို လွတ်လွတ်လပ်လပ်စစ်ဆေးနိုင်ပါတယ်။ စစ်ဆေးပြီးမှ ဘာမှမပါဘူးဆိုလို့ရှိရင် လွတ်လွတ်လပ်လပ်သွားခွင့်ပြုပါ။ အကူအညီတောင်းခံခဲ့ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာလည်း ဟိုတယ်မပြောနဲ့ တည်းခိုခန်းတောင်မရှိပါဘူး။ အဲ့လောက်ထိ ကျွန်တော် အကူအညီတောင်းခံခဲ့ပါတယ်။ ဒါပေမယ့် မထိရောက်ပါဘူး။ တရားဝင်ပစ္စည်းများကို ငွေကြေးနဲ့လည်း ကောက်တာပဲ။ ဖမ်းတော့လည်းသူတို့ပဲ။ ကြားကနေလွတ်နေတာ။ ငိုစားရယ်စားပေါ့။ ဥက္ကဋ္ဌကြီးဆီတင်

ပြထားတဲ့ ဒေါ့ဖုန်းယန်မြို့နယ်ခွဲ မန်မော်ကျေးရွာမှ ရွာသားတစ်ဦးဆိုလို့ရှိရင် ယခုအချိန်ထိဘာမှ မသိရသေးပါဘူး။ တကယ်လို့ကျွန်တော်တို့ပြည်သူလူထု အပြစ်လုပ်မိလို့ ဥပဒေကိုချိုးဖောက်ခဲ့တယ် ဆိုလို့ရှိရင် တည်ဆဲဥပဒေအရ မှန်မှန်ကန်ကန်အရေးယူနိုင်ပါတယ်။ အခုတော့ ၎င်းတို့မိသားစုများမှာ ဆွမ်းတောင်ပြင်ရတဲ့၊ ပြင်ပြီးတဲ့အဆင့်တောင်ဖြစ်နေပြီ။ အချိန်ကော၊ နေရာကော၊ နေ့ရက်ကော၊ ဖမ်းဆီးခေါ်ဆောင်သွားတဲ့တပ်ရင်းရော တိတိကျကျတင်ပြထားတာ။ ဘာဖြစ်လို့မတွေ့ရဘူးဆိုတော့ ဘာဖြစ်နေတာလဲ။ အံ့ဩစရာပဲ။ အလားတူပဲ ဒေါ့ဖုန်းယန်မြို့နယ်ခွဲ၊ နားလုံကျေးရွာ လွန်ခဲ့တဲ့နှစ် ဖရဲစိုက်တောင်သူများ လယ်ယာသုံးဖြစ် လက်တွန်းထွန်စက်ကို Without ဆိုပြီးသိမ်းယူသွားတာ ယခုအချိန်ထိပါပဲ။ အခုကျွန်တော်တို့စီးပွားရေးဦးတည်ချက်ထဲမှာ လက်မှုလယ်ယာကနေစက်မှု လယ်ယာပြောင်းမယ်ဆိုတော့ ကျွန်တော်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီးကိုမေးပါတယ်။ ကျွန်တော်တို့လယ်ယာသုံးပစ္စည်းကို Without လိုင်စင်လုပ်ပေးတာလား။ Without ဆိုရင်ဖမ်းနေပြီလားဆိုတဲ့ အတိုင်းအတာ။ သူကတော့ လယ်ယာသုံးပစ္စည်းဆိုလို့ရှိရင် လိုင်စင် မပြုလုပ်ပါဘူး။ လွတ်လွတ်လပ်လပ်သုံးလို့ရပါတယ်ဆိုပြီးမှ သူကတော့ပြောကြားလာပါတယ်။ သက်ဆိုင်ရာပြည်နယ်နှင့် ပြည်သူ့လွှတ်တော် တပ်မတော်သားကိုယ်စားလှယ်များအား တင်ပြ အကူအညီတောင်းခံခဲ့သော်လည်း ယခုအချိန်ထိ မရသေးပါဘူး။ တရားဥပဒေစိုးမိုးမှုမရှိတဲ့အတွက် ၎င်းဆိုးကျိုးများပြည်သူတွေ ခံစားနေရတာ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တင်ပြ ချက်ဟာ ၁၀ ပုံ ၁ ပုံလောက်တောင် မရှိသေးပါဘူး။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ( ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဝန်ကြီး များနှင့်အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက် နေ့ကတင်သွင်းသွားသော ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ၏ အစီရင်ခံစာအပေါ်ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အစီရင်ခံစာ၏ အချို့အချက်အလက်များအပေါ် အနည်းငယ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ဥပဒေနှင့်အညီလွတ်လပ်စွာတရားစီရင်ရေးအတွက် အချို့သော ကိစ္စများမှာ အုပ်ချုပ်ရေးပိုင်းက ဝင်ရောက်စွက်ဖက်နေခြင်းမှာလည်း အမှန်ပင်ဖြစ်ကြောင်း ပြည်သူ

များ၏ တင်ပြချက်အရတွေ့ရှိရပါတယ်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးများ၊ ရပ်ကွက် နှင့်ကျေးရွာအုပ်ချုပ်ရေး ရွေးချယ်ပွဲတွင် ဥပဒေနှင့်ညီသောရွေးချယ်ခြင်းမျိုးမရှိတာကိုလည်း အမှန်တကယ်တွေ့ရှိရပါတယ်။ ဥပမာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေ အခန်း (၃) ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများတွင် ပြည့်စုံရမည့်အရည်အချင်းများ၊ အပိုဒ် (င) တွင်ပါရှိသော သက်ဆိုင်ရာ ကျေးရွာအုပ်စုတွင် တစ်ဆက်တည်းအနည်းဆုံး ၁၀ နှစ်နေထိုင်ရမည်ဆို သော အချက်နှင့်မကိုက်ညီ၍ ကျောက်တံခါးမြို့နယ်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောကျွဲအင်း ဒေသ၊ ကြာအင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးတို့အပေါ် ပြည်သူများ၏တိုင်ကြားချက်နှင့် ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးမှ မည်သို့မျှဆောင်ရွက်ပေးခြင်း မရှိသည်ကို ပြည်သူများ၏ တင်ပြချက်အရ သိရှိရပါတယ်။ ထို့အပြင် ရပ်ရွာကကြည်ညိုလေးစားပြီး သိက္ခာ၊သမာဓိရှိသူဖြစ်ခြင်း ဆိုရာတွင် အချို့သောအုပ်ချုပ်ရေးမှူးများသည် ပြစ်မှုပြစ်ဒဏ်ကျခံခဲ့ဖူးကြောင်း ပြည်သူကတင်ပြသော်လည်း မျက်ကွယ်ပြုခြင်းများကိုလည်း ပြည်သူများထံမှသိရှိရပါတယ်။ ထို့နောက်အဆင့်ဆင့်သော အုပ်ချုပ်ရေးမှူးများကလည်း ပြည်သူကိုဗဟိုမပြုဘဲ အထက်လူကြီးများကိုသာဗဟိုပြုသည်ဆိုသော အချက်မှာလည်းအမှန်ပင်ဖြစ်ပါတယ်။ အချို့အသစ်ရွေးချယ်ခံရသောအုပ်ချုပ်ရေးမှူးများသည် ဆင်းရဲနွမ်းပါးသော တောင်သူလယ်သမားများအတွက် နိုင်ငံတော်မှ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ပေးရာတွင် ငွေကြေး တစ်ပြားတစ်ချပ်မှကောက်ခံခြင်းမပြုရန် ညွှန်ကြားထားသော်လည်း နည်းမျိုးစုံဖြင့် ပုံစံ ၁ ပြန်ပေးရာ တွင် ၂၀၀ မှ ၃၀၀၀ အထိတစ်မျိုး၊ အမည်ပေါက် အမည်ပြောင်းလုပ်ပေးမယ်ဆိုပြီး ၁၅၀၀၀ ထိတစ်ဖုံ၊ အခြားသောကိစ္စရပ်များတွင်လည်း နည်းအမျိုးမျိုးဖြင့် ငွေကြေးကောက်ခံနေပါသည်ဟု ကျောက်တံခါးဒေသ၊ ပြုသုကျေးရွာအုပ်စုနှင့် ပဲနွယ်ကုန်းဒေသ၊ ဇရပ်ခင်ကျေးရွာအုပ်စု ပြည်သူလူထုမှ တင်ပြလာသောအခါ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံညှိနှိုင်းပြီး အမှုမှန်ပေါ်ပေါက်ပါသော်လည်း အထက်ကိုတင်ပြထားမည်ဟုဆိုကာ ပြည်သူတို့၏ဆန္ဒကို မျက်ကွယ်ပြုကာ မည်သို့မျှ အရေးယူဆောင်ရွက်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် အဆင့်ဆင့်သော အုပ်ချုပ်ရေးမှူးများသည် ပြည်သူကို အခြေမပြု ပြည်သူကိုပစ်ကာ အထက်လူကြီးများကို အားကိုးဗဟိုပြုနေကြပါသည်ဆိုသော အချက်မှာလည်းအမှန်ပင်ဖြစ်နေပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားလုပ်ပြီး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးချထားမှုများကြောင့် လယ်ယာမြေအများအပြားလည်း ပျောက်ဆုံးခဲ့ပြီဖြစ်ကြောင်းသိရှိရပါတယ်။ ဒုတိယအချက်အနေနဲ့ တရားရုံးတွင်အမှုလိုက်ပါဆောင်ရွက်ကြသော ဥပဒေအရာရှိများ၊ ရှေ့နေများကလည်း မိမိတို့၏ ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းလိုက်နာကြရန်နှင့် ဥပဒေနှင့်အညီလုပ်ကိုင်ဆောင်ရွက်ကြရန်

ဆိုသည့်အချက်သည်လည်း အမှန်တကယ်လိုအပ်သည့်အပြင် မြို့နယ်တွင်ရှိသော တရားခွင်နှင့် ဥပဒေဝန်ထမ်းအင်အားမျှတအောင် ရှိသင့်ပါတယ်။ အချို့သောမြို့နယ်များတွင် ဥပဒေဝန်ထမ်း ၁ ဦးတည်း ရှိနေခြင်းမှာ မသင့်ပါ။ အမှုများမလိုအပ်ပဲ ကြန့်ကြာသဖြင့် အမှုသည်များအတွက် နစ်နာရပါတယ်။ တတိယအချက်အနေဖြင့် အင်းကိစ္စဖြစ်ပါတယ်။ အမှန်တကယ်အင်းလုပ်ကိုင်မည့် ဂရန်အင်းများ အနီးရှိ ကျေးလက်နေပြည်သူများ လုပ်ပိုင်ခွင့်မရဘဲ အင်းလေလံများကို တိုင်းတွင်လေလံပစ်သည် ဆိုပြီး အင်းကိုပင်မမြင်ဖူးသူများက လေလံရရှိပြီးတော့ အမှန်တကယ်မလုပ်ကိုင်ဘဲ အဆင့်ဆင့် ပြန်လည်ရောင်းချရာ နောက်ဆုံးတွင် အမှန်တကယ်လုပ်ကိုင်သော ကျေးလက်နေ အင်းလုပ်သားများ လက်ထဲသို့ ရောက်သောအခါ ဈေးနှုန်းများမတန်တဆဖြစ်ပြီး စားသုံးသူဆင်းရဲသားများအတွက် ငါးဈေးများအဆမတန်ကြီးမြင့်ခဲ့ရပါတယ်။ ထို့အပြင် လေလံများကိုလည်းနှစ်စဉ် ပစ်ခြင်းမပြုဘဲနဲ့ အဆင်ပြေသူများက ၃ နှစ် ကြေးတိုင်စိုက်သည်ဆိုကာ သူတို့ပင် ယူတာများကိုလည်းတွေ့ရှိရပါတယ်။ အင်းများကိုလေလံချထားသည့်အခါမှာ နယ်နိမိတ်များကို သေချာသတ်မှတ်ပေးခြင်းမရှိဘဲ ရေစီးရေလာအတိုင်း ရေရှိငါးရှိလျှင် အင်းသမားပိုင်သည်ဟုဆိုကာ လယ်သမားများအနေဖြင့် မိမိတို့ လယ်ထဲမှ လယ်ကြားငါးနှင့် ကတွတ်ပေါက်မှငါးများကိုပင် ဖမ်းစားခွင့်မရကြပါ။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ရေချိုငါးဖမ်းပစ္စည်း ၁၆ မျိုးနှင့် ရေငန်ငါးဖမ်းပစ္စည်း ၆ မျိုးတို့ကို ဖမ်းစား ခွင့်ပြုထားသော်လည်း အင်းနယ်နိမိတ်အတွင်း ဖမ်းစားခွင့်မရှိပါ။ ထို့ကြောင့်သေချာသတ်မှတ်ထား သည့်အင်းနယ်နိမိတ် အတွင်းရှိလယ်သမားများအတွက် ဝမ်းစာရှာရန်ပင် အခက်တွေ့နေရပြီး အင်းသမားများနှင့် ပေါင်းသင်းထားသော ငါးလုပ်ငန်းမှလူများနှင့် အုပ်ချုပ်ရေးမှူးများ၏ အနိုင်ကျင့် မှုကြောင့် အင်းသမားနှင့်လယ်သမားကြား မလိုလားအပ်သော ပဋိပက္ခများ ဖြစ်နေကြရပါတယ်။ ထို့အပြင်ချောင်းများအတွင်း တင်ဒါပိုက်ချပ်များကိုလည်း ဥပဒေနှင့်ချထားပေးခြင်းမရှိဘဲနှင့် လေလံ ရရှိသူများက ငါးလုပ်ငန်းနှင့်သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများ အားကိုးဖြင့် လက်ခွဲပိုက်ချပ်များ ချထားသဖြင့် ချောင်းတစ်ပြင်လုံး တမင်းနှင့် မြင်းဝန်းများပြည့်နှက်နေခဲ့ပါတယ်။ တမင်းနှင့် မြင်းဝန်းဆို သည်မှာ အောက်ခြေတွင် မြေအိုးခံ၍တင်ထားရပြီး ဘေးတစ်ဖက်တစ်ချက်တွင်လည်း နှစ်ဖက်ခွာ ပလပ်စတစ်ကပ်ထားသော တောင်ပံများတပ်ထားသဖြင့် ရေစီးရေလာကိုဟန့်တားထားသလို ဖြစ်နေပြီး နှစ်စဉ်ခံထားသော မြေအိုးများကိုလည်း လုပ်ငန်းသိမ်းချိန်တွင် ဖယ်ရှားခြင်းမရှိခဲ့သဖြင့် မိုးရာသီရောက်တိုင်း ချောင်းနံဘေးရှိ ကျေးရွာအုပ်စုပိုင်လယ်များ ရေကြီးရေလျှံ ဖြစ်ခဲ့ရပါတယ်။ အထက်ပါကိစ္စရပ်များကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးနှင့် ငါးလုပ်ငန်းအရာရှိ အဆင့်ဆင့်သို့တင်ပြပါ သော်လည်း မရှိဆင်းရဲသူလယ်သမားများဘက်မှ ကူညီပေးသူများ မရှိကြပါ။ ကျွန်တော်တို့မြို့နယ်တွင်

နှစ်စဉ်ရေကြီးရေလျှံဖြစ်မှုများကြောင့် ဆုံးရှုံးမှုဒဏ်ကိုမခံနိုင်သောလယ်သမားများအနေဖြင့် လယ်ယာမြေကိုစွန့်ခွာပြီး အခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်နေကြရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြလိုတာကတော့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးအများစုမှာ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုသည့် ခေတ်ပြောင်းစနစ်ပြောင်း မဟာဗျူဟာကို စိတ်ပါဝင်စားစွာကျားကုတ်ကျားခဲအကောင်အထည်ဖော်ရမည် ဖြစ်သော်လည်း ယနေ့တိုင်အာဏာပြခြင်း၊ ကိုယ်ကျိုးစီးပွားရှေ့တန်းတင်ခြင်း၊ ဥပဒေကိုလက်တစ်လုံးခြားလုပ်၍ဖိနှိပ်ခြင်း၊ ပြည်သူကို အကြောက်တရားတိုးပွားစေခြင်းများဖြင့် နိုင်ငံတော်၏မူဝါဒနှင့် ပြောင်းပြန်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့ပါတယ်။ နိုင်ငံတော်မှချမှတ်ပေးလိုက်သော ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ၎င်းတို့အလိုကျဖွဲ့စည်းထားသူများနှင့် ပွင့်လင်းမြင်သာစွာ စေတနာထားလုပ်ဆောင်မှုမရှိသဖြင့် အမှန်တကယ်လိုအပ်နေသော ကျေးလက်ဒေသများ မခံစားရခြင်း၊ လာဘ်ပေးလာဘ်ယူမှုများရှိနေသဖြင့် စံချိန်စံညွှန်းမပြည့်မီသော လမ်းတံတား၊ ကျောင်းများ စသည်တို့ကိုသာ ရရှိသည့်အတွက် ကျေးလက်လူထုအနေဖြင့် စိတ်ပျက်နေကြရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူများအနေဖြင့် လက်တွေ့ရင်ဆိုင်နေရသည်မှာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အမြင့်ဆုံးဆိုမှ မြို့နယ်အုပ်ချုပ်ရေးမှူးများပင်ဖြစ်ပါတယ်။ ယခုကဲ့သို့ အထက်တွင်စနစ်ပြောင်းသော်လည်း လုပ်နည်းလုပ်ဟန်အကျင့်စရိုက် Mindset မပြောင်းသေးသော အောက်ခြေရှိကျေးလက်နေ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများကြောင့် ပြည်သူများမှာ အစိုးရ၏လုပ်ဆောင်ချက်များအပေါ် သံသယဖြစ်နေကြရပါတယ်။ အထက်ပါအချက်များမှာ ပြည်သူများအမှန်တကယ် ခံစားနေရပါကြောင်းနှင့် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာမှာ ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိပါကြောင်းထောက်ခံဆွေးနွေးရင်းနဲ့နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များရှင့်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ၁၂-၈-၂၀၁၃ ရက်တွင် တင်သွင်းခဲ့သော တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာကို ကျွန်မဒေသရဲ့ အတွေ့အကြုံပေါ်တွင် ထောက်ခံဆွေးနွေး

မှာ ဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ပြည်နယ်နှင့်တိုင်း ဒေသများတွင် တရားဥပဒေစိုးမိုးရေးဟာ အင်မတန်မှ အားနည်းနေပါတယ်ရှင့်။ ဝန်ကြီးချုပ်က အစ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး များသည် ဒေသစွဲ၊ ပါတီစွဲ၊ လူပုဂ္ဂိုလ်စွဲ၊ ဌာနစွဲများ ရှိနေသည်ကို တွေ့ရပါတယ်။ ပြည်ထောင်စုအဆင့်မှ ပြောင်းလဲမှုရှိသော်လည်း ပြည်နယ်အစိုးရမှ ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ သည် ဒီမိုကရေစီလမ်းစဉ်ကို မကျင့်သုံးခဲ့သောကြောင့် တရားဥပဒေ စိုးမိုးရေးဟာ လွန်စွာအားနည်းပါ တယ်ရှင့်။ တရားဥပဒေစိုးမိုးရေးမရှိခြင်းရဲ့ အဓိကအကြောင်းအရင်းမှာ နိုင်ငံတော်သမ္မတက ဝန်ကြီး ချုပ်ကို ရွေးချယ်ခန့်ထားပြီး ဝန်ကြီးချုပ်ကလည်း ပြည်သူကရွေးချယ်သော လွှတ်တော်ကိုယ်စားလှယ် များကို ပြည်နယ်ဝန်ကြီးများအဖြစ်မခန့်ဘဲ အပြင်က သူ၏ဩဇာခံနိုင်မယ့် ပုဂ္ဂိုလ်များကိုသာ ခန့်ထားခြင်းကြောင့်ဖြစ်တယ်လို့ ကျွန်မယူဆမိပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ရှိ ဖုန်းကာရွာ၊ ရွာတာဝန်ခံကို ပြည်သူလူထုက ယုံကြည်ထောက်ခံမှုဖြင့် ရွေးချယ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဥပဒေနှင့်အညီ ရွေးချယ်သူကိုမခန့်ဘဲ ၎င်း၏ဆန္ဒအရ မိမိလိုလားသူကိုသာ ခန့်အပ်နေပါတယ်။ သို့ဖြစ်ပါ၍ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်စာကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဝန်ကြီး၊ ပြည်သူ့လွှတ်တော်၊ ပြည်ထဲရေးဝန်ကြီးဌာနတို့တွင် စာတင်ခဲ့ပါတယ်။ ကျွန်မတို့စာကို အကြိမ်ကြိမ်တင်ရပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အသစ်ပြန်ရွေးချယ်သော်လည်း ဥပဒေနှင့်အညီ မဆောင်ရွက်ဘဲ သူလိုလားသူကိုသာ ပြန်အရွေးခံ၍ ခန့်အပ်ထားကြောင်းတွေ့ရှိရပါတယ်။ ဤသို့ဖြင့် ကျွန်မတို့ပြည်နယ်မှာ တရားဥပဒေ စိုးမိုးမှုမရှိကြောင်း အခက်အခဲများစွာကြုံတွေ့နေရပါတယ်ရှင့်။

နိုင်ငံတော်သမ္မတက ဖေဖော်ဝါရီ ၂၆ ရက်နေ့ သတင်းစာတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများကို ရွေးချယ်ဖွဲ့စည်းပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် အမိန့်ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါတယ်။ ကျွန်မတို့ ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ပါတယ်။ သို့သော် မြို့နယ်အုပ်ချုပ်ရေးမှူးက သူလိုလားသောသူကိုသာ ပြည်သူတို့၏အသံကို နားမထောင်၊ ဂရုမစိုက်ဘဲ ရွေးချယ်ခဲ့ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်ကလည်း မြို့နယ်အုပ်ချုပ်ရေးမှူး၏ တင်ပြလုပ်ဆောင်ချက်များကို မည်သို့မျှမစိစစ် ဘဲ အတည်ပြုခန့်အပ်ခဲ့ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ချင်းပြည်နယ်၊ ဟားခါးမြို့ရှိ ပြည်တော်သာရပ်ကွက်နေဦးဒေါ့ကျူး ၏ ဘိုးဘွားပိုင်ဥယျာဉ်ခြံမြေကို ၁၉၉၂ ခုနှစ်၊ ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့

လက်ထက်တွင် ပန်းသီးနှင့်လက်ဖက်စိုက်ရန် အကြောင်းပြကာ သိမ်းယူပြီး ပုံစံ ၁၀၅၊ ၁၀၆ များ ထုတ်ယူကာ အခြားသူများထံ ရောင်းချခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းသိမ်းပိုက်ခဲ့သော မြေဧက ၁၉၅ ဧကအား ပိုင်ရှင်ဦးဒေါ့ကျုံးအား ပြန်ပေးရန်အကြိမ်ပေါင်းများစွာ ပြန်တောင်းသော်လည်း အခုထိ မအောင်မြင်ခဲ့ပါ။

ကျွန်မတို့ချင်းပြည်နယ်တွင် အိမ်မြေတစ်ခုနှင့်ပတ်သက်၍ တရားရင်ဆိုင်ခဲ့ရာတွင် တရားလိုဘက်မှ အနိုင်ဒီဂရီရရှိခဲ့ပါတယ်။ သို့သော် အုပ်ချုပ်ရေးမှ တာဝန်ရှိသူက အခုအထိ ဆက်လက်ဆောင်ရွက်ခြင်းမရှိသောကြောင့် တရားလိုကလုံးဝနစ်နာခဲ့ပါတယ်။ သို့ဖြစ်ပါသောကြောင့် ကျွန်မတို့နိုင်ငံဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ဟာ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းမှုရှိမှသာ တရားဥပဒေစိုးမိုးမှုကို အောင်မြင်နိုင်မှာဖြစ်ကြောင်း ဆုတောင်းရင်းနိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာအပေါ် အကြံပြု ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာတွင် ဆောင်ရွက်ချက်များ၊ တွေ့ရှိချက်များ၊ သုံးသပ်ချက်များ၊ ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များအား ထောက်ခံပါကြောင်း ပြောကြားလိုပါတယ်။ တရားဥပဒေနှင့် တည်ငြိမ်အေးချမ်းရေးသည် အပြန်အလှန်ဆက်နွယ်လျက်ရှိပါကြောင်း တရားဥပဒေစိုးမိုးမှုရှိမှသာ တည်ငြိမ်အေးချမ်းမှုရှိလာမည် ဖြစ်ပါတယ်။ မတည်မငြိမ်မအေးချမ်းအောင် ဥပဒေမဲ့လုပ်ရပ်များသည် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများကို အဟန့်အတားဖြစ်စေပါတယ်။ တိုင်းပြည်တည်ငြိမ်ရေး၊ အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အနှောင့်အယှက်ဖြစ်စေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသတိုင်း/မြို့နယ်တိုင်းတွင် လူတစ်စု၊ လူတစ်ဖွဲ့သည် တည်ငြိမ်အေးချမ်းမှု မဖြစ်ပေါ်စေရန်အတွက် အဖိုးအခများယူပြီး မတည်ငြိမ်၊ မအေးချမ်းမှုများ ဖန်တီးလုပ်ဆောင်နေပါတယ်။ ဥပမာ လယ်ယာမြေအငြင်းပွားမှုများတွင် ဥပဒေအရ အငြင်းပွားမှုများကို ဖြေရှင်းရမည့်အစား

လူစုလူဝေးနှင့် မကျူးကျော်ရဆိုင်းဘုတ်များထောင်ခြင်း၊ တရားဝင်လုပ်ပိုင်ခွင့်ရှိသော လယ်ယာမြေများတွင် လူစုလူဝေးနှင့် အဓမ္မဝင်ရောက်ထွန်ယက်ခြင်း၊ စိုက်ပျိုးထားသောသီးနှံများအား ဖျက်ဆီးခြင်းသည် မတည်ငြိမ်၊ မအေးချမ်းအောင် ဖန်တီးလုပ်ဆောင်မှုများ ဖြစ်ပေါ်စေပါတယ်။ ဒီလိုဥပဒေမဲ့ မတည်ငြိမ်ဖြစ်အောင် ဖန်တီးမှုများအား ပညာပေးဆောင်ရွက်နိုင်ရန်နှင့် အစီရင်ခံစာ၏ ရှေ့လုပ်ငန်းစဉ်များတွင် ထည့်သွင်းသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်အတွက် လူတစ်စု၊ လူတစ်ဖွဲ့သည် လယ်ယာမြေများဝယ်ယူ၍ သီးနှံစိုက်ပျိုးခြင်းမရှိဘဲ လယ်ယာမြေတွင် နေအိမ်များချက်ချင်းဆောက်လုပ်ခြင်း၊ အုပ်ချုပ်ရေးအဖွဲ့များ၏ ဥပဒေအရ တားမြစ်သော်လည်း လိုက်နာမှုမရှိခြင်း၊ အငြင်းပွားမှုများ တစ်ဖက်နှင့်တစ်ဖက် ပေါ်ပေါက်စေပါတယ်။ အဆိုပါပဋိပက္ခများသည် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေသောကြောင့် အဆိုပါလုပ်ရပ်များအား ဥပဒေအရ ဆောင်ရွက်လုပ်ကိုင်ရန်နှင့် ပညာပေးဆောင်ရွက်မှုများကို အစီရင်ခံစာ၏ ရှေ့လုပ်ငန်းစဉ်များတွင် ထည့်သွင်းသင့်ပါကြောင်း အကြံပြုတင်အပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ လုပ်ဆောင်ချက်ကဏ္ဍအပေါ် အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို ဥပဒေနှင့်အညီ ရွေးချယ်ရပါတယ်။ ပြည်သူလူထုအများစုက ယုံကြည်ထောက်ခံသူကို ဥပဒေနဲ့အညီ ရွေးချယ်ပေးခဲ့သော်လည်း ရှုံးသူ၊ အနိုင်မရရှိသူ လူတစ်စုက အကြိမ်ကြိမ်တိုင်တန်းခြင်း၊ အကြိမ်ကြိမ်ရှင်းလင်းခဲ့ရခြင်း၊ အထပ်ထပ်တိုင်တန်းခြင်းတို့ကြောင့် တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခများကို ဖြစ်ပေါ်စေပါတယ်။ အဆိုပါပဋိပက္ခများသည် မတည်ငြိမ်၊ မအေးချမ်းမှုကို ဖန်တီးစေသောကြောင့် ဥပဒေအရလည်းကောင်း၊ ပညာပေးခြင်းအရလည်းကောင်း၊ ဆောင်ရွက်သင့်ပါသဖြင့် အစီရင်ခံစာ၏ ရှေ့လုပ်ငန်းစဉ်များတွင် ထည့်သွင်းသင့်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာ ရှေ့လုပ်ငန်းစဉ်များတွင် အောက်ပါအချက်များ ဖြည့်စွက်အကြံပြုတင်ပြအပ်ပါသည်။ (၁) လယ်ယာမြေအငြင်းပွားမှုများတွင် လယ်သမားများသည် လူစုလူဝေးနှင့် ဥပဒေမဲ့ဆောင်ရွက်ခြင်းသည် တည်ငြိမ်အေးချမ်းမှုအား ပျက်ပြားစေသောကြောင့် ဥပဒေအရဆောင်ရွက်ရန်နှင့် ပညာပေးဆောင်ရွက်မှုများ ပြုလုပ်သွားရန်၊ (၂) ရပ်ကျေးအုပ်ချုပ်ရေးမှူးများအား ဥပဒေအရရွေးချယ်ပေးသော လူထုအများကြိုက် ကိုယ်စားလှယ်အား ရှုံးနိမ့်သူက အကြိမ်ကြိမ်အထပ်ထပ်တိုင်တန်းခြင်းကြောင့် ပဋိပက္ခများဖြစ်ပေါ်ပြီး အေးချမ်းသာယာရေး၊ တည်ငြိမ်ရေးကို ထိခိုက်စေသဖြင့်

ဥပဒေအရဆောင်ရွက်ရန်နှင့် ပညာပေးဆောင်ရွက်ချက်များ ပြုလုပ်သွားစေရန်၊ (၃) လူစုလူဝေးဖြင့် ဥပဒေမဲ့တဲများဆောက်လုပ်ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပဋိပက္ခဖြစ်ပေါ်စေခြင်းကြောင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသဖြင့် ဥပဒေနှင့်အညီဆောင်ရွက်ခြင်းနှင့် ပညာပေးခြင်းများဆောင်ရွက်သင့်ကြောင်း အစီရင်ခံစာ၏ ရှေ့လုပ်ငန်းစဉ်များတွင် ဖြည့်စွက်သင့်ကြောင်း အကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာ ဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် တကွ အားလုံး မင်္ဂလာပါရှင်။ ကျွန်မသည် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏အစီရင်ခံစာပါတွေ့ရှိချက်များအနက် ၃ ချက်နှင့် အကြံပြုချက်များအနက် ၁ ချက်ကိုဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အစီရင်ခံစာ စာမျက်နှာ ၃ ဒုတိယစာပိုဒ် တရားသူကြီးများအနေဖြင့် ယိမ်းယိုင်နေသော တရားရေးမဏ္ဍိုင်ကို ပြန်လည်တည့်မတ်နိုင်ရန် အဂတိလေးပါးကင်းစွာ၊ ရဲရင့်တည်ကြည်စွာ ဥပဒေပြဋ္ဌာန်းချက်အတိုင်းဆုံးဖြတ်ကြရပါမည်ဆိုတဲ့အချက်၊ အစီရင်ခံစာ စာမျက်နှာ ၃ တတိယစာပိုဒ်ပါ ဥပဒေအရာရှိများကလည်း တရားရုံးများ၏ဆောင်ရွက်ချက်များသည် ဥပဒေနဲ့ညီ/မညီစိစစ်ပြီး ပြည်သူများ၏ရပိုင်ခွင့်နှင့် အခွင့်အရေးများမနစ်နာစေရန် ဥပဒေနဲ့အညီအကာအကွယ်ပေးရပါမည်ဆိုတဲ့အချက် ဒီ ၂ ချက်ဟာ ပြည်သူများတရားမျှတ အစာဝလင်စွာ၊ ဘေးကင်းလုံခြုံ အေးချမ်းစွာ ရှင်သန်နေထိုင်နိုင်ကြဖို့ အဓိကအရေးပါတဲ့အချက်များဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒီနေရာမှာ ကျွန်မဆွေးနွေးလိုတဲ့အချက် ၂ ချက်ကို ဆိုလိုရင်းထင်ရှားအောင် ဖြစ်ရပ် ၂ ခုကို အကျဉ်းမျှတင်ပြလိုပါတယ်။ တစ်ခုက ယောကျ်ားကလေးက မိန်းကလေးကိုလှည့်စားဖြားယောင်းလွန်ကျူးလို့ ကိုယ်ဝန်ရှိလာတဲ့အခါ ယောကျ်ားလေးဘက်က ငြင်းဆန်တာဝန်မဲ့လို့ မိန်းကလေးက တရားစွဲတဲ့အမှုဖြစ်ပါတယ်။ စွဲဆိုတဲ့ပုဒ်မအလိုက် တရားရုံးက ရဲခေါ်ပေးရသောဆင့်စာထုတ်ပြီးခေါ်တယ်လို့ဆိုပါတယ်။ ဒါပေမယ့် ယောကျ်ားလေးရဲ့အဖေက သူ့သားမရှိဘူးပြောပြီး သားကိုတရားဆိုင်ဖို့မလွှတ်ပါဘူး။ ကိုယ်ဝန်ရှိစက စွဲခဲ့တဲ့ကိစ္စဟာ ကလေးမွေးဖွားပြီးစီးသည့်တိုင်အောင် ကလေးအဖေကို ဖမ်းမမိဘူးဖြစ်နေပါတယ်။ မိန်းကလေးကို ဥပဒေနဲ့အညီကာကွယ်ပေးရမည့်သူများ တုံ့နှေးဆုံဆိုင်း အောင် ကျွေးထားတဲ့ဆေးစွမ်းကောင်းတစ်လက်တော့ရှိအမှန်နေမယ်လို့ယူဆရပါတယ်။

နောက်ဖြစ်ရပ်တစ်ခုကတော့ ကားနဲ့တိုက်မိလို့ လူသေတဲ့အမှုဖြစ်ပါတယ်။ ကားပိုင်ရှင်က ပိုက်ဆံအိတ်ကြီးကိုပိုက်ပြီး ဘယ်သူ့ကို ဘယ်လောက်ပေးရမလဲလို့အပူတပြင်းရှာပြီး ဆို့ပိတ်နေပေမယ့် မသေသေးတဲ့ကားတိုက်ခံရသူခများကိုတော့ ကူဖို့၊ ကယ်ဖို့လှည့်တောင်မကြည့်လို့ ပစ်စလက်ခတ်သေ

သွားရတဲ့အဖြစ်ပါ။ ပြည်သူတွေအတွက် အစားထိုးမရတဲ့အသက်ကို စွန့်လွှတ်ဆုံးရှုံးရသည်အထိ အားကိုးရာမဲ့အောင်ဖန်တီးနေတဲ့အဖြစ်တွေပါပဲ။

အစီရင်စာ စာမျက်နှာ ၄ ဒုတိယစာပိုဒ်ကို ဆွေးနွေးချက် ၃ အဖြစ် ကျွန်မတင်ပြလိုပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးအချို့ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊ လောင်းကစားမှုများကို မသိကျိုးကျွံပြုထားခြင်းဆိုတဲ့အချက်ဖြစ်ပါတယ်။ မသိကျိုးကျွံပြုရုံသာမက ကိုယ်တိုင်ဒိုင်ခံပြီး လောင်းကစားအမျိုးမျိုးလုပ်နေခြင်းများ၊ တချို့ကျေးရွာအုပ်ချုပ်ရေးမှူးများဟာ သူတို့သက်ဆိုင်ရာသင်တန်းများတက်နေစဉ်မှာတောင် သင်တန်းမှာဖဲဝိုင်းထောင်၊ ဖဲရိုက်ခြင်းများ မိမိကျေးရွာမှာလောင်းကစားပေါင်းစုံကို ဦးဆောင်ပြုလုပ်နေသဖြင့် သူခိုး၊ သူဝှက်ထူပြောလာခြင်း၊ ဆင်းရဲမွဲတေမှု တိုးပွားလာခြင်းများရှိနေပါတယ်။ စည်းကမ်း၊ စည်းမျဉ်း၊ ဥပဒေဆိုတာ ဘယ်လောက်ပဲကောင်းမြတ်သည်ဖြစ်ပါစေ လူကကျင့်သုံးမှအသက်ဝင်တာပါ။ နိုင်ငံ့ဝန်ထမ်းဆိုတာ ငွေကြေးဥစ္စာခနမချမ်းသာနိုင်ပါဘူး။ ချမ်းသာလိုစိတ်လောဘ ကြီးစိုးလာရင်တော့ မသမာမှုဖြစ်ကြတော့မှာပါ။ မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထားဆိုတာ လောကီရေးအနေနဲ့တော့ တိုင်းပြု ပြည်ပြုလုပ်ငန်းစဉ်ကျင့်ဝတ်များဖြစ်ပါတယ်။ လက်ရှိအချိန်မှာပေါက်ပင်ဘာကြောင့်ကိုင်းရတယ် မျှင်းနားလို့ကိုင်းရတယ်။ မျှင်းဘာကြောင်နားရတယ် ငါးပေါ်လို့နားရတယ်။ ငါးဘာလို့ပေါ်ရတယ်ကျွဲလူးတို့ပေါ်ရတယ်။ ကျွဲဘာကြောင့်လူးရတယ် ဖြုတ်ကိုက်လို့လူးရတယ်။ ဖြုတ်ဘာကြောင့်ကိုက်ရတယ် မိုးရွာလို့ကိုက်ရတယ်။ မိုးဘာကြောင့်ရွာရတယ် ဖားအော်လို့ရွာရတယ်။ ဖားဘာကြောင့်အော်ရတယ် မြွေကိုက်လို့အော်ရတယ်။ မြွေဘာကြောင့်ကိုက်ရတယ် ငါ့ဝမ်းပူဆာမနေသာလို့ကိုက်ရတယ်လို့ အကြောင်းပြရအောင်ကလည်း ဥပဒေပြုလွှတ်တော်များမှ တိုက်တွန်းအဆိုပြုချက်အရ ဝန်ထမ်းများကိုလစာတိုးငွေ၊ အဆတိုးငွေများပေးထားပြီး၊ ပေးထားဆဲဖြစ်ပါသဖြင့် ငါ့ဝမ်းပူဆာမနေသာလို့တော့ မဟုတ်နိုင်/ မဖြစ်နိုင်ပါ။ ဝါသနာနှင့် စရိုက်ကို မပယ်သတ်နိုင်ကြလို့သာ မုချဖြစ်ပါလိမ့်မယ်။ ဒါကြောင့်ဝါသနာနှင့် စရိုက်ကိုမစွန့်ပစ်နိုင်သူများကို ထိရောက်စွာဟန့်တားအရေးယူနိုင်ဖို့ စိုင်းပြင်းဆောင်ရွက်သင့်ပါကြောင်း လေးနက်စွာအကြံပြုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အစီရင်ခံစာပါ အကြံပြုချက်များအနက် စာမျက်နှာ ၇ ပထမ စာကြောင်းလာ ကျောင်းများတွင် လူမှုကျင့်ဝတ်ဆိုင်ရာသဘောတရားများ၊ ဥပဒေပညာအခြေခံများကို သင်ခန်းစာတစ်ခုအဖြစ် ထည့်သွင်းသင်ကြားနိုင်ရန် စီစဉ်သင့်ပါသည်ဆိုတဲ့အချက်ကို ထောက်ခံဆွေးနွေးလိုပါတယ်။ ကျွန်မတို့ငယ်စဉ် အလယ်တန်း၊ အထက်တန်းတွေမှာ ကျောင်းတက်စဦးဆုံးအချိန်မှာ ပြည်သူ့နီတိသင်ရပါတယ်။ ၃၈ ဖြာမင်္ဂလာတရားတော်လာ ရှေ့ပြေးကျင့်ဝတ်များတို့လည်းဆိုနိုင်

ပါတယ်။ ဒီနေရာမှာ ပြည်ပနိုင်ငံတစ်ခုမှာ ဧည့်ပါမောက္ခအဖြစ်နဲ့ သွားရောက်တာဝန်ထမ်းဆောင် ခဲ့တဲ့ အစ်မအရွယ်ဆရာမတစ်ဦး ပြန်ပြောတာကိုကျွန်မသတိရမိပါတယ်။ သူတို့ဆီမှာ ၃၈ ဖြာ မင်္ဂလာဆိုတာမသိကြဘူး။ ဒါပေမယ့်ရှိတယ်။ သူတို့အပြုအမူ အပြောအဆိုတွေဟာ မင်္ဂလာ တရားနဲ့ညီညွတ်တယ်။ တို့များဆီမှာတော့ ၃၈ ဖြာမင်္ဂလာကို ကြားသိနေရပေမယ့် ကျင့်သုံးခြင်း မရှိဘူးလို့ပြောဖူးပါတယ်။ လက်ရှိ မျက်မှောက်ခေတ်မှာ ကလေးများ၊ လူငယ်များဟာ မိဘဆရာက ဒီလိုမပြောရဘူး။ ဒါကို မလုပ်ရဘူးလို့တစ်ချက်လွတ်တားမြစ်လို့ မလိုက်နာချင်ကြတော့ပါဘူး။ ဒါကို လုပ်လို့ ဒီလိုဖြစ်တယ်ဆိုတဲ့ ကြောင်းကျိုးဆက်စပ်ပြမှုကိုသာ သူတို့လက်ခံချင်ပါတယ်။ သမိုင်းပါ မောက္ခဆရာကြီး ဒေါက်တာသန်းထွန်းက သမိုင်းသင်တာ မအအောင်လို့လို့ပြောခဲ့ဖူးပါတယ်။ ဒါကြောင့် ကျွန်မ ဒီနေရာ အချုပ်ပြောရပါရင် မြန်မာနိုင်ငံသားများမရိုင်းရအောင် လူမှုကျင့်ဝတ်ဆိုင်ရာ သဘောတရားများ၊ မြန်မာနိုင်ငံသားများမအရအောင် ဥပဒေပညာအခြေခံများကို စာသင်ကျောင်း များ၌ အရွယ်၊ အတန်းအလိုက် သူ့အိုးနှင့် သူ့ဆန်တန်ရုံ၊ အိုးတန်ဆန်ခတ်သင်ကြားပေးသင့်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးနှင့်တကွအားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်က ဒေါက်တာ နေလင်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဒီကနေ့တင်ပြဆွေးနွေးချက်တွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအမြင် ဒီရှုထောင့်တွေကနေ ကျွန်တော်ဆွေးနွေးသွားမှာမဟုတ်ပါဘူး။ ဒီ ပြည်သူ့လွှတ်တော် တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာအကြောင်းအရာပါအပေါ် Analysis လုပ်ပြီးတော့ Datalized of Technical Analysis အနေနဲ့ ကျွန်တော်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တင်ပြဆွေးနွေးမည့်အချက်အလက်များကတော့ (၁) ရည်ရွယ်ချက် အစီရင်ခံစာတွင်ဖော်ပြထားချက်များ၊ အစီရင်ခံစာအပေါ်သုံးသပ်ချက်နှင့် အကြံပြုချက်ဆိုပြီးတော့ အပိုင်း ၄ ပိုင်းနဲ့တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအစီရင်ခံစာမှာတင်ပြတဲ့ဖော်ပြချက်များဟာ ကော်မတီကိုပေးအပ်ထားတဲ့ Mission အပေါ် အောင်မြင်အောင်ဘယ်လိုချဉ်းကပ်နိုင်သလိုဆိုတဲ့ Way of Approche နောက်တစ်ခါ ဒီအကြောင်းအချင်းအရာအချက်အလက်တွေဟာ၊ ဖော်ပြချက် တွေဟာ ပြည့်စုံမှုရှိ/မရှိ။ ဒီဖော်ပြချက်များဟာလည်း တိကျခိုင်မာမှုရှိ/မရှိအစရှိတဲ့ ဒီ Parameter တွေ၊ ဒီ Indicator တွေ၊ ဒီစံနှုန်းတွေနဲ့ ကျွန်တော်တိုင်းတာပြီးတော့ ကျွန်တော့်အမြင်၊ ကျွန်တော့် ယူဆ

ချက်တွေနဲ့ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ နောက် Win Win Theory အရ ကော်မတီရဲ့ လုပ်ဆောင်ချက်ကလည်းပေါ်လွင်မယ်။ ပြည်သူတွေအတွက်လည်း အကျိုးကျေးဇူးရှိမယ်။ အုပ်ချုပ်မှုနှင့် တရားစီရင်ရေးကဏ္ဍမှာလည်း အထောက်အကူပြုနိုင်ဖို့အတွက် ၃ ဦး ၃ ဖလှယ် အကျိုးရှိစေဖို့ အတွက်တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော် အခုတင်ပြတဲ့ရည်ရွယ်ချက်က (၁) တင်ပြတဲ့အစီရင်ခံစာ High Quality Report ပေါ့။ အရည်အသွေးနှင့် စံနှုန်းပြည့်အစီရင်ခံစာဖြစ်စေချင်တယ်။ (၂) ကတော့ တင်ပြတဲ့အစီရင်ခံစာဟာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးနယ်ပယ်အတွက် အထောက်အကူဖြစ်စေချင်တယ်။ နောက် (၃) အချက်ကတော့ တင်ပြတဲ့အစီရင်ခံစာဟာ လွှတ်တော် Library မှာ ကိုးကားဖတ်ရှုရမည့်စာတမ်းအစီရင်ခံစာတစ်စောင်ပေါ့။ Reference Report အနေနဲ့ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော့်အနေနဲ့တင်ပြခြင်းဖြစ်ပါတယ်။ ဒီအစီရင်ခံစာမှာဖော်ပြချက်နဲ့ပတ်သက်ပြီး ပြန်ပြီးတော့လေ့လာကြည့်မယ်ဆိုရင် နိဒါန်းပိုင်းဆောင်ရွက်ချက်များ၊ တွေ့ရှိချက်များ၊ သုံးသပ်ချက်များနှင့် ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ၊ အကြံပြုချက်များဆိုပြီးတင်ပြထားတာ အားလုံးလွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ Report ရရှိတဲ့အပေါ်သိရှိရမှာဖြစ်ပါတယ်။ ဒါ ပထမဆုံး မျက်နှာဖုံး Cover ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့အစီရင်ခံစာ၊ ဒုတိယစာမျက်နှာမှာတော့ နိဒါန်းပိုင်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်ချက်များမှာ ၁ ကနေ ၁၅ အထိ၊ စာမျက်နှာ ၃ မှာတော့ တွေ့ရှိချက်များမှာဆိုရင် စာမျက်နှာ ၃၊ စာမျက်နှာ ၄ ပါပါတယ်။ နောက် နံပါတ် ၅ သုံးသပ်ချက်များဆိုတဲ့အပိုင်း၊ နောက်တစ်ခါ ရှေ့လုပ်ငန်းစဉ်များနှင့် အကြံပြုချက်ဆိုပြီးတော့ဖော်ပြထားတာဖြစ်ပါတယ်။ ဒါအနှစ်ချုပ်ပြီးတော့ ဖော်ပြတာဖြစ်ပါတယ်။ ဒီအစီရင်ခံစာအပေါ် သုံးသပ်ကြည့်လို့ရှိရင် နိဒါန်းပိုင်း၊ နိဒါန်းပိုင်းက ဒီကော်မတီကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့က စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကနေ့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှာပဲ ဒီကော်မတီရဲ့သက်တမ်းဟာ တစ်နှစ်ဖြစ်တဲ့အတွက်ကြောင့် တင်ပြတဲ့အစီရင်ခံစာဟာ နှစ်ချုပ်အစီရင်ခံစာအနေနဲ့ ကျွန်တော့်အနေနဲ့မှတ်ယူပါတယ်။ ဒါကြောင့်မို့လို့ ဒီဆောင်ရွက်ချက်များအပေါ် ပြန်ပြီးတော့ အစီရင်ခံစာမှာပါတဲ့လေ့လာချက်ကိုလည်း ကြည့်လို့ရှိရင် ကဏ္ဍ ၃ ရပ်ခွဲပြီးတော့ လေ့လာတဲ့အခါမှာတွေ့ပါတယ်။ နံပါတ် ၁ ကတော့ ဆောင်ရွက်ချက်များမှာတင်ပြထားတဲ့ အမှတ်စဉ် ၁ ကနေ အမှတ်စဉ် ၁၅ အဲ့ဒီထဲမှာ ဥပဒေရေးရာများနဲ့ဆွေးနွေးခြင်းဆိုပြီးတော့ ဆောင်ရွက်ချက် ၂၊ ၄၊ ၆ ပါပါတယ်။ ဒါ ပြန်ပြီးတော့ Analysis လုပ်တဲ့အခါမှာ အဲ့ဒီတော့ ဒီဥပဒေရေးရာများနဲ့ဆွေးနွေးခြင်းအပိုင်းမှာ ဥပဒေပညာရှင်များတွေက ဘယ်သူတွေနဲ့ဆွေးနွေးတာလဲ။ ဆွေးနွေးချက်တွေဘာတွေလဲ။ ဘယ်တက္ကသိုလ်ဥပဒေပညာဌာနလဲ။ ဘယ်ကပါမောက္ခ၊ ကထိကတွေ ဘယ်သူတွေလဲ။ ဒီ Who တွေ

ကျွန်တော်သိချင်ပါတယ်။ အဲ့တော့ ဒီ Report ကို Weight လေးနက်စေချင်တယ်။ ဥပမာ Weight ဆိုလို့ရှိရင် ဥပဒေပညာရှင်ဆိုတာကလည်း နာမ် အမည်နာမဂုဏ်၊ ရာထူးဂုဏ်၊ ပညာဂုဏ် ဆိုတာရှိပါတယ်။ ဥပမာတစ်ခုပေးရလို့ရှိရင် ကျွန်တော်တို့ ဒီမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ပါမောက္ခ ဒေါက်တာ မောင်မောင်ဝင့်လို့ပြောလိုက်တာနဲ့ ဆရာကြီးရဲ့အမည်နာမကိုကြည့်တာနဲ့ အမည်နာမဂုဏ်ဟာ ဆရာကြီးဟာ လူ့အသက်တွေကယ်နေတဲ့ဆရာကြီးပါလားဆိုတာ ဒါပေါ်လွင်တယ်။ နောက်တစ်ခါ ပညာဂုဏ်ကြည့်လိုက်တဲ့အခါကျတော့ M.B.B.S, MRCP(UK), FRCP(Edin), M.ed.Sc အစရှိသဖြင့် ဒီဘွဲ့ထူး၊ ဂုဏ်ထူးတွေရှိတဲ့အတွက်ကြောင့်လည်း ပညာဂုဏ်အားဖြင့်လည်း ကြီးမြင့်တယ်။ ထို့အတူပဲ ရာထူးဂုဏ်ကြည့်တဲ့အခါကြလို့ရှိရင် အရင်တုန်းကဆို ညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ လက်ရှိမြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာဆေးပညာရှင်များအဖွဲ့အစရှိသဖြင့် တာဝန်ထမ်းဆောင်တဲ့အတွက် လွှတ်တော်မှာလည်း အတွင်းရေးမှူးတာဝန်ထမ်းဆောင်တဲ့ အတွက်ကြောင့် ရာထူးဂုဏ်အရလည်း ကျွန်တော့်တို့အနေနဲ့ဆို ဆေးသိပ္ပံပညာဦးစီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်လုပ်ခဲ့တဲ့အတွက်ကြောင့် တပည့်ဖြစ်တဲ့အတွက်ကြောင့် ဒါ အနန္တော အနန္တ ၅ ပါးထဲမှာပါသွားတယ်။ အလိုလိုနေရင်း ဒါကြောင့်မို့လို့ Weight ပေါ့။ Report ကို Weight ဖြစ်စေချင်တာ။ ဥပဒေပညာရှင်တွေ ဘယ်သူလဲ။ ခိုင်မာလေးနက်စေချင်တယ်။ နောက်တစ်ခါ ဘယ်တက္ကသိုလ်က ဥပဒေပညာဌာနကိုသွားတာလဲ။ မန္တလေးလား။ ရန်ကုန်လား။ ထို့အတူ ကျွန်တော်တို့ ဘာတွေဆွေးနွေးတာလဲ။ တရားစီရင်ရေးနဲ့ဆွေးနွေးတာလား။ ဥပဒေပြင်ဆင်ရေးတွေဆွေးနွေးတာလား။ ကျောင်းသားတွေနှင့်ပတ်သက်ပြီး ဘွဲ့ကြို၊ ဘွဲ့လွန်ပညာရေးကဏ္ဍတွေနဲ့ဆွေးနွေးတာလား။ ဌာနတွင်းသင်တန်းတွေ။ ထို့အတူ ပြည်သူလူထုရဲ့ ဥပဒေနဲ့ပတ်သက်ပြီး သိသင့်၊ သိထိုက်တဲ့ပညာပေးဖို့တွေဆွေးနွေးတာလား။ ဒီဆွေးနွေးချက်တွေဖော်ပြပေးစေချင်ပါတယ်။

နောက်ဒုတိယကဏ္ဍ အပိုင်း ၃ ပိုင်းခွဲကြည့်တဲ့အခါမှာ တရားရုံးများကိုသွားရောက်ခြင်း၊ တရားရုံးများသို့သွားရောက်မေးမြန်းခြင်းအပိုင်းမှာ ဆောင်ရွက်ချက် ၃ ကနေ ၅၊ ၇ ကနေ ၁၅ အထိပါပါတယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ဧရာဝတီ၊ မကွေး၊ ရှမ်း၊ ကယား၊ ကရင်၊ မွန်၊ ပဲခူး အားလုံး ၁၀ နေရာတိတိ စက်တင်ဘာ ၂၀၁၂ ခုနှစ်ကနေ ဇွန် ၂၀၁၃ ခုနှစ်အထိသွားတဲ့အတွက် ကြောင့် ၁၀ နေရာကိုသွားခဲ့တာဖြစ်ပါတယ်။ ဒီကော်မတီရဲ့လုပ်ဆောင်ချက်ဟာ ဒါ တော်တော်လေးကို In Present ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီတွေ ဒါတွေဟာ နမူနာယူသင့်ပါတယ်။ အဲ့တော့ ဒီ ၁၀ နေရာကိုသွားတဲ့အခါကျတော့ ကျွန်တော်တို့သိချင်တာတွေက ဒီ Report မှာ ဒီအဖွဲ့ကို ဘယ်သူဦးဆောင်သွားတာလဲ။ အဲ့ဒီနေရာသွားတဲ့အခါမှာလည်း ရောက်တဲ့နေရာတိုင်းမှာ ရက်စွဲတွေဖော်ပြပြီး

ဘယ်နှစ်ရက်နေထိုင်ပြီးတော့ ဘယ်တရားရုံးမှာ အထူးသဖြင့်တော့ မြို့ကြီးတွေမှာပဲ ကျန်တဲ့မြို့ငယ်တွေမှာတော့ မပါနိုင်ပါဘူး။ မပါပါဘူး။ ဥပမာ ရှမ်းပြည်နယ်ဆို တောင်ကြီးမြို့နယ်တရားရုံးကိုသွားတယ်။ နောက်တစ်ခါ ဘယ်သူတွေနဲ့တွေ့တာလဲ။ အမှုသည်တွေ၊ ဒီအမှုတွေက ဘာအမှုတွေလဲ။ သက်သေတွေကလည်း တရားလိုပြသက်သေလား။ တရားခံပြသက်သေလား။ ဒါ ကျွန်တော်နားလည်သလောက်ပေါ့။ ကျွန်တော် Analysis လုပ်ကြည့်တာပါ။ တာဝန်ရှိသူတွေ၊ ဘယ်လိုတာဝန်ရှိတဲ့သူတွေနဲ့တွေ့တာလဲ။ တရားသူကြီးနဲ့တွေ့တာလား။ ဥပဒေအရာရှိနဲ့တွေ့တာလား။ ရှေ့နေတွေနဲ့တွေ့တာလား။ ရဲအရာရှိတွေနဲ့တွေ့တာလား။ ဘယ်သူတွေနဲ့တွေ့ပြီးတော့ ဘာတွေဆွေးနွေးကျတာလဲ။ ဒါတွေကိုလည်း တိတိကျကျ Superfine Focus Pen Point လုပ်ပေးဖို့လိုမယ်လို့ထင်ပါတယ်။ နောက်တစ်ပိုင်းကတော့ တိုင်ကြားစာ၊ အသနားခံစာ၊ တင်ပြစာများစိစစ်လက်ခံတာ။ ဒီကော်မတီကိုရောက်တာ ၁၀၀၀၀ ကျော်တယ်။ နည်းတာမဟုတ်ဘူး။ တိုင်ကြားစာနဲ့ပတ်သက်ပြီးတော့လည်း အသေးစိတ် Inti - Day တိုင်ကြားစာနဲ့ပတ်သက်ပြီးတော့၊ ပုဂ္ဂိုလ်ရေးနဲ့ပတ်သက်တဲ့တိုင်ကြားစာတွေလား။ ဒါမှမဟုတ် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားတွေရဲ့အကျိုးစီးပွားကာကွယ်ရေးအတွက် တိုင်ကြားစာတွေလား။ ထို့အတူပဲ အသနားခံစာမှာလည်း ဘယ်သူတွေကအသနားခံပြီးတော့ ဘာတွေဖြေရှင်းပေးရမှာလဲ။ မြေယာကိစ္စတွေ၊ ဒီမိုကရေစီအရေးတွေ၊ လူ့အခွင့်အရေးတွေ ဒါအပြင် တခြားအရေးတွေအများကြီးရှိသေးတယ်။ ဒါကြောင့်မို့လို့ ဒီအသနားခံစာနဲ့ပတ်သက်ပြီး တင်ပြစာနဲ့ပတ်သက်ပြီးတော့ အစီရင်ခံစာမှာတော့ အဖွဲ့အစည်းများနဲ့ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်ဆိုပြီးတော့ ဖော်ပြထားပေမယ်လို့ ဘယ်အဖွဲ့အစည်းတွေနဲ့ညှိနှိုင်းပူးပေါင်းပြီးတော့ ဆောင်ရွက်ချက် Result တွေက ဘာတွေရတာလဲ။ ညှိနှိုင်းပေးလို့မရဘူး။ Result တွေ ပြည်သူလူထုကိုချပြမယ်။ လွှတ်တော်ကိုလည်း သိသင့်သိထိုက်တယ်လို့ ကျွန်တော့်အနေနဲ့ထင်ပါတယ်။

နောက်တစ်ခါတွေ့ရှိချက်များ၊ အစီရင်ခံစာမှာဖော်ပြထားတဲ့တွေ့ရှိချက်များ၊ ဒီတွေ့ရှိချက်များဟာ စာမျက်နှာ ၂ ကနေ ၄ အထိဖော်ပြထားပါတယ်။ ဖော်ပြတဲ့အပေါ်မှာ ပြန်ပြီးတော့ အနှစ်ချုပ်ကြည့်တဲ့အခါမှာ နံပါတ်(က)ကတော့ တရားရုံးရဲ့စစ်ဆေးမှုတွေ၊ စွဲချက်တွေ၊ စီရင်ချက်တွေက ဥပဒေနဲ့မညီညွတ်ဘူး။ (ခ)က တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေ၊ ပြည်သူ့ရဲ၊ မှုခင်းဆရာဝန်၊ ဓာတုဗေဒကျွမ်းကျင်သူများ မှန်မှန်ကန်ကန်နဲ့မြန်မြန်ဆန်ဆန်ဆောင်ရွက်ရန်လိုအပ်တယ်ဆိုပြီးတော့ဖော်ပြထားပါတယ်။ (ဂ) ဥပဒေအချို့မှာ အားနည်းချက်များရှိတယ်။ (ဃ) လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်ရှိရန်လိုအပ်ပြီးတော့ (င) မှာတော့ လယ်ယာမြေ၊ အိမ်ကိစ္စ၊ ကာရာအိုကေ၊ လောင်ကစား၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ခန့်ထားမှုအရေးယူရေးဆိုပြီးတော့ ဒီအချက် ၅ ချက်ပဲ တွေ့ရှိချက်ကိုအနှစ်ချုပ်ကြည့်လိုက်

ရင် ဒါပဲပါပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်ရဲ့ထင်မြင်ယူဆချက် အဲ့တော့လက်ရှိဖော်ပြထားတဲ့ အစီရင်ခံစာရဲ့တွေ့ရှိချက်ဟာ ဒါ ကျွန်တော်ရဲ့ Opinion ပဲ။ ယေဘုယျဆန်တဲ့ဖော်ပြချက်တွေဖြစ်နေတယ်။ အထွေထွေဖြစ်ပျက်နေမှုများသဘော၊ ခန့်မှန်းခြေသဘောသက်ရောက်နေတယ်။ တိကျခိုင်မာတဲ့သက်သေသာဓကဖြစ်မှသာ အစီရင်ခံစာအပေါ် အရေးယူဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သွားရောက်ခဲ့တဲ့တရားရုံးများမှာတွေ့ရှိရတဲ့အမှုအမျိုးအစားတွေက ဘာအမှုတွေလဲ။ တရားစီရင်ရေးမှာ ဘယ်တရားရုံးက ဘယ်သူတွေကအကျင့်ပျက်နေတာလဲ။ တရားသူကြီးလား။ ဥပဒေအရာရှိလား။ ရှေ့နေလား။ ပြည်သူ့ရဲလား။ မှုခင်းဆရာဝန်လား။ ကျွန်တော်လည်း ဆရာဝန်ဖြစ်နေတော့ မှုခင်းဆရာဝန်ကိုလည်းကာကွယ်ရမယ်။ ဓာတုဗေဒကျွမ်းကျင်သူများသက်သေထွက်ဆိုချက်၊ ဥပဒေအကြောင်းအချင်းအရာမှားယွင်းမှုများ၊ လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်တွေကို ဘယ်သူတွေက ချိုးဖောက်နေတာလဲ။ ဒါတွေကို လှလှပပလေးဖော်ပြထားမယ်ဆိုရင် အစီရင်ခံစာကောင်းတစ်ခုဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ Check and Balance အရ ဒီအလုပ်ဟာ မလွယ်ပါဘူး။ ဒါ အချိန်ယူပြီးလုပ်ရမယ့်လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အဲ့တော့ ဒီတွေ့ရှိချက်တွေက Pen Point, Focus လုပ်ဖို့လိုပါတယ်။ ဥပဒေ တရားစွဲတဲ့အခါမှာ ပစ္စည်းသက်သေ၊ လူသက်သေရှိသလိုပဲ။ ကျွန်တော်တို့ရဲ့ Report ကလည်း သက်သေသာဓကခိုင်မာတဲ့ Case နမူနာများဆွဲထုတ်ပြီးတော့ ဥပမာ ဥပမေယျနဲ့ဖော်ပြမယ်ဆိုလို့ရှိရင် ဒါ အလွန်ကောင်းတဲ့ Report ဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ အဲ့တော့ ဒီ တရားရုံးနဲ့ပတ်သက်တဲ့ကိစ္စတွေက ကျွန်တော့် Opinion ပြောရရင်တော့ သရက်သီးတစ်လုံးကိုစားချင်တာနဲ့ ဝါးလုံးနဲ့သရက်ပင်ကိုပစ်ထည့်လိုက်သလိုပဲ။ အဲ့ဒီအခါမှာ တစ်ခါတည်းမှည့်တာတွေလည်း ကြွေကျ၊ မမှည့်တာတွေလည်းကြွေကျ၊ အကင်းတွေလည်း ကြွေကျ အကုန်လုံး ကြွေကျကုန်ရော အဲ့တော့ ဘာပဲဖြစ်ဖြစ် တရားရုံးတွေမှာ တရားရုံးရဲ့တရားစီရင်မှုအပိုင်း၊ ဆုံးဖြတ်ချက်တွေအပိုင်းကိုပဲဖော်ပြထားပြီးတော့ တရားရုံးများနဲ့ပတ်သက်ပြီးတော့ တရားရုံးများရဲ့ အဆောက်အဦအခြေအနေတွေ၊ ဖွဲ့စည်းပုံတွေ၊ ဝန်ထမ်းအင်အားတွေ၊ လစာတွေ၊ ဝန်ထမ်းတွေရဲ့ သက်သာချောင်ချိရေးတွေ၊ နေရာထိုင်ခင်းတွေကိုလည်း တွေ့ရှိချက်မှာထည့်သွင်းဖော်ပြသင့်တယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ အနည်းဆုံးတော့ တရားရုံးတစ်ရုံးရဲ့အနေအထားလေးပေါ့။ ဒီမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း မျက်ဝါးထင်ထင်သိရအောင် နောက် အစီရင်ခံစာမှာဖော်ပြထားတဲ့သုံးသပ်ချက်တွေဟာ အလွန်ပြည့်စုံပါတယ်။

နောက်တစ်ခါ ကော်မတီရဲ့ရှေ့လုပ်ငန်းစဉ်များ၊ အကြံပြုချက်များဟာလည်း အကုန်လုံးထွေးနေတယ်။ သုံးသပ်ချက်နှင့် အကြံပြုချက်တွေက အကုန်လုံးထွေးပြီးတော့ ရှေ့လုပ်ငန်းစဉ်မှာလည်း

အကြံပြုချက်တွေပါနေတယ်။ အဲ့တော့ ဘာပဲဖြစ်ဖြစ် တရားစီရင်ရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးဆွေးနွေးတဲ့အခါမှာ လူတစ်ဦးချင်းစီမှာလည်း အားသာချက်၊ အားနည်းချက်ရှိသလို တရားရေးမဏ္ဍိုင်မှာလည်း အားနည်းချက်တွေ၊ လစ်ဟာချက်တွေရှိသလိုပဲ ကောင်းတာတွေလည်းရှိမှာပဲ။ ကောင်းတာတွေကိုလည်းဖော်ပြသင့်သလို မကောင်းတာတွေကိုလည်းဖော်ပြသင့်ပါတယ်။ မကောင်းတာတွေချည်းပဲဖော်ပြရင် ဒီ Report က မှန်ကန်တဲ့ Report တစ်ခုဖြစ်မှာမဟုတ်ပါဘူး။

နောက်တစ်ချက်ကတော့ ဒီ Report က တရားစီရင်ရေးနဲ့ပတ်သက်ပြီး ဒါကိုပဲဇောင်းပေးပြီးတော့ သွားနေတယ်။ ကျွန်တော်တို့ တည်ငြိမ်အေးချမ်းရေးဆိုတဲ့ Function တစ်ခုရှိသေးတယ်။ ဒီ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ကော်မတီက ဘာတွေဆောင်ရွက်ပြီးပြီလဲ။ ကျွန်တော်တို့ အစိုးရရဲ့ Challenge အများကြီးပဲ။ ဘာသာရေးနဲ့ Challenge ၊ လူမျိုးရေးနဲ့ပတ်သက်တဲ့ Challenge၊ မြေယာကိစ္စ၊ ငြိမ်းချမ်းရေး အများကြီးပဲ ဒီ Challenge တွေ၊ ဒီ Challenge တွေ ရော ဒီကော်မတီက ဘာတွေလုပ်ပြီးတော့၊ ဘာတွေဆောင်ရွက်ပေးခဲ့တယ်ဆိုတာလည်း ဖော်ပြမယ်ဆိုလို့ရှိရင် တော်တော်ပြည့်စုံတဲ့အစီရင်ခံစာတစ်ခုဖြစ်မှာဖြစ်ပါတယ်။ နောက်တစ်ခါ ရှေ့လုပ်ငန်းစဉ်လို့ပြောလို့ရှိရင်လည်း ရှေ့လုပ်ငန်းစဉ်မှာ Work Plan ရှိရမယ်။ ဘယ်လမှာ ဘာလုပ်မလဲဆိုတဲ့ Work Plan ဖော်ပြမှသာလျှင် တိကျတဲ့ ကော်မတီရဲ့လုပ်ငန်းစဉ်ပေါ်လွင်မှာဖြစ်ပါတယ်။

ကျွန်တော် နောက်ဆုံးအနေနဲ့အကြံပြုချင်တာကတော့ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့နှစ်ချုပ်အစီရင်ခံစာလို့ပဲ ကျွန်တော်ယူဆတယ်။ ဒါ Opinion ပဲ။ ဒါ နှစ်ချုပ်အစီရင်ခံစာက အရည်အသွေးနှင့် စံနှုန်းပြည့်အစီရင်ခံစာဖြစ်စေချင်တယ်။ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးနယ်ပယ်အတွက် အထောက်အကူဖြစ်စေချင်တယ်။ ကိုးကားဖတ်ရှုရမည့်စာတမ်း Reference Report အနေနဲ့လည်း ဖြစ်စေချင်တဲ့အတွက်ကြောင့် ဒီလိုဖြစ်ရန် ပြန်လည်ပြီးတော့ တည်းဖြတ်သုတ်သင်ပေးဖို့တင်ပြလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နံပါတ်တစ်အချက် က ကျွန်တော်တို့လွှတ်တော်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဟာ တကယ့်ကော်မတီအကြီးကြီးဖြစ်နေတဲ့အခါကျတော့ အားလုံးစိတ်ဝင်စားတယ်။ နားတွေစွင့်ရတယ်။ ဘာတွေများပြောမလဲလို့ ဂရုစိုက်နားထောင်ကြည့်တယ်။ ထို့အတူ မီဒီယာကလွှင့်တဲ့ ပြည်သူ့လွှတ်တော် လွှတ်တော် Channel မှာလည်း ဆွေးနွေးချက်တွေကပါနေဦးမယ်။ ထို့အတူ မီဒီယာကလည်းစောင့်ကြည့်နေတယ်။ ကျန်တဲ့ အစိုးရအဖွဲ့အစည်းတွေကလည်း ဘာတွေများပြောမလဲ။ ဘာတွေများဆွေးနွေးမလဲ။ ငါတို့ကို ဘာတွေများပြုပြင်ရမလဲဆိုတာ

နားစွင့်ပြီးတော့ နားထောင်နေကြတယ်။ အထူးသဖြင့် ချောင်ပိတ်အရိုက်ခံရသလိုပဲ တရားရေးဝန်ထမ်းတွေ၊ ရဲတွေ၊ ကျန်တဲ့အုပ်ချုပ်မှုနဲ့ပတ်သက်တဲ့ပုဂ္ဂိုလ်တွေ ဒီပုဂ္ဂိုလ်တွေကလည်း စိုးရိမ်စိတ်တွေနဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဥပဒေများထွက်လာလို့ရှိရင် ငါတို့တော့ပြုတ်မလား။ ငါတို့တော့ အထုတ်ခံရမလား။ ဘာဖြစ်လို့လဲဆိုတော့ Survival လေ။ လူတွေက မိသားစုဘဝအသက်ရှင်ရပ်တည်ရေးနှင့် ဘဝရပ်တည်ရှင်သန်ရေးဟာ ဒါအရေးကြီးတာကို ဒီ Survival အတွက် သူတို့ကလည်း စိုးရိမ်မှာပဲ သူသူကိုယ်ကိုယ် ဒါကြောင့်မို့လို့ ဘာပဲဖြစ်ဖြစ် အစီရင်ခံစာတစ်ခုဟာ တင်ပြချက်တွေဟာ၊ Report တွေဟာ Strong ဖြစ်ဖို့လိုတယ်။ နံပါတ်(၂)ကတော့ တိကျခိုင်မာဖို့လိုတယ်။ တိကျခိုင်မာတဲ့သက်သေသာဓကအထောက်အထားတွေနဲ့ပြောမှသာလျှင် Reference အနေနဲ့ နိုင်ငံတော်အစိုးရအပိုင်းကရော ဘာညာအကုန်လုံးပြုပြင်ဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ ဒီ Strong Report ဖြစ်ဖို့အတွက် အစီရင်ခံစာကိုပြန်လည်ပြီးတော့ ဒါ အားလုံးလည်း Data တွေရှိမှာပါ။ Data တွေမရှိဘဲတော့မနေပါဘူး။ ဒီ Data တွေရှိတဲ့အခါမှာ ပြန်ပြီးတော့ ပြန်လည်တည်းဖြတ်ရေးသားပြီးတော့ ပြန်လည်တင်သွင်းသင့်တဲ့အစီရင်ခံစာဖြစ်ပါကြောင်းပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။အားလုံးကျန်းကျန်းမာမာရှိကြပါစေ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ ဧည့်သည်များကို လေးစားစွာ ဂါရဝပြုပါကြောင်း နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကော်မတီက တင်သွင်းတဲ့ အစီရင်ခံစာပါ အချက်များအပေါ်မှာပဲ အကြောင်းပြုပြီးတော့ ဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်တရားဥပဒေ စိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကော်မတီကို ၂၀၁၂ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့က ဖွဲ့စည်းခဲ့ပြီးတော့ အစီရင်ခံစာတင်သွင်းတဲ့ ၂၀၁၃ ခု ဩဂုတ်လ ၂ ရက်နေ့ဆိုရင် ၁ နှစ်တာကာလအတွင်း ကြိုးပမ်းဆောင်ရွက်ချက်တွေကို အတတ်နိုင်ဆုံး တင်ပြသုံးသပ်ထားတဲ့အတွက် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ ကြိုးပမ်းဆောင်ရွက်ချက်များကို အသိ အမှတ်ပြုပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ အခု ကျွန်တော့် မတိုင်ခင် လှိုင်းဘွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်နဲ့ အခုနက ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ

နေလင်းတို့က အစီရင်ခံစာအပေါ်မှာ တစ်ဦးက အကျဉ်းချုပ်သုံးသပ်ပြီးတော့ တစ်ဦးကတော့ အလွန်တရာအသေးစိတ် ထောက်ပြအကြံပြုသွားတဲ့အတွက် ကျွန်တော့်အနေနဲ့ အများကြီး ပညာလည်းရပါတယ်။ ကျွန်တော့် အကြောင်းအရာနဲ့လည်း တော်တော် တိုက်ဆိုင်နေတဲ့အတွက် ကျွန်တော်ကတော့ လိုအပ်တဲ့အချက်တွေကိုပဲ အကျဉ်းချုပ်ပြီး တော့ ဆွေးနွေးသွားပါမယ်။

အစီရင်ခံစာပါ ဆောင်ရွက်ချက်တွေ ကဏ္ဍ၊ အချက် ၁၅ ချက်ဟာ တိုင်းဒေသကြီး ၅ ခုနဲ့ ပြည်နယ် ၄ ခုအပေါ်မှာ သွားရောက်ပြီးတော့ လေ့လာစုံစမ်းတဲ့အဆင့်တွေကို ဖော်ပြထားပါတယ်။ ပြည်နယ်တိုင်းတရားရုံးများအပါအဝင် တရားရုံးများ၊ ဥပဒေပညာဌာနရှိ ပါမောက္ခ၊ ကထိကများနဲ့ သွားရောက်တွေ့ဆုံလေ့လာ ညှိနှိုင်းဆောင်ရွက်ခဲ့တယ်။ ဥပဒေပညာမြင့်မားရေး၊ ဥပဒေပညာပြန့်ပွားရေးတို့အတွက် ကိုယ်စွမ်းရှိသလောက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း ဖော်ပြထားတဲ့အတွက် ကြိုးစားအားထုတ်မှုကို ထောက်ခံပါတယ်။ အသိအမှတ်ပြုပါတယ်။ ဒါပေမယ့် တရားဥပဒေစိုးမိုးရေး ကဏ္ဍမှာ အဓိကသက်ဆိုင်နေတဲ့ ဌာနကြီးတစ်ခုဖြစ်တဲ့ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေရုံးများနှင့်သော်လည်းကောင်း၊ ခရိုင်/မြို့နယ်ဥပဒေရုံးများနှင့်သော်လည်းကောင်း ကော်မတီက ပုဂ္ဂိုလ်များအနေနဲ့ တွေ့ဆုံခဲ့တယ်၊ ညှိနှိုင်းခဲ့တယ်။ မေးမြန်းဆောင်ရွက်ခဲ့တယ်ဆိုတာ အစီရင်ခံစာမှာ ကျွန်တော် မတွေ့ရပါဘူး ခင်ဗျား။ ကော်မတီကို ပြည်နယ်/တိုင်းဒေသအသီးသီးက တိုင်စာ၊ အသနားခံစာ တင်ပြချက် စုစုပေါင်း ၁၁၂၅၉ ခု ကျော်တောင်ကျော်တယ်လို့ ပါပါတယ်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင်တွေနဲ့ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက်ရှိတယ်လို့ ဖော်ပြထားပါတယ်။ သို့ပေမယ့် တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ လယ်ယာမြေသိမ်းဆည်းခံရမှု၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ရေး၊ လူမှုရေး ကဏ္ဍတွေနဲ့ ပတ်သက်တဲ့ တိုင်ကြားချက်များအနက်မှ ဘယ်နှစ်ခုကို တစ်နှစ်အတွင်း အောင်အောင်မြင်မြင်ဆောင်ရွက်ကူညီနိုင်ခဲ့တယ်ဆိုတာကို အစီရင်ခံစာမှာ ဖော်ပြနိုင်ရင် ပိုပြီးတော့ ပြည့်စုံနိုင်မယ်လို့ ထင်ပါတယ်။ အစီရင်ခံစာရဲ့ တွေ့ရှိချက်ကဏ္ဍမှာ ဥပဒေအချို့ရဲ့ အားနည်းချက်ကြောင့် ပြည်သူများ နစ်နာလျက်ရှိတယ်။ တရားသူကြီးများ အဂတိကင်းရှင်းစွာနဲ့ ရဲရင့်စွာ ဥပဒေအတိုင်း ဆုံးဖြတ်နိုင်ရေး၊ ဥပဒေအရာရှိများ ဥပဒေနဲ့အညီ မှန်ကန်စွာ စိစစ်ပြီး ပြည်သူများရဲ့ ရပိုင်ခွင့် မဆုံးရှုံးစေရန် အကာအကွယ်ပေးရေး၊ ပြည်သူ့ရဲများ ဥပဒေပြဋ္ဌာန်းချက်အတိုင်း အမှုမှန်ပေါ်ပေါက်ရန် ဆောင်ရွက်ရေး၊ ဥပဒေနဲ့အညီ လွတ်လပ်စွာ တရားစီရင်ရာမှာ အုပ်ချုပ်ရေးပိုင်းက ဝင်မစွက်ဖက်ဖို့ လိုတဲ့အကြောင်းတွေ ပြည်သူများရှေ့မှောက်မှာ တရားစီရင်တဲ့အခါ ခုခံချေပနိုင်ခွင့်နဲ့ အယူခံပိုင်ခွင့် တွေကို လေးစားလိုက်နာရေးစတဲ့ အချက်တွေကို အစီရင်ခံစာမှာ ခြုံငုံသုံးသပ်ဖော်ပြထားတာ တွေ့ရပါတယ်။ သုံးသပ်ချက်အနေနဲ့ကတော့ တရားဥပဒေ စိုးမိုးရေး

သည် ဒီမိုကရေစီအရေး၊ လူ့အခွင့် အရေးနဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့အတွက် တရားစီရင်ရေးဟာ အာဏာပိုင်များရဲ့ ဖိအားပေးမှု၊ ဝင်ရောက်စွက် ဖက်မှု၊ လွှမ်းမိုးမှုတွေ ကင်းရှင်းဖို့လိုကြောင်းကို သုံးသပ်ဖော်ပြထားတာကို တွေ့ရတဲ့အတွက် ဒီခြုံငုံသုံးသပ်ချက်တွေကိုလည်း ထောက်ခံပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောင်ရွက်ချက်၊ တွေ့ရှိချက်၊ သုံးသပ်ချက်တွေကို ခြုံငုံလေ့လာကြည့်လို့ရှိရင် ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာပါ အချက်အလက်အများအပြားဟာ ယေဘုယျခြုံငုံ သုံးသပ်ချက်များအဖြစ် တွေ့ရှိရပြီးတော့ တစ်နှစ်တာအတွင်း ဘယ်ကဏ္ဍတွေကို ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့တယ်၊ ဘယ်ကဏ္ဍတွေကတော့ဖြင့် ဘယ်လို အခက်အခဲရှိတယ် ဘယ်ကဏ္ဍတွေကို မည်သည့်အဖွဲ့အစည်း၊ မည်သည့်နည်းလမ်းတွေနဲ့ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ရမယ်ဆိုတဲ့ သုံးသပ်ချက်တွေကို တိတိကျကျဖော်ပြထားခြင်းမရှိတာကို ရပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးနဲ့တည်ငြိမ်အေးချမ်းရေးဆိုတဲ့ ခေါင်းစဉ်ဟာ လွန်စွာကျယ်ဝန်းပြီး ခက်ခဲနက်နဲ သိမ်မွေ့တဲ့ လုပ်ရပ်ဖြစ်တယ်ဆိုတာ အငြင်းမပွားတဲ့ အချက်ဖြစ်ပါတယ်။ ဒ့ါအပြင် တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးဆိုတာ တရားစီရင်ရေး၊ မှုခင်းနှိမ်နှင်းရေး၊ ဆူပူမှုငြိမ်သက်ရေးဆိုတဲ့ကဏ္ဍများနှင့် သာမကဘဲ အုပ်ချုပ်ရေးလုပ်ငန်းကဏ္ဍတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ လူမှုရေးလုပ်ငန်းတွေ၊ လူ့အခွင့်အရေးစတဲ့ကဏ္ဍအသီးသီးအတွက် ဥပဒေနဲ့အညီဖြစ်ပေါ်ပေါက်ဖို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားသွန်ခွန်စိုက်ကြိုးစားရမယ့် လုပ်ငန်းကြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားတဲ့ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကော်မတီဟာ အလွန်တရာတာဝန်ကြီးတယ်လို့ ကျွန်တော့်အနေနဲ့ရိုးသားစွာ ယုံကြည်ပါတယ်။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းတာဝန်ပေးအပ်ခံရတဲ့ ကော်မတီတစ်ရပ်အနေနဲ့ ပြည်သူတွေကပြည်သူ့အကျိုးကို သယ်ပိုးနိုင်ဖို့ ဒီပြည်သူ့ကိုယ်စားလှယ်တွေကို ရွေးကောက် တင်မြှောက်ထားတယ်ဆိုတာ ကျွန်တော်တို့ အစဉ်အမှတ်ရပြီးတော့ ပြည်သူလူထုရဲ့ အကျိုးအတွက် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေကို မြင်အောင်လေ့လာပြီး တွေ့ရှိတဲ့ အချက်တွေကိုလည်း အမှန်တရားနဲ့အညီ ရဲရဲဝံ့ဝံ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များအားထောက်ပြအကြံပြုနေကြရမယ်လို့ ကျွန်တော်ရိုးသားစွာ ခိုင်မာယုံကြည်ပါတယ်။ ဒီလို ဆောင်ရွက်တာဟာလည်း အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍတွေကို ကျွန်တော်တို့ ဥပဒေပြုရေး အဖွဲ့က ဝင်ရောက်စွက်ဖက်မှု လုံးဝမဟုတ်ဘဲ ပြည်သူများရဲ့ဆန္ဒနဲ့ အကျိုးစီးပွားကို ရှေးရှုပြီးတော့ အကြံပြု ထိန်းညှိခြင်း

သာ ဖြစ်တယ်ဆိုတာလည်း ကျွန်တော်တို့က ခိုင်မာစွာ ယုံကြည် ဆောင်ရွက်ကြဖို့ လိုပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် တရား ဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေး ကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ ကျွန်တော့်အနေနဲ့ အောက်ပါအချက်များ ကို အကြံပြုဆွေးနွေး လိုပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ရဲ့ ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီး အဆင့်ပုဂ္ဂိုလ်များ အရာရှိကြီး များအနေနဲ့ အောက်ခြေ အဆင့်များကို မျက်ခြေမပြတ် ကြီးကြပ်လမ်းညွှန် ထိန်းညှိ တည့်မတ်ပေးနိုင်ဖို့ အတွက် ကော်မတီက တိုက်တွန်းဖို့ အထူးလိုအပ်ပါကြောင်း အကြံပြုလိုပါတယ်။ မိမိတို့ မြန်မာနိုင်ငံဟာ အဂတိလိုက်စားမှုကိစ္စမှာ အများ က ဝေဖန်စရာ၊ ထောက်ပြစရာကိစ္စတွေ ဖြစ်ပေါ်နေတဲ့အတွက် တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ် အေးချမ်းရေးကဏ္ဍကို တာဝန်ယူဆောင်ရွက်ရတဲ့ ဝန်ထမ်း တွေ အတိအကျ အားဖြင့် ပြော ရရင် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းတွေရဲ့ လုပ်ခ လစာတွေကို ပြည့်စုံလုံလောက်စွာ ရရှိခံစား နိုင်ဖို့ အတွက် ကော်မတီအနေနဲ့ အထူးတိုက်တွန်း ကြိုးစားဆောင်ရွက်သင့်ကြောင်းကိုလည်း အကြံပြု လိုပါ တယ်။ သို့မှသာ အောက်ခြေဝန်ထမ်းတွေဟာ မိမိကိုယ်တိုင်ရဲ့ ဘဝလုံခြုံမှုအတွက် မိမိကိုယ်တိုင် ရှာဖွေရခြင်း၊ မိမိတို့အထက် ပုဂ္ဂိုလ်ကြီးများအတွက် ရှာဖွေပူဇော်ပသရခြင်း ဒုက္ခက ပပျောက်ကင်း ရှင်းသွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာရဲ့ သုံးသပ်ချက် များကဏ္ဍအပိုဒ် ၅ မှာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေတဲ့အကြောင်း ကိစ္စများအတွက် ကော်မတီအနေနဲ့ အခြေအနေ မပေး ခဲ့သဖြင့်ဆောင်ရွက် နိုင်ခြင်းမရှိခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ဆက်စပ် သည့်အဖွဲ့အစည်းများ အရည်အသွေးမြှင့်တင် ရေး နိုင်ငံတကာအကူအညီရရှိရေး သင်တန်းပေးရေးတို့ကို ဆောင်ရွက်ခဲ့ကြောင်း နောင်လည်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ထောက်ခံပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ မြန်မာနိုင်ငံမှာ ဖြစ်ပွား ပေါ်ပေါက်ခဲ့တဲ့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေတဲ့ အကြောင်းကိစ္စဆိုတဲ့နေရာမှာ သာမန်တိုက်ဆိုင် ဖြစ်ပွားပြီး ကျယ်ပြန့်ကြီးမားသွားတဲ့ ဖြစ်စဉ်နဲ့ အစီအစဉ်ရှိရှိ ကာလကြာမြင့်စွာ တည်ဆောက်ပြီး လှုံ့ဆော်ပေါက်ကွဲစေတဲ့ ဖြစ်စဉ်ဆိုတဲ့ ဖြစ်စဉ်နှစ်မျိုးကို ကျွန်တော်တို့ အနေနဲ့ ကောင်းကောင်းသိရှိ နားလည်ထားဖို့ လိုအပ်ကြောင်း လေးစားစွာ တင်ပြလိုပါတယ်။ အနီးဆုံးဥပမာတစ်ခု တင်ပြပါမယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် စစ်တွေမြို့မှာ ယခု ဩဂုတ်လ ၉ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ ဆူပူအုံကြွမှုကို ကြည့်ရင် သာမန်အဓိကရုဏ်းထက်ပိုတဲ့ ရည်ရွယ်ချက်ပေါင်းများစွာနဲ့ စနစ်တကျ စီစဉ်ခဲ့ကြတယ်ဆိုတာကို သက်သေထင်ရှားစွာ တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် လာရောက်စစ်ဆေးတဲ့အချိန်နဲ့ တိုက်ဆိုင်လှုပ်ရှားကြတဲ့အပြင် ပဋိပက္ခ

ဖြစ်ပွားချိန်မှာ လုံခြုံရေးအဖွဲ့အစည်းတွေ မလာရောက်နိုင်အောင် ကားလမ်းတွေကို တူးမြောင်းတွေ အဖြစ် တူးထားတာတွေ၊ လမ်းပေါ်မှာ သစ်ပင်ကြီးများကို ခုတ်လှဲတားဆီးထားတာတွေ၊ လုံခြုံရေး ဝန်ထမ်းတွေကို လူထုက အဲဒီလူမျိုးစုတွေက လက်နက်တွေနဲ့ စတင်တိုက်ခိုက်ကြတာဟာ စနစ်တကျ ပြုလုပ်ခဲ့ကြပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆူပူအုံကြွခဲ့ကြတာကို တွေ့ရှိရမှာ ဖြစ်ပါ တယ်။ အဲဒါကြောင့် ကျွန်တော်တို့အနေနဲ့ သာမန်တိုက်ဆိုင်ဖြစ်ပွားတဲ့ ဆူပူအုံကြွမှုနဲ့ ကာလရှည်ကြာစွာ ရည်ရွယ်ချက်ရှိရှိ စီစဉ်ဆောင်ရွက်တဲ့ ပဋိပက္ခကို ခွဲခြားသိမြင်ဖို့ အရေးကြီးလိုအပ်တယ်လို့ ရိုးသားစွာ တင်ပြလိုပါတယ်။ ဒီလို ကိစ္စရပ်တွေကို သာမန်တရားဥပဒေစိုးမိုးရေးဆိုတဲ့ အမြင်တစ်ခုတည်းနဲ့ ဖြေရှင်း ဆောင်ရွက်လို့ မရနိုင်ပါဘူးခင်ဗျား။ ကျယ်ပြန့်တဲ့ နိုင်ရေးအမြင်များ ထိရောက်တဲ့ လုံခြုံရေး စီမံချက် များနဲ့သာ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ တစ်စုံတစ်ရာလွဲမှားတိမ်းချော်ခဲ့ရင် ပြည်ထောင်စုကြီးရဲ့ အချုပ် အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေးတို့အထိပါ သက်ရောက်သွား နိုင်တဲ့အတွက် အလွန်ကြီးမားတဲ့ အန္တရာယ်များကိုလည်း သတိကြီးစွာ စဉ်းစားဆောင်ရွက်နိုင်ဖို့လည်း ကော်မတီကို အကြံပြုလိုပါတယ်။ သို့ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကော်မတီအနေနဲ့ ပြည်ထောင်စုကြီးရဲ့ တည်ငြိမ်အေးချမ်းခိုင်မြဲရေး၊ နိုင်ငံသူ နိုင်ငံသားများ လုံခြုံချမ်းမြေ့ရေးတို့အတွက် အလိုအပ်ဆုံးအချက်တွေကို ကြိုးပမ်းလေ့လာချမှတ် ညှိနှိုင်းရေးဆွဲပြီးတော့ ရဲဝံ့ပြတ်သားစွာ အကောင်အထည်ဖော် ဆက်လက်ဆောင်ရွက်နိုင်ကြပါစေရန် ဆုတောင်းရင်း အပြုသဘောအကြံပြု ဆွေးနွေး တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် ကွန်ဟိန်း မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ ၁၂-၈-၂၀၁၃ ရက်နေ့ ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော် တရားဥပဒေ စိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို အပြုသဘောဖြင့် အကြံပေးဆွေးနွေး သွားမှာ ဖြစ်ပါတယ်ရှင်။ ယခုလို ဆွေးနွေးခွင့်ပြုတဲ့အတွက် ဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေး ပျက်ယွင်းနေပုံ၊ တရားစီရင်ရေးမဏ္ဍိုင်များစွာ ခြစားတိမ်းစောင်းနေပုံကို မြန်မာ သာမက ကမ္ဘာကပါ သိနေ၍ အထူးအထွေပြောဆိုတင်ပြရန် မရှိပါ။ တင်ပြလိုသည်မှာ ဤကြီးမားတဲ့ ကိစ္စရပ်များကို ဘယ်လို ဖြေရှင်းရန်၊ အဖြေရှာရန်၊ ပူးပေါင်းကူညီ ဆောင်ရွက်ကြရန် စသည်တို့ ဖြစ်ပါတယ်ရှင်။ နိုင်ငံတစ်ခုကို ဖွံ့ဖြိုးတိုးတက်စေရန် ဦးဆောင်မောင်း

နှင်သူမှာ အစိုးရဖြစ်ပါတယ်။ အစိုးရရဲ့ မောင်းနှင်မှုစနစ် တစ်စုံတစ်ခု၊ တစ်စုံတစ်ရာပျက်စီးလျှင် တစ်ပြေးညီ၊ တစ်ဟုန်ထိုး၊ ဟန်ချက်ညီစွာ မောင်းနှင်နိုင်မှုရှိမှာ မဟုတ်ပါ။ စက်ချို့ယွင်းနေ၍ မကြာခဏပျက်ခြင်း၊ ပြင်နေရခြင်း၊ စက်ကိရိယာများ တပ်ဆင်ရာတွင် မှားယွင်းချွတ်ချော်တတ်ခြင်း၊ စက်ရပ်၍ လုံးဝမသွားနိုင်ခြင်းများ ဖြစ်တတ်ပါတယ်။ ဒါ့အပြင် ပူးပေါင်း၍ အဖြေမရှာလျှင် မည်သည့်နေရာတွင် မည်သည့်စက်ပစ္စည်းများပျက်စီးနေကြောင်း မသိ၍ တစ်ယောက်တစ်မျိုး စက်စမ်း၍ စမ်းသပ်မောင်းနှင်နေလျှင် အခြေအနေပိုဆိုးဝါး၍ လုံးဝရှေ့ဆက်သွားနိုင်မည်မဟုတ်ပါ။ ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ ကျွန်မတို့ နိုင်ငံအစိုးရမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူ၍ မဏ္ဍိုင်ကြီးသုံးရပ်ပါရှိပါတယ်။ နိုင်ငံတော်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေလိုလျှင် အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေလိုလျှင် ထိုမဏ္ဍိုင် သုံးရပ်လုံး မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်အရ မိမိခြေထောက်ပေါ်မှာ ဖြောင့်မတ်မှန်ကန်စွာ ရပ်တည်ပြီး အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်း၊ ကူညီပံ့ပိုးမှုပေးခြင်းများ ပြုလုပ်ရမည်သာဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံရဲ့ စနစ်အမျိုးမျိုး ခေတ်အဆက်ဆက်များကြောင့် အုပ်ချုပ်ရေးပိုင်းနဲ့ တရားစီရင်ရေး ကဏ္ဍတို့မှာ System များ၊ လည်ပတ်မှုပုံစံများ လုံးဝပျက်စီးသွားပြီဖြစ်ပါတယ်။ ယခင်က သူ့ခေတ်နှင့် သူ့စနစ်အရ အုပ်ချုပ်ရေးပိုင်းနဲ့ တရားစီရင်ရေးကဏ္ဍ ကိုက်ညီမှု၊ လိုက်လျောညီထွေမှုများရှိမည် ဖြစ်သော်လည်း ယခု ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခေတ်တွင် လည်ပတ်နေကျ System များကို ပြောင်းလဲရမည်ဖြစ်ပါတယ်။ အဆိုးရွားဆုံးမှာ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပျက်ပြားမှုများဖြစ်ပါတယ်။ ၎င်းတို့ကိုလည်း အမြန်ဆုံးကုစားပေးရမည်၊ ပြုပြင်ပေးရမည်ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ အဓိက လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရမည်ဖြစ်ပါတယ်။ ၎င်းတို့ကို အပြစ်ပြောရုံမျှဖြင့် ပြည်သူများရဲ့ လိုအင်ဆန္ဒပြည့်ဝလာမည်မဟုတ်ပါ။ တရားရေးမဏ္ဍိုင်လည်း ဖြောင့်မတ်ကြံ့ခိုင် ခိုင်မာလာမည် မဟုတ်ပါ။ လုပ်ဆောင်သင့်သည်မှာ System တစ်ခုလုံးပြောင်းလဲပစ်ရန် နည်းလမ်းရှာရမည်။ မဟာဗျူဟာ၊ နည်းဗျူဟာ ရှာရမှာဖြစ်ပါတယ်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် ၎င်းတို့ရဲ့အားသာချက်၊ အားနည်းချက်များကို သိမြင်နိုင်မှ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ထိုသို့ပြုလုပ်ရန်လည်း မိမိတို့ကော်မတီရဲ့ အားသာချက်၊ အားနည်းချက်များကိုလည်း သိမြင်ရန် လိုအပ်လှပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ အစီရင်ခံစာပါအရ တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များ တရားဥပဒေစိုးမိုးရေးကော်မတီသို့ ရောက်ရှိနေသည်မှာ ၁၁၂၅၉ စောင်ကျော်ရှိကြောင်း သိရှိရပါတယ်။ တရားစီရင်ရေးနှင့်ပတ်သက်တာက ၃၈၀၀ စောင်၊ အုပ်ချုပ်ရေးနှင့် ပတ်သက်တာက ၃၆၀၀ စောင်၊ လယ်ယာနှင့်ပတ်သက်တာက ၃၄၆၆ စောင်နဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ လူမှုရေးတို့နဲ့ ပတ်သက်တာက ၃၉၃ စောင်ဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါစာပေါင်း တစ်သောင်းကျော်ကို

ကော်မတီက စိစစ်နိုင်တာကို ချီးကျူးဝမ်းမြောက်ပါတယ်။ ဒီစာပေါင်း တစ်သောင်းကျော်ကို ဘယ်လိုနည်းနဲ့ စိစစ်တာလည်းဆိုတာကိုလည်း အထူးစိတ်ဝင်စားပါတယ်။ ကော်မတီဝင် တစ်ဦးစီ အစောင်ရေဖြင့် ခွဲတမ်းနဲ့စိစစ်တာလား၊ တစ်ဦးချင်းစီစိစစ်တာလား၊ ကော်မတီအဖွဲ့လိုက် စိစစ်တာလား၊ ဥပဒေပညာရှင်များစွာဖြင့် စိစစ်တာလား၊ ဒါမှမဟုတ် ရောက်လာတဲ့စာများကို ၎င်းနှင့်စပ်လျဉ်းတဲ့အခြားကော်မတီ သို့မဟုတ် သက်ဆိုင်ရာပြည်ထောင်စု အဖွဲ့အစည်းများ၊ ပြည်ထောင်စုတရားစီရင်ရေးအဖွဲ့သို့ပေးပို့၍ စိစစ်စေတာလား ဆိုတဲ့ကိစ္စကို အထူးစိတ်ဝင်စားပါတယ်ရှင်။ ဒီစာတွေကို စပ်လျဉ်းတဲ့ကော်မတီတွေ သို့မဟုတ် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းများ၊ ပြည်ထောင်စုတရားစီရင်ရေးအဖွဲ့သို့ ပေးပို့၍ စိစစ်စေလျှင် ၎င်းတို့ရဲ့ အားသာချက်၊ အားနည်းချက်တွေကို ကြိုတင်စိစစ်ရမှာ ဖြစ်ပါတယ်။ ဖြစ်ပေါ်လာမည့် အကျိုးဆက်များကိုလည်း ခန့်မှန်းထားရမှာ ဖြစ်ပါတယ်ရှင်။ ဥပမာ ၎င်းနဲ့စပ်လျဉ်းတဲ့ကော်မတီကိုပို့လျှင် စိစစ်စေလျှင် အဆိုပါကော်မတီတွင်လည်း တိုင်စာများ၊ စိစစ်ရမည့်စာများ များပြားနေပါက တခြားကော်မတီမှတစ်ဆင့်ပေးပို့လာတဲ့ စာများကိုဦးစားပေးမည် မဟုတ်ပါဘူး။ မိမိကော်မတီနဲ့ သက်ဆိုင်တဲ့ကိစ္စကိုသာ အလေးပေးဆောင် ရွက်မှာဖြစ်သလို အဆိုပါစာများကြောင့် ၎င်းတို့ကော်မတီမှာ ဝန်ထုပ်ဝန်ပိုးများစွာ ဖြစ်ပေါ်နိုင်ပါတယ်။ အတွေ့အကြုံများအရ ဖိုင်တွဲထားရန် ဆိုတဲ့စာရင်းထဲလည်း ပါသွားနိုင်ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းများ၊ ပြည်ထောင်စုတရားစီရင်ရေးအဖွဲ့သို့ ပေးပို့လျှင်လည်း သတိပြုရမည့် အချက်များမှာ ၎င်းတို့သည် နှစ်ပေါင်းများစွာက အုပ်ချုပ်ရေးအတွေ့အကြုံ၊ လုပ်ထုံးလုပ်နည်းများ၊ စိတ်အစွဲများ (mind set) များ ပြောင်းလဲမှုများစွာ မရှိသေးပါ။ အထက်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ပြုလုပ်နေသော်လည်း အလယ်အဆင့်နှင့် အောက်အဆင့်မှ အုပ်ချုပ်ရေးပိုင်းများ၊ ဝန်ထမ်းများစွာတို့က ကျွန်မကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုတာ ဘာလဲ၊ ဒီမိုကရေစီဆိုတာ တို့မသိဘူး။ နားမလည်ဘူးဟု ပြောနေကြပါတယ်။ ယခင်လုပ်ထုံးလုပ်နည်း အတိုင်း လုပ်ဆောင်နေကြပြီး ကြိုးနီစနစ်ကိုလည်း စွဲလမ်းမှုတတ်မက်မှုများရှိနေသေးပါတယ်ရှင်။ တရားစီရင်ရေးကဏ္ဍနဲ့ တရားစွဲအဖွဲ့အစည်းများတွင်လည်း ကိုယ်တွေ့အရ အထက် အောက်ကူညီထောက်ပံ့မှု၊ အောက်မှ အပေါ်အဆင့်ဆင့်သို့ ဥပဒေနှင့်မညီတဲ့ ပံ့ပိုးကူညီမှုများရှိခဲ့ပါတယ်။ ယခုအချိန်အထိ အဲ့ဒီလုပ်ထုံးလုပ်နည်းများ မပျောက်ပျက်သေး၍ စာများပေးပို့သော်လည်း အကြောင်းထူးမည်မဟုတ်ပါ။ ၎င်းတို့ရဲ့ အခြေခံအမြင်ကို ဦးစွာပြောင်းလဲပေးရန် လိုအပ်လှပါတယ်။ ဆေးမြီးတိုဖြင့်ကုစား၍မရနိုင်ပါ။ ဒါ့အပြင် ကော်မတီမှ တရားစီရင်ရေးကဏ္ဍတစ်ခုတည်းကိုပဲ အားသန်နေ၍ မဖြစ်ပါ။ ဂျပန်နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးအတွက် တရားစီရင်ရေးကဏ္ဍကို ပြုပြင်ပြောင်းလဲရာတွင် တရားသူကြီး

၃ ဦး၊ အရပ်သား ပြည်သူ့ကိုယ်စားလှယ် ၆ ဦး စုစုပေါင်း ၉ ဦးဖြင့် ၂၀၀၉ ခုနှစ်မှစ၍ ပြစ်မှုကြီးများကို စစ်ဆေးရာ လာဘ်ပေးလာဘ်ယူမှု သိသာစွာကျဆင်းလျော့ပါးလာပြီး တရားဥပဒေစိုးမိုးရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ဒါဂျပန်နိုင်ငံ ဂျာကာကပေးတဲ့စာအုပ် ဖြစ်ပါတယ်။ ထိုကဲ့သို့ နိုင်ငံတကာကိစ္စများနဲ့ မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်မယ့် အကြောင်း အရာများကို ကော်မတီမှ ကောင်းစွာလေ့လာ၍ ဖြစ်နိုင်စွမ်းရှိသော ပြည်သူ့အကျိုးကို ထိရောက်စွာ ဖော်ဆောင်နိုင်သော ရေရှည်အတွက် ရေးဆွဲ အကောင်အထည် ဖော်နိုင်မယ့် မဟာဗျူဟာ၊ နည်းဗျူဟာအသစ်များ ချမှတ်လုပ်ဆောင်သင့်ပြီ ဖြစ်ပါ တယ်။

ထို့အပြင် ကော်မတီမှ တိုင်းနဲ့ပြည်နယ်အသီးသီးရှိ တရားရုံးများသို့ သွားရောက်စစ်ဆေးခဲ့၍ တရားစီရင်ရေးတွင် အုပ်ချုပ်ရေးပိုင်း၏ ဝင်ရောက်စွက်ဖက်မှုများ၊ လာဘ်ပေးလာဘ်ယူမှုများ လျော့ပါးလာကြောင်း သိရသည်ဆိုတဲ့ အချက်နဲ့ စပ်လျဉ်း၍ ဥပမာတင်ပြရလျှင် ယခုတစ်ခေါက် လွှတ်တော်ပိတ်ချိန်တွင် ကျွန်မအမှုလိုက်နေကြ တရားရုံးများသို့ သွားရောက်ပြီး သူငယ်ချင်းများနဲ့ တွေ့ဆုံခဲ့ပါတယ်။ ၎င်းတို့က နင်တို့လုပ်လိုက်လို့ အရင်က ၁၀ သိန်းပဲ ပေးရတာကို အခု သိန်း ၂၀ ပေး ရတယ်။ တချို့က ၂ ဆတောင် တက်သွားတယ်လို့ ပြောပါတယ်။ ဘာကြောင့်လဲလို့ ပြန်မေးတဲ့အခါမှာ အခုပြုတ်သွားရင် တစ်ဘဝလုံးလုံးလောက်အောင်တဲ့ ဆိုပြီးတော့ ပြန်ပြီးတော့ ဖြေတဲ့အတွက် စိတ် မသက်မသာနဲ့ ရယ်မောခဲ့ရပါတယ်။ ဒါ့အပြင် အုပ်ချုပ်ရေးဆိုင်ရာရဲ့ ဝင်ရောက်စွက်ဖက်မှု မဟုတ် တော့ဘူး ပူးပေါင်းလုပ်ဆောင်မှုတွေ ဖြစ်နေကြောင်းဆိုပြီးတော့လည်း ကြားသိခဲ့ရပါတယ်။ တချို့တရားသူကြီးများမှာ လုပ်ထုံးလုပ်နည်းအရလုပ်ဆောင်သော်လည်း တချို့တရားသူကြီးမှာ လုပ်ထုံးလုပ်နည်းဖြင့် မလုပ်ကြောင်း၊ အမှုမစစ်ဆေးတတ်တော့ကြောင်း၊ တရားမမှုတွင် တချို့ စာရွက်စာတမ်းများ (ဥပမာ၊ ကျွန်မတို့ဥပဒေစကားနဲ့ပြောရရင် ၁၃-၁) တံဆိပ်ခေါင်းမကပ်ရသည်ကို တချို့က ကပ်ခိုင်း၍ ပြဿနာအခက်အခဲအမျိုးမျိုး ကြုံနေရကြောင်း၊ အဆိုပါကိစ္စနှင့်သက်၍ ကျွန်မတို့ဌာနရှေ့နေကြီးတစ်ဦးက သက်ဆိုင်ရာသို့စာတင်ထားကြောင်း သိရတဲ့အပြင် သွားရောက် လေ့လာရာမှာလည်း တိုင်စာတစ်စောင်လည်း ရလာပါသေးတယ်ရှင့်။ ဒါကြောင့် တရားစီရင်ရေးကော်မတီက တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးသို့ သွားရောက်ခဲ့ရာတွင် အောင်မြင်မှုရှိ/ မရှိ စိစစ်ဆောင်ရွက်သင့်တယ်။ တရားရုံးသို့ တစ်ကြိမ်တစ်ခါလောက်သွားရုံဖြင့် အမှုသည်များ၊ သက်သေများ၊ တာဝန်ရှိသူများနှင့် မေးမြန်းဆွေးနွေးရုံလောက်ဖြင့် တရားဥပဒေစိုးမိုးမှု ရှိလာမည်မဟုတ်ပါ။ အမှုစစ်ဆေးသည်ကို တစ်ခါလောက်လေ့လာကြည့်ရှု စစ်ဆေးရုံမျှဖြင့်လည်း အမှုအကြောင်းအရာများကို ပြည့်စုံစွာ နားလည်နိုင်မည်မဟုတ်ပါ။ တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်သည်ဟု အထင်ခံရမည်ဖြစ်၍ ကြီးစွာသတိ

ထားသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အများပြည်သူက ကျွန်မတို့ကို ပြောနေသလို အာပဲရှိပြီး ဏော မရှိလို့ပါ။ ပြောပြုရခြင်းဖြစ်ပါတယ်။ ဒါကြောင့် မဟာဗျူဟာ၊ နည်းဗျူဟာ အသစ်ရှာဖွေ သင့်ကြောင်း တင်ပြ ရခြင်းဖြစ်ပါတယ်ရှင့်။

ဒါ့အပြင် အစီရင်ခံစာများကို လွှတ်တော်မှာတင်သွင်းဆွေးနွေးရုံမျှဖြင့် တရားဥပဒေစိုးမိုးရေး နှင့် တည်ငြိမ်အေးချမ်းရေးအတွက် လုံလောက်မှုရှိပြီလား၊ ဘာဆက်လုပ်သင့်တာလဲ။ ကော်မတီမှာ ဘယ်လောက်လုပ်နိုင်စွမ်းရှိသလဲဆိုတာကို အလျင်အမြန် သုံးသပ်သင့်နေပြီ ဖြစ်ပါတယ်။ တရားဥပဒေ စိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးဆိုတဲ့ကိစ္စရပ်ဟာ အလွန်ကြီးမားကျယ်ပြန့်လှပါတယ်။ တစ်နိုင်ငံလုံး ရဲ့ အတိုင်းအတာနဲ့ ပြုလုပ်ရမည်ဖြစ်တဲ့အတွက်ကြောင့်လည်း အလွန်ခက်ခဲနက်နဲလှပါတယ်။ ငြိမ်းချမ်း ရေး၊ အပစ်အခတ်ရပ်စဲရေး၊ တည်ငြိမ်အောင်ပြုလုပ်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည်တို့နဲ့ စပ်ဆိုင်နေပြီးတော့ အလွန်ကြီးမားကျယ်ပြန့်တဲ့ ကဏ္ဍလည်းဖြစ်နေပါတယ်။ ဒါကြောင့် အပြုသဘောနဲ့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကော်မတီအနေဖြင့် ကော်မတီအဖွဲ့ဝင်များရဲ့ အကြံပြု ချက်ကို လေးလေးနက်နက်နားထောင်ဝေဖန်ပိုင်းခြားခြင်း၊ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ကော်မတီ များ၊ အစိုးရအဖွဲ့ဝင်များ၊ တရားရေးကဏ္ဍမှ ပုဂ္ဂိုလ်များ၊ ကဏ္ဍအသီးသီးမှပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ ပြည်သူများက အကြံပြုတဲ့သူများကို အကြိမ်ကြိမ်အဖန်ဖန် စိတ်ရှည်သည်းခံစွာ တွေ့ဆုံဆွေးနွေးရင်း မြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေး မဟာဗျူဟာ၊ နည်းဗျူဟာကို အောင်မြင်စွာ ချမှတ်နိုင်၍ နိုင်ငံ့အကျိုးကို ယခုထက်ပိုပြီးထိရောက်စွာ ဆောင်ရွက်နိုင်ပါရန် ဆုမွန် ကောင်းတောင်းအပ်ရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုလို စိတ်ပါဝင်စားစွာနဲ့ တက်ကြွစွာ ဆွေးနွေးပေးတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ကြိုဆိုပါတယ်။ အသိအမှတ်ပြုပါတယ်။ လွှတ်တော်အစည်းအဝေးမစခင် အချိန်ကန့်သတ်ချက်ဘောင်အတွင်းက ဖြစ်နေအောင်ဆွေးနွေးပေးပါ ဆိုတဲ့ ပန်ကြားချက်အပေါ်မူတည်ပြီးတော့ ဆွေးနွေးပေးတဲ့အတွက်လည်း လွှတ်တော်ကိုယ်စားလှယ် များရဲ့ အရည်အချင်းနဲ့ ဆုံးဖြတ်ဆောင်ရွက်နိုင်မှုကိုလည်း တန်ဖိုးထားပါတယ်။ လွှတ်တော်ကိုယ်စား လှယ်များဆွေးနွေးသွားသလို တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးဆောင်ရွက်တဲ့ကိစ္စဟာ လွယ်ကူတဲ့ကိစ္စမဟုတ်ကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။ ဒီတရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေး ချမ်းရေးဆောင်ရွက်ဖို့ကိစ္စသည် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ တာဝန် သီးခြားမဟုတ်ပါဘူး။ သူ့အပေါ်မှာပဲတည်တာမဟုတ်ပါဘူး။ ပြန်ပြီးကျွန်တော်တို့ လေ့လာသုံးသပ်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့လွှတ်တော်၊ လွှတ်တော်ရဲ့အဓိကတာဝန်က ဥပဒေပြုရေး၊ မဏ္ဍိုင်သုံးရပ်

အချင်းချင်းပြန်လှန်ထိန်းကျောင်းရေးဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့လွှတ်တော်အတွင်းမှာ ပြောနေကြ၊ တင်ပြနေကြစကားရှိပါတယ်။ ဒါဟာဘာလဲ ကော်မတီများသည် လွှတ်တော်ထဲက လွှတ်တော်အငယ်များဖြစ်တဲ့အတွက် ကော်မတီများရဲ့လုပ်ငန်းသည် ဥပဒေပြုရေး၊ သက်ဆိုင်ရာကော်မတီက တာဝန်ထမ်းမယ့်ဥပဒေပြုရေး၊ အဲ့ဒီနည်းတူပဲ အပြန်အလှန်ထိန်းကျောင်းရေး တာဝန်များဟာ ကော်မတီများမှာ ရှိကြတာဖြစ်ပါတယ်။ ဒီလိုပဲတရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေး ချမ်းရေးကော်မတီရဲ့ တာဝန်ပေးထားမှုက ဥပဒေအားလုံးနဲ့သက်ဆိုင်တယ်။ ဥပဒေအားလုံးနဲ့သက်ဆိုင်တဲ့အတွက် ဥပဒေအားလုံးကို လိုက်နာဆောင်ရွက်ကြရမယ့် လွှတ်တော်ပိုင်းဆိုင်ရာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၊ တရားရေးဆိုင်ရာကိစ္စများအတွက်လည်း တာဝန်ရှိတယ်ဆိုတဲ့အနေအထားလည်း ပြောခဲ့ပါတယ်။ အဲ့ဒီနည်းတူပဲ ကျွန်တော်တို့လွှတ်တော်မှာဖွဲ့စည်းထားတဲ့ ပြုပြင်ပြောင်းလဲရေးကော်မတီရှိပါတယ်။ ဒီကော်မတီမှာလည်း သီးခြားဥပဒေမရှိဘဲနဲ့ ဥပဒေအားလုံးနဲ့သက်ဆိုင်တယ်။ သက်ဆိုင်တဲ့အတွက် ဒီဥပဒေအားလုံးကိုပဲ လေ့လာသုံးသပ်ပြီးတော့ လိုရင်ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့၊ အသစ်ပြဋ္ဌာန်းဖို့တာဝန်ရှိတယ်။ ဝိုင်းဝန်းကူညီဆောင်ရွက်ပါဆိုပြီးတော့ ဒီလိုတာဝန်ပေးထားတာရှိတယ်။ ဒါ့ကြောင့် ဒီနေ့တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့တင်ပြချက်သည် သူတို့တွေ့ရှိ၊ လုပ်ဆောင်တွေ့ရှိဆောင်ရွက်ချက်များကို တင်ပြခြင်းဖြစ်ပြီးတော့ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် မည်သူတွေမှာတာဝန်ရှိသလဲဆိုရင် သက်ဆိုင်ရာကော်မတီအသီးသီးမှာလည်းတာဝန်ရှိသလို ကျွန်တော်တို့ လွှတ်တော်ကြီးမှာလည်းတာဝန်ရှိတယ်။ အဲ့ဒီနည်းတူပဲ ဥပဒေပြုရေးတာဝန်၊ အုပ်ချုပ်ရေးတာဝန်၊ တရားစီရင်ရေးတာဝန်ရှိကြတဲ့ မဏ္ဍိုင်ကြီးသုံးရပ်အပြင် ပြည်သူများအားလုံးမှာလည်းတာဝန်ရှိပါတယ်။

ဒါ့ကြောင့်မို့လို့ ဒီလိုခက်ခဲကျယ်ပြန့်နက်နဲတဲ့ကိစ္စကို ဆောင်ရွက်တဲ့နေရာမှာ အင်မတန်မှ သတိထားဖို့လိုသလို၊ အင်မတန်မှ ဝီရိယထားဖို့လည်းလိုပါတယ်။ ပြောတာလွယ်ပါတယ်။ လုပ်တာခက်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးသွားတဲ့ ဆွေးနွေးချက်တွေမှာ Mindset တွေပြောင်းဖို့။ ဒီ့အပြင် ပြောင်းလဲဖို့လိုအပ်တာလည်းရှိပါတယ်။ Concert တွေပြောင်းဖို့။ Be able အပြုအမူတွေပြောင်းဖို့ များစွာလိုပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့လွှတ်တော်အနေနဲ့ လွှတ်တော်ရဲ့လုပ်ငန်းတာဝန်များကို ဆောင်ရွက်တဲ့နေရာမှာ မိမိတို့ ဘာတွေအခက်အခဲတွေရှိတယ်။ အဲ့ဒီအခက်အခဲတွေကို ဘယ်ပုံဘယ်နည်းနဲ့ ကျော်လွှားနေရတယ်ဆိုတာ ပြန်ကြည့်မယ်ဆိုလို့ရှိရင် သက်ဆိုင်ရာကော်မတီအသီးသီးရဲ့ အခက်အခဲတွေလည်းများစွာရှိနေတာ တွေ့ရမှာဖြစ်ပါတယ်။ ကော်မတီတစ်ခုတည်းမဟုတ်ပါဘူး။ အဲ့ဒါတွေကိုကျော်လွှားနိုင်ဖို့ မိမိတို့ရဲ့ Political will နိုင်ငံရေးခံယူချက်များအပြင်

မိမိတို့ရဲ့ အခြားခံယူချက်များနဲ့ ဆောင်ရွက်မှုရမယ့်ကိစ္စဖြစ်တဲ့အတွက် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖြစ်ပေါ်ရေးဟာ ဒီကော်မတီတစ်ခုတည်းမှာ ပစ်ထားပုံထားလို့မရဘူးဆိုတဲ့ အသိနဲ့ မိမိတို့အားလုံးပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲ့ဒီအတိုင်းပဲ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တရားဥပဒေစိုးမိုးရေးရှိဖို့ဆိုလို့ရှိရင် ကျွန်တော်တင်ပြခဲ့တာရှိပါတယ်။ မိမိတို့နိုင်ငံမှာ ကျင့်သုံးဖို့အတွက်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေဟာ တရားမျှတမှုရှိပြီး အများပြည်သူလိုက်နာနိုင်တဲ့ အများပြည်သူကောင်းကျိုးပြုနိုင်တဲ့ဥပဒေတွေဖြစ်ဖို့လိုပါတယ်။ အဲ့ဒီဥပဒေတွေမရှိဘဲနဲ့ စပြီးတော့ဆောင်ရွက်တဲ့နေရာမှာ Rule of Law ခေါ်တဲ့ တရားဥပဒေစိုးမိုးရေး အဲ့ဒါမရှိဘူးဆိုရင်တည်ငြိမ်အေးချမ်းမှုလည်းမဖြစ်နိုင်ပါဘူး။ ဒါ့ကြောင့်မို့လို့ မိမိတို့ပြဋ္ဌာန်းရမယ့် မိမိတို့မှာတာဝန်ရှိတဲ့ဥပဒေတွေဟာ နိုင်ငံနှင့်နိုင်ငံသားအကျိုးစီးပွားအတွက် အမှန်ဖြစ်စေလား။ အမှန်တကယ်လိုက်နာတဲ့ ဥပဒေတွေဖြစ်သလား။ တရားမျှတမှုရှိလား ဒီကနေစပြီးတဲ့အခါမှာ ဒီလိုဥပဒေမျိုးတွေဖြစ်ပြီးတဲ့နောက်ပိုင်းမှာ သက်ဆိုင်ရာဥပဒေများကိုကျင့်သုံးရမယ့်အဖွဲ့အစည်းအသီးသီးကလည်း ဥပဒေကပြဋ္ဌာန်းတဲ့အတိုင်း ဆောင်ရွက်နိုင်ဖို့လိုပါတယ်။ အဲ့ဒီလိုဆောင်ရွက်နိုင်ဖို့ဆိုလို့ရှိရင် အဲ့ဒီအဖွဲ့အစည်းတွေမှာ ဆောင်ရွက်နိုင်မယ့်၊ ဆောင်ရွက်နိုင်စွမ်းရှိတဲ့ လူပုဂ္ဂိုလ်တွေ၊ အထောက်အကူပစ္စည်းတွေ ပံ့ပိုးမှုလည်းလိုမှာဖြစ်ပါတယ်။

ဒါ့ကြောင့်မို့လို့အင်မတန်ခက်ခဲတဲ့ကိစ္စကို မိမိတို့ဆောင်ရွက်တဲ့နေရာမှာ ခက်လို့မလုပ်ဘူးဆိုလို့ရှိရင်လည်း မိမိတို့တာဝန်ကျေမှာမဟုတ်ပါဘူး။ ခက်တယ် လုပ်တယ်။ ဖြစ်ကတတ်ဆန်း လုပ်ရင်လည်းမဖြစ်ပါဘူး။ ခက်တယ် လုပ်တယ်။ လုပ်လို့ရှိရင် သူများမုန်းမယ်။ သူများအမြင်ကတ်မယ်။ ဒီဟာကိုကြောက်လို့မလုပ်ဘူးဆိုလို့ရှိရင်လည်း မိမိတို့လွှတ်တော်ကိုယ်စားလှယ်တာဝန်ကျေမှာ မဟုတ်ပါဘူး။ ဒါ့ကြောင့် မိမိတို့လွှတ်တော်က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်က စတင် ပြီးတော့ပြဋ္ဌာန်းလိုက်တဲ့ ဒီနေ့အငြင်းပွားနေတဲ့ အဂတိတိုက်ဖျက်ရေးဥပဒေ မိမိတို့လွှတ်တော်က စပြောလိုက်တဲ့အခါမှာ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေ ဒီကိစ္စနဲ့ပတ်သက်လို့ ရဲ့ဝံ့စွာဆောင်ရွက်ပေးမယ်လို့ တချို့တချို့က ဒီပေါ်မူတည်ပြီးတော့ အမျိုးမျိုးတွေ ဝေဖန်ပြောဆိုတိုက်ခိုက်မှုတွေရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော် ဒီမှာတင်ပြချင်တာက ဒီနေ့တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီက တင်ပြတဲ့အစီရင်ခံစာကို ပြင်ဆင်ရေးသားခွင့်မရှိပါဘူး။ လွှတ်တော်ကပဲ အတည်ပြုဖို့ပဲရှိပါတယ်။ အတည်ပြုဖို့ပဲရှိပါတယ်။ ဥပဒေ၊ နည်းဥပဒေက။ ဒါ့ကြောင့်မို့လို့ ဒီဟာနဲ့ပတ်သက်ပြီးကျွန်တော်ဆက်လက်ဆောင်ရွက်ပါမယ်။ သို့ရာတွင် ဒီနေ့ဥပဒေ ဒါနဲ့ပတ်သက်လို့ အကြံပြုသူများရဲ့အကြံပြုချက် အပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာကော်မတီ၊ ကော်မတီအဖွဲ့ဝင်များက ဒီ့ထက်ထိကောင်းအောင်၊ ဒီ့ထက်ထိပိုပြီးတော့ ပီပြင်အောင်ဆောင်ရွက်သွားဖို့လိုပါတယ်။ ဒီလိုပြောတဲ့

အတွက် ဒီကော်မတီရယ် လို့မဟုတ်ပါဘူး။ ကျန်တဲ့ကော်မတီတွေလည်းပြန်ကြည့်ပါ။ မိမိတို့ကော်မတီတွေက ဘာတွေလုပ်နေလဲ။ မိမိတို့ကော်မတီကရော ဒီလိုအစီရင်ခံသလား။ အစီရင်ခံတဲ့အခါမှာရော ဘယ်လောက်အတိုင်း အတာအထိ အစီရင်ခံရတယ်။ ဒါတွေလည်း ပြန်လေ့လာသင့်တယ်။ ဆိုလိုတာက ဘာလဲဆိုရင် မိမိတို့မှာ ကိုယ်စီကိုယ်စီတာဝန်တွေရှိတယ်။ ကိုယ်စီကိုယ်စီတာဝန်တွေကျေအောင်လုပ်မှ ပြည်သူ့ ကိုယ်စားလှယ်တွေဖြစ်မယ်။ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်မှ တကယ့်အမှန်တကယ် ပြည်သူ့ ကိုယ်စားလှယ်ဖြစ်မှ တာဝန်တွေကျေမယ်ဆိုတဲ့ အသိလည်းဆောင်ရွက်ဖို့လိုပါတယ်။

ဒါ့ကြောင့်မို့လို့ ဒီနေ့ဆွေး နွေးချက်အပေါ် မူတည်ပြီးတော့ အချိန်ရတယ်ဆိုရင် ပြန်လည်ဆွေး နွေးပေးနိုင်ဖို့ သက်ဆိုင်ရာအမိက ကျတဲ့ ဌာနကြီး ၃ ခုလည်းဖိတ်ထားပါတယ်။ တကယ်တမ်းကျတော့ တရားဥပဒေစိုးမိုးရေးဆိုတာ ဒီဌာနတစ်ခုတည်းနဲ့မဟုတ်ပါဘူး။ မိမိတို့နိုင်ငံမှာ ထုတ်ပြန်ထားတဲ့ဥပဒေတွေ၊ တည်ဆဲဥပဒေတွေကို တည်ဆဲဥပဒေတွေအတိုင်း လိုက်နာကျင့်သုံးနိုင်မှသာလျှင် တရားဥပဒေစိုးမိုးမှုဖြစ်မှာဖြစ်တဲ့အတွက် အင်မတန်မှကျယ်ပြန့်တဲ့ကိစ္စကို ဒီနေ့ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအတွက် များစွာဗဟုတရပြီးတော့ များစွာအကျိုးပြုပြီးတော့ တရားဥပဒေစိုးမိုးရေးသည် မိမိတို့မှာတာဝန်ရှိတယ်။ မိမိတို့လွှတ်တော်မှာလည်း နိုင်ငံနှင့်နိုင်ငံသားများ အကျိုးစီးပွားကိုဖြစ်ထွန်းစေသော ဥပဒေများဖြစ်လို့ တရားမျှတသောဥပဒေများဖြစ်ပြီးတော့ အများပြည်သူ လိုက်နာနိုင်သော ဥပဒေများဖြစ်ရေးအတွက် ပြဋ္ဌာန်းပေးဖို့က စတင်တာဝန်ရှိတယ်ဆိုတာနားလည်ပြီး ဆက်လက်ဆောင်ရွက်သွားကြပါလို့ ကျွန်တော်လွှတ်တော်ကို တင်ပြချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုရန်အဆိုတင်သွင်းဖို့ အဆိုတင်သွင်းမယ့်ပုဂ္ဂိုလ်အားဖိတ်ခေါ်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်(ဥက္ကဋ္ဌ၊ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ဥက္ကဋ္ဌနှင့် အခြားကိုယ်စားလှယ်များကို ကျွန်မတို့ရဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာနှင့်ပတ်သက်လို့ အကြံပြုချက်တွေ၊ သုံးသပ်ချက်တွေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ စကားအနည်းငယ်ပြောချင်ပါတယ်။ ကျွန်မတို့ အခုဒီသုံးသပ်ချက်တွေကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် အမျိုးအစား ၄ ခုခွဲလို့ရမယ်လို့ထင်ပါတယ်။ တစ်ခုကတော့ တရားဥပဒေစိုးမိုးရေးရဲ့ သဘောသဘာဝနှင့် ပတ်သက်ပါတယ်။ နောက်တစ်ခုကတော့ ကော်မတီများရဲ့လုပ်ငန်းများရဲ့ သဘောသဘာဝနှင့်ပတ်သက်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်မတို့ကော်မတီရဲ့ ဆောင်ရွက်ချက်များနှင့်ပတ်သက်ပါတယ်။ နောက်ဆုံးတစ်

ခုကတော့ အစီရင်ခံစာရဲ့ ပုံသဏ္ဌာန်နှင့်ပတ်သက်ပါတယ်။ အဲ့ဒီတော့ အားလုံးမှာအရေးကြီးဆုံးက တော့ တရားဥပဒေစိုးမိုးရေးရဲ့ သဘောသဘာဝပါပဲ။ အဲ့ဒီကိစ္စဟာလည်း ဥက္ကဋ္ဌကြီးမိန့်ကြားသွားတဲ့ အတိုင်းပဲ အင်မတန်မှလည်းလေးနက်ပါတယ်။ အင်မတန်မှလည်းကျယ်ပြန့်ပါတယ်။ ဒီကိစ္စကို ကျွန်မ တို့ရဲ့ကော်မတီကလည်း ဆက်ပြီးတော့ လေ့လာသုံးသပ်သွားရမှာဖြစ်ပါတယ်။ ကော်မတီများရဲ့ သဘောသဘာဝဆိုတာလည်း ဥက္ကဋ္ဌကြီးမိန့်ကြားသွားတဲ့အတိုင်းပဲ ကော်မတီတွေကဘယ်လောက် လောက်ထိလုပ်နိုင်တယ်။ ဘယ်လိုပုံစံနဲ့လုပ်နိုင်တယ်ဆိုတာကို ကျွန်မတို့က အဲ့ဒီဟာကိုလည်း လေ့လာ ဖို့လိုပါတယ်။ ကော်မတီတွေရဲ့ ဆောင်ရွက်ချက်နဲ့ပတ်သက်လို့ဆိုလို့ရှိလို့ရှိရင် ကျွန်မတို့ကော်မတီဟာ ဘယ်လောက်ထိလုပ်နိုင်လဲဆိုတာလည်း အကန့်အသတ်ရှိပါတယ်။ ကျွန်မတို့အနေနဲ့တော့ အတတ်နိုင် ဆုံးကြိုးစားခဲ့ပါတယ်။ သို့သော်ငြားလည်း အများကြီးထပ်ပြီးတော့ လုပ်ဖို့လိုပါသေးတယ်ဆိုတာလည်း ကျွန်မတို့အသိအမှတ်ပြုပါတယ်။ နောက်ဆုံးကတော့ ဒီအစီရင်ခံစာကို တင်ပြပုံနဲ့ပတ်သက်လို့ တချို့ ကနေပြီးတော့ အသေးစိတ်ပိုပြီးတော့ တင်ပြစေချင်တဲ့ဆန္ဒရှိတယ်ဆိုတာ ကျွန်မသတိပြုမိပါတယ်။

ဒီတော့ ဒီဟာကလည်း ကျွန်မတို့ဟာ ချင့်ချိန်ရမှာဖြစ်ပါတယ်။ ဘယ်လောက်အသေးစိတ်တင်ပြ နိုင်မှာလဲဆိုတာဟာ ကိစ္စအများကြီးပေါ်မှာတည်ပါတယ်။ ဥပမာဆိုလို့ရှိလို့ရှိရင် တရားရုံးတွေမှာ ကျွန်မတို့သွားပြီးတော့ ကြည့်တဲ့အခါကြလို့ရှိရင် တရားရုံးကို မထိမဲ့မြင်ပြုမယ့် ပုံသဏ္ဌာန်မျိုးဖြစ်တဲ့ အပြောအဆိုတွေ ကျွန်မတို့ထည့်ပြီးတော့ ပြောလို့မရပါဘူး။ ကျွန်မတို့ရဲ့ အစီရင်ခံစာထဲမှာ။ နောက်ပြီး တော့လည်း တချို့ကိစ္စတွေ ဥပမာဆိုလို့ရှိရင် တရားသူကြီးများနှင့်ဆွေးနွေးတဲ့အခါမှာဆိုလို့ရှိရင် အချို့တရားသူကြီးများကို ပွင့်ပွင့်လင်းလင်းဘယ်လိုပြဿနာတွေရှိတယ်ဆိုတာကို တင်ပြတာကို ကျွန်မ တို့အသေးစိတ်ပြန်ပြီးတော့ တင်ပြလို့ရှိရင် ဒီတရားသူကြီးတွေအနေနဲ့ စိုးရိမ်ပူပန်မှုတွေရှိနိုင်တယ်။ နောင်ဆိုလို့ရှိရင်လည်း ကျွန်မတို့အနေနဲ့ ဆွေးနွေးတဲ့အခါကျရင် ပွင့်ပွင့်လင်းလင်းမဆွေးနွေးရဲမှာ ဖြစ်သွားမှာကိုလည်း ဒါကိုကျွန်မတို့ကနေပြီးတော့ သုံးသပ်ရမှာဖြစ်ပါတယ်။ သို့သော်ငြားလည်း အပြု သဘောဆောင်တဲ့အကြံပြုချက်တွေဖြစ်တာကြောင့်မို့လို့ ကျွန်မတို့က အားလုံးကိုခြုံငုံသုံးသပ်ပြီးတော့ နောင်အစီရင်ခံစာတွေမှာ တတ်နိုင်သလောက်တော့ အများကျေနပ်လောက်အောင်တော့ ကျွန်မ တို့ကြိုးစားသွားပါ့မယ်။ သို့သော်လည်း အဓိကအားဖြင့်တော့ ကျွန်မတို့ ဒီအစီရင်ခံစာဟာ ဖတ်တဲ့ သူတွေကျေနပ်အောင်လို့မဟုတ်ဘဲနဲ့ တရားဥပဒေစိုးမိုးရေးကို တကယ်ပဲအထောက်အကူဖြစ်အောင် လို့လုပ်ရမယ်ဆိုတာလည်း ကျွန်မတို့သဘောပေါက်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်မတို့ကော်မတီအနေ နဲ့ ဆက်လက်ပြီးတော့ ပိုမိုပြီးတော့ အလုပ်ကိုလည်းထိရောက်အောင်လုပ်ဖို့ကြိုးစားပါ့မယ်။ ကော်မတီ ရဲ့လုပ်ပိုင်ခွင့်တွေကိုလည်း တတ်နိုင်သမျှလွှတ်တော်ကနေပြီးတော့ ဝိုင်းဝန်းပြီးတော့ ကူညီပံ့ပိုးပေးဖို့

လိုသလို အုပ်ချုပ်ရေးပိုင်းဆိုင်ရာကလည်း ကူညီပံ့ပိုးပေးဖို့လိုပါတယ်။ ကျွန်မတို့ရဲ့တွေ့ရှိချက်တွေမှာ ကြည့်လိုက်မယ်ဆိုလို့ရှိရင် ၂၁ ချက်။ ၂၀ မဟုတ်ပါဘူး။ ၂၁ ချက်ပါ။ ၂၁ ချက်ထဲမှာဆိုလို့ရှိရင် ၉ ချက်ဟာ အုပ်ချုပ်ရေးပိုင်းနဲ့ဆိုင်နေတာကိုတွေ့ရပါလိမ့်မယ်။ နောက်ပြီးတော့ ၈ ချက်ကတော့ တရားဥပဒေဘက်နဲ့ တရားစီရင်ရေးပိုင်းနဲ့ဆိုင်တာကိုတွေ့ရပါလိမ့်မယ်။ ၄ ချက်ကတော့ ရဲအဖွဲ့နဲ့ဆိုင်ပါတယ်။ အဲ့ဒီတော့ ဒီဟာတွေအားလုံးသုံးသပ်လိုက်မယ်ဆိုလို့ရှိရင် ကျွန်မတို့ဟာ အဖွဲ့အသီးသီးနဲ့ခွဲခြားပြီးတော့ လုပ်ရတယ်ဆိုတာ ထင်ရှားပါတယ်။ နောက်တက်လာတဲ့စာတွေ၊ ပြည်သူတွေဆီမှစာတွေဟာ တော်တော်များများဟာ တကယ်တော့တရားစီရင်ရေးနှင့်ပတ်သက်ပါတယ်။ အဲ့ဒီတော့ တရားစီရင်ရေးကော်မတီဟာ အခုဒီစာတွေနဲ့ပတ်သက်လို့ ပိုပြီးတော့တာဝန်ရှိတယ်ဆိုတာလည်း တရားစီရင်ရေးကော်မတီရဲ့အမည်ကိုပြောင်းခြင်းအားဖြင့် ဒါကိုလွှတ်တော်က အသိအမှတ်ပြုတယ်လို့ ကျွန်မတို့ဒီလိုပဲယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရားစီရင်ရေးကော်မတီမှာဆိုလို့ရှိရင် အသနားခံစာများနှင့်တိုင်စာများကိုပါတာဝန်ယူတဲ့ကော်မတီအဖြစ်နဲ့ တရားဝင်နာမည်ပါပြောင်းပြီးတော့ အသိအမှတ်ပြုလိုက်ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ဟာ တရားဥပဒေစိုးမိုးရေးအတွက်လုပ်နေတဲ့အခါမှာ တစ်ချိန်လုံးဟာ တရားစီရင်ရေးနဲ့ပတ်သက်တဲ့အလုပ်တွေပဲလုပ်နေတာ မဟုတ်ပါဘူးဆိုတာကိုလည်း ကျွန်မတို့ရှင်းရှင်းလင်းလင်း အများကိုသိစေချင်ပါတယ်။ ဘာပဲပြောပြော တရားဥပဒေစိုးမိုးရေးနှင်ပတ်သက်လို့ဆိုလို့ရှိရင် ကျွန်မတို့ တစ်နိုင်ငံလုံး လုပ်စရာတွေအများကြီးရှိပါတယ်။ ဒီကော်မတီရဲ့တစ်နှစ်စာကာလအလုပ်ဟာ ဘယ်လိုမှမလုံလောက်နိုင်ပါဘူးဆိုတာ ကျွန်မတို့အသိအမှတ်ပြုပါတယ်။ ဒါ့ကြောင့်မို့လို့ဆက်လက်ပြီးတော့လည်း ပိုပြီးတော့တရားဥပဒေစိုးမိုးရေးကို ထိထိရောက်ရောက်လုပ်နိုင်ဖို့အတွက် ကျွန်မတို့ကြိုးစားသွားပါ့မယ်။ အခုအချိန်မှာတော့ ကျွန်မအနေနဲ့ ကျွန်မတို့ရဲ့တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ တင်သွင်းလိုက်တဲ့ အစီရင်ခံစာကို လက်ခံပါရန် ဥက္ကဋ္ဌကြီးကမှတစ်ဆင့် လေးစားစွာတောင်းခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားရယူမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၁) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းနဲ့ အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို နေ့လယ် ၁၃း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]